


Scanned by CamScanner

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၈၁၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၃၃၁၀၃၀၇

❐

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ မေလ
အုပ်ရေ ၅၀၀

❐

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

❐

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိင်္ဂီးမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

❐

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

တန်ဖိုး ၁၀၀ ကျပ်

❐

ကွန်ပျူတာ
**Dream City**

# ချစ်တေးသီ
# ပုလဲသီ

Book Sharing

Scanned by CamScanner

ငှက်ကလေးတွေတောင် ချစ်တတ်လို့ နေ့စဉ် နေ့တိုင်း ချစ်တေးတွေ သီဆိုနေတဲ့အချိန်မှာ ကိုယ်တို့နှစ်ယောက်က ဘာကြောင့် အမုန်းတွေနဲ့ ပူလောင်နေရမှာလဲ။

လာကွယ်...

ကိုယ်တို့လည်း ချစ်တေးသီကြမယ်။

Scanned by CamScanner

# အခန်း (၁)

မနက်အစောကြီး အိပ်ရာက ထလာခဲ့ရလို့ မှုန်နှောက်ရှိဝေနေတဲ့ မေခတ္တာက လေယာဉ်ပေါ်ရောက်လို့ ကိုယ့်ထိုင်ခုံမှာ ကိုယ်ထိုင်ပြီးတာနဲ့ မျက်လုံးလေး စုံမှိတ်လို့ အိပ်ဖို့ပြင်ဆင်လိုက်တော့တာ။

တကယ်ပါပဲ တာက အစားထက် အအိပ်ကို စုံမက်တဲ့ သူဆိုတော့ အိပ်ရေးတစ်ခါလောက်များ ပျက်မိရင် အိပ်ရေးဝဖို့ အတော်ကို ခဲယဉ်းတာ ဖြစ်သည်။ ဘယ်လောက်ပဲ ပြန်အိပ်အိပ် ပုံမှန်အတိုင်း မဖြစ်တော့သလိုမျိုးကြီး ခံစားရတော့တာ။

ဒါကြောင့်ပဲ အိမ်က မိသားစုဝင်တွေအားလုံးက တာ အိပ်ရေးပျက်အောင် လုပ်ဖို့ဆို တကယ် ရှောင်ကြသည်။



Scanned by CamScanner

"အမယ်လေးတော်... မိခက္ကာ အိပ်နေရင် သွားမရှုပ်ကြပါနဲ့၊ တော်ကြာ အိပ်ရေးပျက်တယ်ဆိုပြီး လေးငါးဆယ်ရက် အိပ်လို့မပြီးဘူး ဖြစ်နေလိမ့်မယ်"လို့ ပြောကြသည်။

"မိခက္ကာက မြွေဝင်စားပဲ ဖြစ်ရမယ်၊ အင်မတန် အအိပ်မက်တဲ့ မိန်းမ၊ သေးသေးလေးကတည်းက နို့တိုက်ရင် အတင်းနှိုးပြီး တိုက်ရတာ"လို့ မာမိကလည်း ပြောသည်။

"မေခက္ကာလား အိမ်နားမှာ မီးလန့်တုန်းကတောင် အိပ်ရာကထတာ မဟုတ်ဘူး၊ ဟဲ့... မီးလောင်နေပြီ၊ ထ... ထလို့ နှိုးတာကို ပြောတယ်လေ၊ လောင်ပစေဟာ အိပ်ရေးပျက်တော့ မခံနိုင်ဘူးတဲ့လေ၊ ဟား... ဟား"လို့ တာ့အစ်ကိုကလည် အိမ်ကို ဧည့်သည်လာတိုင်း ပြောပြောပြီး ရယ်နေတတ်တာ။ အဲဒီလို အအိပ်ကိုခုံမင်တဲ့ တာက လေယာဉ်ကွင်းကို မနက်လေးနာရီအရောက် လာခဲ့ရတာဆိုတော့ ဘယ်လောက် အိပ်ရေးပျက်နေပြီလဲ၊ စဉ်းစားကြည့်ပေါ့။

ဒါကြောင့်ပဲ လေယာဉ်ပေါ်ရောက်တာနဲ့ တာက အိပ်ဖို့ပြင်တာ ဖြစ်သည်။





"အား... ဗိုက်ဆာလိုက်တာဟာ၊ နင့်ဆီမှာ ဘာစားစရာပါလဲ ခက္ကာ၊ သကြားလုံးလေး ဘာပေးပါလား"

မေဆပ်သဖုးက ဆာလွန်းလို့ မေးလိုက်တာ။ ဒါပေမဲ့ ခက္ကာက မျက်လုံးတောင် ဖွင့်မကြည့်ဘဲ လက်ခါပြပြီး ဆက်အိပ်နေသည်။

ဟွန်း... အဲဒီ အအိပ်မက်မကို ဖုး စိတ်တိုတာ၊ နေရာတကာ ရောက်တဲ့နေရာ ရတဲ့အချိန်မှာ အိပ်နေတာကြောင့် ပေါ့။

ဖုးက အစားသမား။

မအိပ်ဘဲနေ ခိုင်းရင် နေလို့ရသည်။ မစားဘဲတော့ ဘယ်လိုမှ မနေနိုင်ပါ။ အချိန်တိုင်း ပါးစပ်တလှုပ်လှုပ်နဲ့ စားနေရမှ ကျေနပ်တာမို့ ဖုး ကိုဆို ဒယ်ဒီက ဆိတ်မလေးလို့တောင် ခေါ်ရသည်။

ညတစ်ရေးနိုးလည်း ဖုးက အစားထစားသည်။ စားဖို့ဆို ဘယ်လောက်ပဲ ဝေးတဲ့နေရာ ဖြစ်ပါစေ အစားကောင်းဖြစ်ရင် မညည်းမညူ မပျင်းမရိ သွားစားတတ်တာ ဖုးရဲ့ အကျင့်ဖြစ်သည်။

အခုလည်း ဖူး ဗိုက်ဆာနေပြီ။

အိမ်ကနေ မာမီထည့်ပေးလိုက်တဲ့ စားစရာတွေကလည်း လေဆိပ်မှာထိုင်ပြီး လေယာဉ်ပေါ်တက်ရမယ့်အချိန်ကို စောင့်ရင်းနဲ့ စားပစ်လိုက်တာ ကုန်သွားပြီ။ လေဆိပ်ထဲမှာ တစ်ခုခုဝယ်ဖို့တော့ ဝဉ်းစားမိသား။ ခတ္တာကို အဖော်စပ်လို့ မရတာနဲ့ပဲ မဝယ်ဖြစ်တော့တာ။

"လေယာဉ်ပေါ်ရောက်ရင်လဲ မုန့်ကျွေးမှာပါဟာ၊ စိတ်ချ ငါ့အတွက်ရတာပါ၊ နင့်ကိုကျွေးမယ်၊ အခု ငြိမ်ငြိမ်နေပြီး ငါ့ကို မနှောင့်ယှက်နဲ့ ငါ ခဏလေး မှေးမလို့"လို့ ပြောပြီး ခတ္တာက ဖူး မုန့်မဝယ်ဖြစ်အောင် ဖျက်ခဲ့တာ။

ခုလည်းကြည့် လေယာဉ်တောင် မတက်သေးဘူး ခတ္တာက အိပ်ပို့လုပ်နေပြီ။ ဖူးက အိတ်ထဲမှာ သကြားလုံးလေး ဘာလေးများ ရှိမလားလို့ လှန်လှောရှာဖွေကြည့်မိသည်။

သကြားလုံးလေး တစ်လုံးတောင်မရှိ။ လေယာဉ်ကြီးက ပြေးလမ်းပေါ်မှာ စတင်ပြီး ပြေးလေပြီ။ ခတ္တာကတော့ လက်နှစ်ဖက် တင်းတင်းပိုက်ပြီး ဇိမ်ကျနေတော့တာ။





"ခတ္တာ"

တစ်ခွန်းခေါ်လည်း မလှုပ်။

"ဟဲ့... ခတ္တာ"

နှစ်ခါခေါ်တော့လဲ မထူးပြန်ပါ။ စိတ်တိုတိုနဲ့ ဖူးက ခတ္တာကို တံတောင်နဲ့ တွတ်ပစ်လိုက်တော့တာ။ ဒီတော့မှပဲ ခတ္တာက ထူးတော့သည်။

"ဘာလဲဟာ ဘာဖြစ်နေတာလဲ"

"လုပ်ပါဟာ နင့်အိတ်ထဲမှာ စားစရာ ဘာပါလဲ ကြည့်ပေးစမ်းပါ၊ ငါ ဆာလို့"

ဒီတော့ ခတ္တာက မျက်လုံးမဖွင့်ဘဲ ဆောင့်ဆောင့်အောင့်အောင့်နဲ့ စလင်းဘက် အိတ်ကလေးကို လှမ်းပေးတော့သည်။

"ရော့... ရှာစား၊ တွေ့သမျှ အကုန်စား၊ နောက်တစ်ခါ ငါ့ကို နှောင့်ယှက်လို့ကတော့ လုံးဝသည်းမခံဘူး၊ ဒါပဲ"

လေယာဉ်ကြီး မိုးကောင်းကင်ပေါ်ကို တရှိန်ထိုး ထိုးတက်သွားတဲ့အချိန်မှို့ ဘေးပတ်ဝန်းကျင်က လူတွေက ဖူးတို့ဆီအားရုံမရောက်နိုင်ကြတာပဲ တော်သေးသည်။

နို့ပို့ဆိုရင်တော့လား စန္ဒာရဲ့ အသံကျယ်ကျယ်ကြောင့် တော်တော်အရှက်ရမှာ၊ ဖူးက စန္ဒာမမြင်နိုင်တာကို သိသိကြီး နဲ့ပဲ မျက်စောင်းထိုးပစ်လိုက်မိတော့တာ။

ဟွန်း... ခုမှ စရုံအစပဲ ရှိသေးတယ်၊ ခုပဲ အမြင်ကတ်စရာ တွေ ဖြစ်ကုန်ပြီ။

ဖူးဆိုတဲ့ မေဆပ်သဖူးနဲ့ တာဆိုတဲ့ မေစန္ဒာက အသက် တစ်နှစ်ပဲကွာတဲ့ အထက်အောက် ညီအစ်မ ဖြစ်သည်။

သူမတို့အထက်မှာ အစ်ကိုသုံးယောက် ရှိသည်။ ဒယ်ဒီနဲ့ မာမီက သားတွေချည်း သုံးယောက်မွေးပြီးမှ သမီးမိန်းကလေး လိုချင်လွန်းလို့ သူတွေ အခါခါတောင်းပြီး ကိုယ်ဝန်ဆောင်ခဲ့ ကြတာ။

မွေးမယ့်မွေးတော့လည်း သမီးက တစ်ယောက်တည်း မဟုတ်၊ မေစန္ဒာ မွေးပြီး မထင်မှတ်ဘဲ မေဆပ်သဖူးကိုပါ တစ်နှစ်ပဲ ခြားပြီး ထပ်မွေးခဲ့တာ။

သမီးနှစ်ယောက်မွေးပြီးမှ စီးပွားရေးက တက်လိုက်တာ ဝက်ဝက်ကွဲ။





သမီးတွေက အတုပ်နဲ့လာတာလို့တောင် မာမီတို့က ပြောကြသည်။

ဒါကြောင့်ပဲ ဖူးတို့နှစ်ယောက်ကိုဆို ဒယ်ဒီနဲ့ မာမီကရော အဘိုးနဲ့အဘွားကရော အစ်ကိုတွေကပါ အလိုလိုက် အကြိုက် ဆောင် ရွှေလိုဥပြီး ထားကြတာ။

ဖူးတို့နှစ်ယောက်ကလည်း ပန်းနာမည်လေးတွေ ပေးထား လို့ပဲလား မသိပါ။ ပန်းကလေးတွေလိုကို လှပနုညက်နေကြတာ ဖြစ်သည်။

နှစ်ယောက်စလုံးရဲ့အလှက လူအများထဲမှာ ရောနှော မနေဘဲ ထင်ရှားပေါ်လွင်နေတဲ့ အလှမျိုး ဖြစ်သည်။

မေစန္ဒာက ပါးလျားပြီး နိုင်ငံခြားက မော်လ်ဒယ်တွေ လို ဆွဲဆောင်မှု အားကောင်းတဲ့အလှကို ပိုင်ဆိုင်ထားသည်။ မေစန္ဒာအသက်က နှစ်ဆယ်။

အစားမက်တဲ့ မေဆပ်သဖူးကတော့ ပြည့်ပြည့်တင်းတင်း လေးနဲ့ ချွဲမက်စဖွယ် လှပသူလေး ဖြစ်သည်။ ဖူးအသက်က တစ်ဆယ့်ကိုးနှစ်။



Book Sharing

Scanned by CamScanner

အခုလည်း သူမတို့ကသာ ကိုယ့်အာရုံနဲ့ကိုယ် ပတ်ဝန်းကျင်ကို သတိမထားမိတာ။ လေယာဉ်ပေါ်က ခရီးသည်တွေအားလုံးကတော့ လေဆိပ်မှာကတည်းက လှလွန်းသွေ ညီအစ်မကို သတိထားမိနေကြတာ ဖြစ်သည်။ သတိမထားဘဲ နေမတဲ့လား။

တချို့ မိန်းကလေးတွေရဲ့အလှက မျက်နှာလေးတစ်ခုတည်းမှာရှိတတ်ပြီး ခကျတော့ လုံးဝမလှတာတွေရှိနေပြန်သည်။

တချို့ကျတော့လည်း ခန္ဓာကိုယ်က အချိုးအစားကျပြီး လှပပါရဲ့ မျက်နှာကျတော့ လုံးဝမလှတာတွေ့ရှိနေပြန်သည်။

တချို့ကလည်း မျက်နှာလေးလည်းအလှသား ခန္ဓာကိုယ်လေးကလဲ လှပသား၊ ဒါပေမဲ့ အဝတ်အစားအနေအထိုင် စမတ်မကျဘဲ ကိုယ်ယို့ကားယား ဖြစ်နေတာတွေလည်းရှိသေးသည်။

ဒီတော့ အပြစ်ကင်းတဲ့ အလှကအတော်ပဲ ရှားပါတာ ဖြစ်သည်။

မှုးတို့ ညီအစ်မနှစ်ယောက်ကတော့ မျက်နှာသွင်ပြင်ရော ကိုယ်လုံးကိုယ်ပေါက်ရော အဝတ်အစားအဆင်အပြင်ရော အားလုံး ပြောစရာမရှိအောင်လှတာ အဆင်ပြေတာမို့ ရှာမှရှာတဲ့ အလှပိုင်





ရှင်မလေးတွေ ဖြစ်နေရတော့တာ။

နှစ်ယောက်စလုံး အသားလေးတွေက ရွှေလိုဝင်းနှစ်နေသည်။ ညီအစ်မဆိုတော့ မျက်နှာပေါက်ချင်းကလည်း အတော်ပဲဆင်သည်။

စင်ရော်တောင်မျက်ခုံးနက်နက်လေးရယ်၊ မျက်တောင်ကော့ကြီးတွေ ဝန်းရံထားတဲ့ မျက်ဝန်းလှလှလေးရယ်၊ နှာခေါင်းစွန်းချွန်လေးရယ်က ကြည့်လိုက်တာနဲ့ ညီအစ်မမှန်း တန်းခနဲ သိလောက်အောင် တူသည်။

နှုတ်ခမ်းမှာတော့ "တာ"က နှုတ်ခမ်းပါးလေး ဖြစ်ပြီး "မှုး" ကတော့ နှုတ်ခမ်းထူထူမှူးမှူးလေး ဖြစ်နေတာမို့ ကွဲပြားသွားရတော့သည်။

အခု ဦးလေးတို့နှစ်ယောက်သွားကြမှာက ဒယ်ဒီအလုပ်လုပ်နေတဲ့ ကျွန်းကို ဖြစ်သည်။

ဒယ်ဒီက အဆောက်အအုံ ကန်ထရိုက်တာ ဖြစ်သည်။ လက်ရှိ ဒယ်ဒီလက်ခံထားတဲ့အလုပ်က အပန်းဖြေစခန်း ဆောက်တဲ့လုပ်ငန်းဖြစ်သည်။ နေရာကတော့ မြိတ်ကျွန်းစုတွေထဲက



Scanned by CamScanner

ကျွန်းလေးတစ်ကျွန်းမှာ ဖြစ်သည်။

ဒယ်ဒီရှိနေတဲ့ ကျွန်းကလေးက ကော့သောင်းမြို့နဲ့ ပိုနီးတာမို့ "ဖူး" တို့က လေယာဉ်နဲ့ ကော့သောင်ကို အရင်သွားရမှာ ကော့သောင်းနေမှ အပန်းဖြေစခန်းရှိရာ ကျွန်းကလေးဆီသို့ ရေလမ်းခရီးနဲ့ တစ်ဆင့် သွားရမှာဖြစ်သည်။

အခု ဖူးတို့စီးလာတဲ့ လေယာဉ်က ကော့သောင်းမြို့ဆီသို့ ဦးတည်ပျံသန်းနေပြီ။ ကော့သောင်းကို တိုက်ရိုက်ပျံသန်းမှာတော့ မဟုတ်ပါ။ မြိတ်မှာ ခဏဆင်းဦးမှာ ဖြစ်သည်။

"ဖူး" ကတော့ လောလောဆယ်မှာ ဗိုက်ဆာနေတာပဲ သိတာမို့ ခရီးသွားရဲ့ အိတ်ထဲမှာပဲ မွှေနှောက်ရှာရတော့တာ။

သကြားလုံးလေး တစ်လုံးရှာလို့တွေ့တော့ ဖူးက ဝမ်းသာအားရပဲ သကြားလုံးလေးကိုငုံထားရတော့သည်။

ဖူးက ကော်ဖီသကြားလုံးလေးကို အရသာခံပြီ ငုံထားတဲ့ အချိန်မှာ "တာ" က အိပ်ပျော်ဖို့ကို အပြင်းအထန်ကြိုးစားနေမိသည်။

လေယာဉ်ပေါ်ရောက်တာနဲ့ အားရပါးရအိပ်ပစ်လိုက်ဖို့





စိတ်ကူးထားပေမဲ့ ခုထိ အိပ်မပျော်သေးတာ ဆိုးလှသည်။

စောစောက အိပ်ပျော်ခါနီးမှ ဟိုအစားပုပ်မ လာရှုပ်လို့ "တာ" နိုးသွားခဲ့ရတာ...။

ဆပ်သဖူးတို့ အစားအသောက်စုံမင်ပုံကတော့ အံ့သြရော။ အစကတည်းက ဒယ်ဒီဆီအလည်သွားဖို့ "တာ" ဘာယ်လိုပဲ ခေါ်ခေါ် ခေါင်းချည်းပဲ ခါခဲ့တာ။

"ပင်လယ်လေထိရင် အသားကျွေ မည်းကုန်မှာ"

"ဆားပါတဲ့ လေကမျက်နှာကို စားကုန်ရင် ဝက်ခြံထွက်လာမှာပေါ့"

"လေယာဉ်က ပင်လယ်ပြင်ကို ဖြတ်မောင်းမှာ ကြောက်စရာကြီး" ဆိုတဲ့ စကားတွေကိုပဲ တွင်တွင်ပြောနေခဲ့တာ ဖြစ်သည်။

မာမီကလည်း ညီအစ်မနှစ်ယောက်သွားမှ ခွင့်ပြုမယ်ဆိုတာကြောင့် "တာ" မှာ အကြံရခက်နေရတော့တာ။ အဲ့ဒီအချိန်မှာပဲ ကိုကိုကြီးက ပင်လယ်စာတွေ အရမ်းစားလို့ ကောင်းတဲ့အကြောင်း ပုဇွန်ထုပ်ကြီးတွေ မီးကင်စားတာ ကမာတွေကြော်စားတာ ကဏန်း

ကြီးတွေ ဟင်းချိုချက်စားတာ ငါးကြော်တွေ သရေစာစားတာ အားလုံးကို အားရပါးရလည်း ပြောပြရော အစားမက်တဲ့ဆပ်သဖူးက ချက်ချင်းသွားတော့မယ် ဖြစ်သွားတော့တာ။ အဲဒီလောက် အစားမက်တဲ့ ဆပ်သဖူး အခုလည်း ဆာလို့ တဂျိုဂျိုလုပ်နေတော့တာ။

"ခတ္တာ"

"ဘာလဲ"

"အဟင်...နင်အိပ်ပျော်နေပြီလားလို့ ခေါ်ကြည့်တာ"

"သေမယ် နင်ကြောင့် ငါအိပ်လို့မရတာ" တာကမျက်လုံးမဖွင့်ဘဲ ဆပ်သဖူးကို ကြိမ်းမောင်းနေတာ ဖြစ်သည်။

"ခတ္တာကလဲဟာ ဟိုရောက်မှ အဝအိပ်ပေါ့ အခုမအိပ်ရတော့ရော ဘာဖြစ်သေးလဲ နည်းနည်းပါးပါး မျက်လုံးဖွင့်စမ်းပါဦးဟ"

"တော့်... တော် နင့်ဘာသာနင်နေ ငါ့ကို လာမရှုပ်နဲ့ ဒါပဲ"

"တာ"က ခပ်မာမာလေး ပြောလိုက်တော့မှပဲ "ဆပ်သဖူး"





က ငြိမ်သွားတော့တာ။

အဲဒီအချိန်အထိ "တာ" ကို ရင်ခုန်အောင်ဖမ်းစားမယ့်လူတစ်ယောက် လေယာဉ်ပေါ်မှာ ပါလာတယ်ဆိုတာကို "တာ" လုံးဝမသိခဲ့သေးပါဘူးကွယ်။

* * *

## အခန်း (၂)

"ခတ္တာ... ခတ္တာ"

"ဘာလဲဟာ ဘာဖြစ်ရပြန်ပြီလဲ၊ အိပ်ပျော်နေတာကို လာနှိုးရတယ်လို့ နင်ဟာလေ တော်တော်ကို အလိုက်ကန်းဆိုး မသိတာ"

"လေယာဉ်က မြိတ်ကို ရောက်နေပြီ ခတ္တာရဲ့"

"ရောက်တော့ ဘာဖြစ်လဲ"

"လေယာဉ်ရပ်နေတုန်းမှာ နာမည်ကြီးတဲ့ မြိတ်ကတ်ကြေးကိုက်ဆင်းစာချင်တယ်ဟာနော် ခတ္တာ"

"ဆပ်သမ္ဘူး"က "တာ"ကို ဖျက်နှာချိုလာသွေးနေတော့တာ။ တစ်ရေးလောက်အိပ်ပျော်သွားလို့ စိတ်နည်းနည်း ကြည်လင်





နေတဲ့ "တာ" က ဆပ်သဖူးကို သနားသဖြင့် လိုက်လျောဖို့ စိတ်ကူးတဲ့ အချိန်မှာပဲ တာနားစည်ကို ဂျစ်ကန်ကန် ချိုသြသြ အသံတစ်ခုက လာထိတော့တာ။

"ဟာဗျာ လေယာဉ်ရပ်ထားတာကို ပေးမဆင်းဘူးဆိုတာ တော့ မကောင်းပါဘူးဗျာ"

ကြားရတဲ့ အသံကြောင့် တာ မျက်လုံးတွေက ကျယ်သွားပြီး တာ အာရုံတွေက နိုးကြားသွားရတော့တာ။

"မဟုတ်ပါဘူးရှင် ခရီးသည်က ငါးယောက်ပဲ အတက် အဆင်းလုပ်မှာမို့ အချိန်အများကြီး မပေးနိုင်လို့ပါ"

လေယာဉ်မယ်လေးရဲ့ စိတ်ရှည်ချိုသာတဲ့ အသံကိုလည်း ကြားနေရသည်။ အသံက "တာ" တို့နောက်ဘက်က လာတာမို့ တာက အသာလေးပဲ စောင်းငဲ့ကြည့်လိုက်မိတော့သည်။

တာ့ ဘဝမှာ သူစိမ်းယောကျ်ားတစ်ယောက်ကို စိတ်ဝင်တစားကြည့်မိတာ ပထမဦးဆုံးအကြိမ်ပါပဲ။ တာကြည့်လိုက်တော့ဖြောင့်စင်းမည်းနက်နေတဲ့ ဆံပင်ရှည်ရှည်တွေနဲ့ ရင်ခုန်တိမ်းမူးဖွယ် ယောကျ်ားသားတစ်ယောက်ရဲ့ ပုံရိပ်ကို ဘေးစောင်းအနေ

အထားနဲ့ မြင်တွေ့လိုက်ရလေသည်။

အသားညိုညို အရပ်မြင့်မြင့်မားမား ယောကျ်ားပီသတဲ့ ကိုယ်နေဟန်နဲ့ ကိုလှချောကို မြင်တွေ့လိုက်ရတာနဲ့ တာ့နှလုံးသားလေးက အုံအားသင့်စရာကောင်းလောက်အောင်ကို သွက်သွက်ခါယမ်းသွားရလေတော့တာ။

"ခဏလေးတောင် ပေးမဆင်းဘူးလားဗျာ"

"ဟုတ်ကဲ့၊ ဘယ်သူကိုမှ ပေးမဆင်းပါဘူးရှင်"

"ခဏလေးမှ တကယ်ခဏလေးပဲ ဆိုရင်ကောဗျာ ကျွန်တော့်ကို မယုံရင် ခင်ဗျား လိုက်စောင့်ကြည့်လေ အဟွန်းဟွန်း"

ကိုလှချောက လေယာဉ်မယ်လေးကို အီစီကလီလုပ်နေတော့ ဘာမှလဲမဆိုင်ဘဲ တာ့မှာ ကျွဲမြီးတိုနေရပြန်သည်။

အရေးထဲမှာ မဆေပ်သဖူကလဲ့ တစ်မှောင့်။

"ဟင်... အောက်ပေးမဆင်းဘူးတဲ့ ခတ္တာ ဘယ်လိုလုပ်ရမလဲဟင်"

"တာ"က ဆပ်သဖူးကို အသာလေးပဲ မျက်စိမှိတ်ပြ





လိုက်ပြီး တာကိုယ်တိုင်ကတော့ ထိုင်ခုံကနေထရပ်ပြီး ကိုလှချောနဲ့ လေယာဉ်မယ်မမတို့ရဲ့ စကားဝိုင်းထဲကို လှမ်းဝင်လိုက်တော့တာ။

"ခဏလေးပဲ ဆင်းခွင့်ပြုနိုင်မလားဟင် အဝေးကြီးကို မသွားပါဘူး၊ လေဆိပ်စားသောက်ဆိုင်လောက်ပါပဲနော်"

ကိုလှချောက ခုမှပဲ တာကိုမြင်သွားပုံနဲ့ တအံ့တသြ ငေးကြည့်တော့တာ။

တကယ်တော့ "တာ" ကလဲ ကိုလှချော တာကိုတွေ့သွားအောင် သတိထားမိအောင် တမင်တကာဉာဏ်ကစားပြီး စကားဝင်ပြောလိုက်တာ ဖြစ်သည်။

အခု တာကို သူတွေ့သွားပြီ။

ဒါပေမဲ့ တာကတော့ ကိုလှချောကို မတွေ့သလို စိတ်ပဲ မဝင်စားသလို ထားထားလိုက်ပြီး လေယာဉ်မယ်မမနဲ့ပဲ စကားပြောနေလိုက်တော့တာ။

"ညီမလေးရယ် တစ်ယောက်ကို ပေးဆင်းလိုက်ရင် ဆင်းချင်တဲ့သူတွေက များလာလိမ့်မယ်၊ ဒါဆိုရင် အချိန်တွေကြာပြီး ခရီးမင့်မှာပေါ့ကွယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ ဆင်းခွင့်မပေး



Book Sharing

Scanned by CamScanner

တာပါ"

လေယာဉ်မယ်မမက ပြုံးပြုံးလေးရှင်းပြသည်။

"အဟင် ခွင့်မပြုတော့လဲ မဆင်းရရုံပဲပေါ့နော်"

"ဟော...သူက စိတ်လျှော့သွားပေမဲ့ ကျွန်တော့်ကိစ္စက အရမ်းအရေးကြီးနေလို့ ခဏလေးပေးဆင်းပါဗျာ၊ စောစောကသာ ကျွန်တော့်ကို ပေးဆင်းလိုက်ရင် ခုလောက်ဆိုပြန်ရောက်နေပြီဗျ"

ကိုလှချောက လေယာဉ်မမကို ပြောနေရင်းကပဲ တာကိုလဲ မျက်စိတစ်ဖက်မှိတ်ပြလိုက်သေးတာ။ သူ့ပုံစံက တကယ့်ကိုမှ ရဲရဲတင်းတင်း သွက်သွက်လက်လက်ရယ်။

"ပြောရခက်လိုက်တာရှင်"

"မခက်ပါဘူးဗျာ၊ ခဏလေးပဲ ခွင့်ပြုလိုက်ပါ အရမ်းအရေးကြီးလို့ပါ"

"ဒီလောက်တောင်အရေးကြီးနေတာ ဘာကိစ္စမို့လို့လဲ"

"ကျွန်တော့်ရည်းစား စောင့်နေလို့ပါဗျာ။ သူ့ခမျာ ဒီလေယာဉ်နဲ့ ကျွန်တော်ပါလာမယ်ဆိုတာကို သိလို့ ဟိုးမြို့ထဲကနေ လာစောင့်နေရရှာတာပါ။ အဲဒါကို ကျွန်တော်က ခဏလေးတောင်





ဆင်းမတွေ့ဘူးဆိုရင် သူဘယ်လောက်ခံစားရမလဲဗျာ၊ ပြီတော့ လေယာဉ်မယ်မစလှလှလေးက ပေးမဆင်းလို့ ကျွန်တော်မဆင်းရဘူးဆိုတာကို သူသိမှာမဟုတ်ဘူး၊ သူ့ကို ကျွန်တော်က ရက်စက်စိမ်းကားပြီ"

"ကဲ... ကဲ တော်ပါတော့ရှင်၊ အမြန်ဆုံးဆင်းပြီး အမြန်ဆုံးပြန်တက်လာပါ"

လေယာဉ်မယ်မမက ခွင့်ပြုပေးလိုက်ကာနဲ့ ကိုလှချောက တာ့ကို မျက်စိတစ်ဖက်မှိတ်ခနဲ မှိတ်ပြပြီး ခြေလှမ်းကျဲကြီးတွေနဲ့ ဆင်းသွားတော့တာ။

တာ့မှာသာ ရင်ခုန်သံတွေ မြန်ဆန်ပြီး ကျန်ရစ်ခဲ့ရလေ... သည်။

ဂျင်းဘောင်းဘီဝတ်ထားပြီ မြင့်မားတဲ့ အရပ်နဲ့ ... လမ်းလျှောက်ဟန်ကို တာက သတိလက်လွတ်ငေး ကြည့်မိ... ရှသည်။

ရင်ခုန်စိတ်လှုပ်ရှားမိပေမဲ့ ကိုလှချောဆီမှာ ရည်းစားရှိတာပဲ ဆိုတဲ့ အသိနဲ့ တာ့မှာ စိတ်မပျော်ဘဲ ဖြစ်သွားရတော့တာ။

ဒုက္ခပါပဲကွယ်။

"ဒုက္ခပါပဲဟာ"

တာကစိတ်ထဲကနေ ညည်းမိတဲ့အချိန်နဲ့ ဆပ်သဖူးက အသံထွက် ညည်းလိုက်ချိန် ကွက်တိဖြစ်သွားတာမို့ တာက လန့်သွားရသည်။

"ကြည့်ပါဦးဟာ ဟိုလူကိုတော့ ပေးဆင်းတယ် ငါတို့တော့ မဆင်းရဘူး"

တာက ဘာမှမပြောနိုင်ဘဲ မျက်စိတစ်ဆုံးလိုက်ကြည့်နေမိတော့တာ"

"ဟဲ့... ခတ္တာ"

"ဟင်..."

"ဘာကြည့်နေတာလဲဟ..."

တာက ဆပ်သဖူးကို ညာလိုက်မိသည်။

"အဲ့ဒီလူကို မြင်ဖူးသလိုပဲဟာ၊ ဘယ်မှာမြင်ဖူးတာလဲ စဉ်းစားလို့မရဘူး"

"သိနေရင်လဲ နှုတ်ဆက်လိုက်တာမဟုတ်ဘူးဟာ စားစရာ





မှာလိုက်လို့ရတာပေါ့ ခတ္တာရဲ့ နင်ကလဲ တုံးတယ်"

နေရာတကာ စားဖို့သောက်ဖို့လောက်ပဲ စဉ်းစားနေတဲ့ ဆပ်သဖူးက တာကိုအပြစ်တင်နေပြန်သည်။ တာကတော့ ကိုလူချောရဲ့ပုံသဏ္ဌာန်ကိုပဲ ခွဲမက်မြင်ယောင်ရင်း တိတ်ဆိတ်နေမိတော့သည်။

ဆပ်သဖူးကတော့ လေယာဉ်ပေါ်က ဆင်းပြီး တစ်ခုခုမစားရတာကိုပဲ ပွစိပွစိလုပ်နေတော့တာ။ တာကတော့ ကိုလူချောမှာ ရည်းစားရှိတာပဲလို့တွေးပြီး ရင်ထဲမှာခံစားချင်နေရတော့တာ။

ကဲ... တာ့အဖြစ်က ဘယ်လောက်ရယ်စရာကောင်းထားသလဲနော်။

ခတ္တာဆိုတာ ချစ်ချင်သူတွေဝိုင်းဝိုင်းလည်နေကြားထဲက မာနခဲ ပန်းလေးတစ်ပွင့်ပေါ့။ လှပတဲ့ကြားထဲမှာ အသိုင်းအဝိုင်းကလည်းကောင်း၊ မိဘမျိုးရိုးကလည်း ချမ်းသာကြွယ်ဝဆိုတော့ ဘာပြောကောင်းမလဲ သူမလေးက တော်ရုံယောကျ်ားကိုအထင်ကြီးလို့မရခဲ့ပါ။

ဒယ်ဒီကလည်းတော် အင်ကိုသုံးယောက်ကလည်းတော်ကြ

တတ်ကြ ထက်မြက်ကြပြီး ကိုယ်ကျင့်တရားလည်းကောင်းမွန်တာမို့ ကိုယ့်ဒယ်ဒီ ကိုယ့်အစ်ကိုတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်းကပဲ အထင်ကြီးလောက်တဲ့ သူစိမ်းယောကျ်ားကို ရှာမတွေ့တော့ပါ။

ဒါကြောင့် တာ ကကြီးကြီးကျယ်ကျယ်ကောင်မလေးဖြစ်သွားရတော့တာ။ အရွယ်တူကောင်လေးတွေကိုလည်း တာ ရင်မခုန်မိ၊ တာထက်ကြီးတဲ့ ယောကျ်ားတွေကိုလည်း စိတ်မလှုပ်ရှားမိဘဲ၊ အသက်နှစ်ဆယ်ထိ တာကရည်းစားလည်းမထား၊ ရင်လည်းမခုန်တတ်သေးဘဲ အေးဆေးဖြစ်နေခဲ့တာပေါ့။

ဟော... အခုတော့ အမှတ်မထင်ဘဲ တာ ရင်ခုန်မိသွားပြီ။

ကြည့်ပါဦး တကယ်တမ်းရင်ခုန်မိသွားတော့လည်း ဘယ်ကမှန်းလည်းမသိ ဘာမှန်းလည်းမသိ ဘယ်လိုအနေအထားက လူဆိုတာလည်းပဲ မသိတဲ့အပြင် နာမည်တောင်မသိတဲ့လူကိုမှ ရင်ခုန်ရသတဲ့နော်။

ပြီးတော့လည်း အဲ့ဒီလူမှာက ရည်းစားလည်းရှိနေသတဲ့...။ တာ့ကိုယ်တာ ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ပါ။

အို... ခဏတစ်ဖြုတ်စိတ်လှုပ်ရှားသွားတာဖြစ်မှာပါ၊ ဘာမှ





မဟုတ်လောက်ပါဘူးလို့ တာ့ကိုယ်တာ ဖျောင်းဖျပြီး အာရုံပြောင်းပစ်လိုက်ရပြန်သည်။

အလျင်ကဆိုရသမျှ အချိန်မှာ အိပ်ဖို့ပဲ အကွက်ချောင်းနေခဲ့တဲ့ကာ။ အခုတော့ ပျင်းရိဖွယ်အခြေအနေမှာတောင် မအိပ်နိုင်ပဲ လေယာဉ်တံခါးဝဆီကိုပဲ အကြည့်တွေရောက်နေရတော့တာ၊

"ဟွန်း... ငါတို့ကိုတော့ပေးမဆင်းဘူး ခဏလေးပါပြောပြီး ဆင်းသွားတဲ့ လူကြီးကတော့ ခုထိတောင်မလာသေးဘူး"

ဆပ်သမှုး ကလည်း ပွစိပွစိ။

တာ ကနာရီကို မသိမသာလေးကြည့်မိပြန်သည်။

ကိုလူချောရယ်

ရှင်သွားတာ ဆယ်မိနစ်တောင်ရှိပြီကွယ် တကယ်ပဲ ရှင့်ရည်းစားနဲ့သွားတွေ့နေတာလား မဟုတ်ပါနဲ့လို့လည်း တာက ဆုတောင်းနေမိပြန်သေးတာ။

ဘာမှန်းမသိဘဲ တာ ရင်ထဲမှာ ပူလောင်နေရတဲ့အချိန်မှာပဲ လေယာဉ်မယ်မမနှစ်ယောက်ကလည်း ထိတ်ထိတ်ပျာပျာ ဖြစ်နေလေပြီ။



Scanned by CamScanner

"ခဏာလေးပါဆိုလို့ ပေးဆင်းလိုက်တာ"

"အခု ဘယ်လိုလုပ်မလဲ လေယာဉ်ပေါ်မှာ ခရီးသည်တွေစုံနေပြီ"

"ဒုက္ခပါပဲဟယ်"

"ဆင်းရှာခိုင်းမှ ဖြစ်မှာပေါ့"

လေယာဉ်မယ်နှစ်ယောက်က တာတို့အနီးမှာ တိုးတိုးကျိတ်ကျိတ်ပြောနေတာမို့ အတိုင်းသားကြားနေရသည်။

မဆိုမဆိုင် တာကလည်း ရင်တွေပူနေရပြန်တာ။ သူ့ကို မစောင့်ဘဲ လေယာဉ်ကြီးထွက်ခွာသွားရင်လည်း ဒုက္ခ။ ဒါမှမဟုတ် သူကလည်း ရင်တွေပူနေရပြန်မလိုက်တော့ဘဲ သူ့ချစ်သူနဲ့ နေခဲ့ရင် ဘယ်လိုလုပ်မလဲ။

"ဟင်..."

သက်ပြင်းချလိုက်မိပြီးမှ တာက မလုံမလဲနဲ့ ဆပ်သဖူးကို စောင်းငဲ့ကြည့်လိုက်မိသည်။ တာဖြစ်နေတာကို သတိမထားမိလို့တော်ပါသေးရဲ့။





ထိုအချိန်တွင် ခရီးသည်တွေကလည်း ပွစိပွစိဖြစ်လာကြပြီ။ လေယာဉ်ပေါ်က ဝန်ထမ်းတွေလည်းယောက်ယက်ခတ်နေလေပြီ။ တာကိုယ်တိုင်လည်း ငိုချင်နေမိပြီ။

အဲ့ဒီအချိန်ကျတော့မှ တာ့ကို ရင်ခုန်စေနိုင်တဲ့ ဇာတ်လိုက်က လေယာဉ်ပေါ်ကို ခပ်အေးအေးပြန်တက်လာတော့တာ။

တခြားလူတွေကတော့ ဘယ်လိုခံစားရတယ်မသိနိုင်ပါ။ တာကတော့ ကိုလူချောကို မြင်လိုက်တာနဲ့ ဝမ်းသာသွားရသည်။

ကိုလူချောကလည်း တာ့ကိုပဲ လှမ်းကြည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြလိုက်သေးတာ။ ပြီးတော့ တာ့ဆီကိုပဲ တန်းတန်းမတ်မတ်လျှောက်လာပြီး အထုပ်တစ်ထုပ်ကမ်းပေးသည်။

"ရော... ဒါမြိတ်မြို့ရဲ့ နာမည်ကြီး မုန့်ကုလားမဲလေ"

"ကျေးဇူး"

တာက ရည်ရွယ်မထားဘဲ အလှဆုံးပြုံးပြမိသွားတော့ သူက တာ့မျက်နှာကို ခပ်ရဲရဲတစ်ချက်ငေးစိုက်ကြည့်ပြီး လှည့်ထွက်သွားတော့တာ။

သူ့အကြည့်ကြောင့် တာ ရင်ခုန်သံတွေက စည်းချက်မမှန်

တော့ဘဲ ဖြောင်းဆန်ယောက်ယင်္ကါခတ်ကုန်တော့တာ။

ထိမထင်တဲ့ သူ့ဟန်ပန်က တာ့နလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာကို ဝင်ရောက်နေရာယူသွားတော့တာ။

သေချာပါတယ်ကွယ် တာတော့ နာမည်တောင်မသိရသေးတဲ့ ယောကျ်ားတစ်ယောက်ကို ရင်ခုန်မိသွားပါပြီ။

အဲဒီနောက်မှာတော့ တာက ကိုလူချောနဲ့ပြန်တွေ့ရဖို့အတွက် အလေးအနက် ဆုတောင်းမိသွားလေတော့သည်။

• • •



## အခန်း (၃)

ချိုအီဆိမ့်နေတဲ့ မုန့်ကုလားမဲကို အရသာခံစားရင်း ဖူးကခတ္တာကို မသိမသာအကဲ ခတ်နေမိသည်။

ဖြတ်လေယာဉ်ကွင်းကနေ လေယာဉ်ကြီးပျံတက်လာခဲ့ပြီး ခတ္တာက လုံးဝမအိပ်ဘဲ ဒီအတိုင်းငုတ်တုတ်။ ဒါပဲ တော်တော်ထူးဆန်းတာက ခတ္တာရဲ့ အကြည်တွေပဲ ဖြစ်သည်။ ခတ္တာရဲ့ အကြည့်လမ်းကြောင်းက…

ဆံပင်ရှည်ရှည်နဲ့ ဂျင်းဘောင်းဘီကလည်း ဒူးနေရာပေါင်နေရာတွေမှာ တဖင်ဖြဲထားတဲ့ အပြဲတွေနဲ့ ဝါရှပ်တစ်ထည်ကို ဝတ်ဆင်ထားပြီး ကျောပိုးအိတ်တစ်လုံးကို လွယ်ထားသေးတဲ့



Book Sharing

Scanned by CamScanner

လမ်းသရဲလိုလို ဂျစ်ပစီလိုလို လူကြီးဆီကိုပဲရောက်နေတာ ဖူးသိနေသည်။

ဒီလူကြီး ကြည့်ရတာ အသက်အစိတ်သာသာလောက်တော့ရှိလိမ့်မည်။ အသားညိုညို မျက်လုံးစူးစူးတောက်တောက်တွေနဲ့ ယောကျ်ားပီသသလောက် ဖော်တော်လည်းရဲတင်းပြီး တော်တော်မွေ့ရှုပ်မယ့်ပုံဆိုတာ ကြည့်ရုံနဲ့ကို သိသာလွန်းနေတာ။

ဒါကိုများ တာက ဘာဖြစ်လို့ အကြည့်တွေခလုတ်တိုက်နေရတာလည်း ဖူး မစဉ်းစားတတ်တော့ပါ။ လောလောဆယ်တော့ အဲဒီလူကြီးပေးတဲ့ မုန့်ကို ဖူး ကကောင်းကောင်းကြီးစားနေတာမို့ ခွေးကို ဒီအတိုင်းပဲ လွှတ်ထားပေးလိုက်တော့သည်။

ဟော...ကိုဆံရှည်ကြီးက ဖူးတို့အနားကနေ ဖြတ်လျှောက်သွားပြန်ပြီ။ ခွေးမျက်လုံးတွေကလည်း အဲဒီလူကြီးဆီမှာ။ အဲတော့ အဲဒီလူကြီးက ခွေးကို မျက်လုံးတစ်ဖက်မှိတ်ပြပြီ။ အလို ခွေးမျက်နှာလေးကလည်း ပြုံးလို့ပါလား။

ဖူးက ခွေးကို တစေ့တစောင်းကြည့်ရင်း ရယ်ချင်လာမိတော့တာ။





သေချာပါတယ်၊ ခွေးတစ်ခုခုဖြစ်နေပါပြီ။

ဟွန်း... ဖူးသာဆိုရင်တော့ ဒီလောက်အဝတ်အစားရော ဆံပင်ပုံစံရော ရှုပ်ခတ်နေတဲ့ လူကိုသဘောမကျပါဘူး။ ပြီးတော့ ရဲတင်းလိုက်တာကလည်းအလွန် ကြည့်ရတာ မိန်းမတွေနဲ့ပတ်သက်ရင် တော်တော်နှပ်မယ့်ပုံစံမျိုးကြီး။

မြို့တော်လေဆိပ်မှာ လေယာဉ်ပေါ်ကဆင်းသွားတာလည်း ရည်းစားချိန်းတွေ့ဖို့ပါလို့ အတိအလင်း ပြောသွားတာကြီးကို ကြားထားပါရက်နဲ့ ခွေးက ဘာဖြစ်နေရတာလည်း

ဒီလိုမျိုးတော့ လွှတ်မထားနိုင်ပါ။ ဒါကြောင့် ဖူးကအစားကို ခဏရပ်ထားလိုက်ပြီး ခွေးကို အာရုံပြောင်းဖို့ ကြိုးစားကြည့်လိုက်တော့တာ။

"ခွေး"

"ဟင်"

"အိပ်လေဟာ မအိပ်တော့ဘူးလား"

"အဟင် ဧေစောက အိပ်လိုက်တာအိပ်ရေးဝသွားပြီ မအိပ်ချင်တော့ဘူး"



Scanned by CamScanner

ဖူးကို ပြောနေရင်းကပဲ ခက္ကာရဲ့ မျက်လုံးတွေက ကိုဆံရှည်သွားတဲ့ဘက်ကိုပဲ ရောက်နေပြောကာမို့ ဖူးက အသည်းယားလာမိတော့သည်။

"အလိုတော် နင် အိပ်ရေးဝသွားပြီဆိုတော ဒီဘစ်ခါပဲ ကြားဖူးသေးတယ် ခက္ကာ"

"ဟုတ်လား ဒါဆိုရင်လဲ ဒီနေ့ကို ထူးခြားတဲ့နေ့လို့ပဲ မှတ်ထားလိုက်ပေါ့ဟာ အဟင်...ဟင်"

ဖူးက မျက်စောင်းထိုးရုံပဲ တတ်နိုင်တော့တာ။

ခက္ကာကတော့ ရယ်မောပြီ ရွှင်ပျနေသည်။

"ဆပ်သဖူး"

"ပြော"

"တကယ်ပဲ ဒီနေ့အရမ်းထူးဆန်းတဲ့နေ့ ဖြစ်သွားပြီ ပြီးမှနင့်ကို ပြောပြပယ်နော်" ခက္ကာက တိုးတိုးလေးကပ်ပြောတာ။

"အမယ် ငါသိပါတယ်နော် ငါ့ကိုနင်က တွေ့ထင်လို့လား"

ဖူးက ခပ်ငွာငွာလေး ပြန်ပြောလိုက်တော့ ခက္ကာက





ရယ်သည်။

နင် ...ဆိုတာ အပေါ်ယံလောက်ပါဟာ အကုန်လုံးတော့ နင်မသိပ...းနော် အဟင်း...ဟင်း"

ပြောပြောဆိုဆို ခက္ကာက ဖူးရဲ့နှာခေါင်းချွန်ချွန်လေးကို ဆွဲညှစ်လိုက်တော့ ဖူးက အလန့်တကြား အော်လိုက်မိသည်။

"ဟယ် နင့်လက်တွေအေးစက်နေတာပဲ ခက္ကာ"

"ရှူး တိုးတိုး၊ ငါရင်တွေခုန်နေတာ ဆပ်သဖူးရဲ့"

"ဘုရားရေ"

ဒီတော့မှပဲ ဖူးလည်း အထိတ်တလန့် ဖြစ်သွားရတော့တာ။ ဒါပေမဲ့ လေယာဉ်က ကော့သောင်းလေဆိပ်ကို ဆင်းတော့မှာမို့ ဘာမှ ပြောခွင့်မသာတော့ပါ။

ကော့သောင်းလေဆိပ်ကို လေယာဉ်ဆင်းတော့မယ်ဆိုတာနဲ့ တာ့ရင်ခုန်သံတွေက မြန်ဆန်လာရလေတော့သည်။

လေဆိပ်မှာ ဒယ်ဒီပဲ လာကြိုနေမလား ကိုကြီးပဲ လာကြိုနေမှာလား မသိပါ။ ဘယ်သူပဲ လာကြိုနေနေ လေယာဉ်ပေါ်က ဆင်းလိုက်တာနဲ့ ကိုယ်လမ်းကိုယ်သွားရတော့မှာ နောက်ထပ်

တွေ့ရဖို့ မရှိတော့ဘူးဆိုရင် တာ တကယ်ပဲ ကြေကွဲသွားရတော့မှာ ကိုလှချောရဲ့ နာမည်နဲ့ လိပ်စာကို သိရရင်ဘယ်လောက်များ ကောင်းမလဲကွယ်။

တာ ကမိန်းကလေးဆိုတော့လည်း ခက်သားလား။ တာသာ ယောကျ်ားဆိုရင် နာမည်နဲ့ လိပ်စာကို ရအောင်မေးထားလိုက်မိမှာ။

တွေးရင်းနဲ့ တာ က ကိုလှချောကိုလည်း စိတ်တိုလာရပြန်သည်။ ကြည့်ပါဦး တာ့ကို စူးစူးရဲရဲအကြည့်တွေနဲ့ ကြည့်လိုက်၊ တာနဲ့မျက်လုံးချင်းဆုံရင် မျက်စိမှိတ်ပြလိုက်၊ တာ မမြင် မြင်အောင် လမ်းသလားပြလိုက် ဒါပဲ လုပ်နေတော့မှာလား။

ဒီထက်ရှေ့တိုးမလာတော့ဘူးလား ဒီလောက်နဲ့ပဲ တာ ကို ကစားနေတာလား။

ဟွန်း...သူ့ကြည့်ရတာ ရိုးရိုးအအတုံးတုံးပုံစံလဲ မဟုတ်ပါဘူး။

အဆင်အသွေးကို ကြည့်လိုက်ရုံနဲ့ လူနပ်ဆိုတာ သိသာနေတဲ့ဟာ။ ဒါဆို တာ့အနားကို တမင်မလာတာပေါ့။ တာ့ကို





တမင်ကစားနေတာပေါ့။

တွေးရင်းနဲ့ပဲ တာက စိတ်ဆိုးလာလိုက် စိတ်အလိုမကျဖြစ်လိုက်နဲ့ ချာချာလည်နေရတော့တာမို့ လေယာဉ်ဘီးနဲ့ ပြေးလမ်းထိလို့ လေယာဉ်လှုပ်ခါသွားတာကိုလည်း တာ မသိတော့ပါ။ ပြေး လမ်းအတိုင်းလေယာဉ်ကြီး တဟုန်ထိုး ပြေးနေတာကိုလည်း တာမခံစားမိ။ နောက်ဆုံး လေယာဉ်ကြီးရပ်သွားတော့မှပဲ တာ့အတွေးတွေလည်း ရပ်တံ့သွားရတော့သည်။

"ခဏ္ဍာ အပေါ်က အထုပ်တွေယူဖို့မေ့မယ်နော် ဒက်ဒီအတွက် မာမီထည့်ပေးလိုက်တာတွေ မေ့ကျန်ရစ်ခဲ့ရင် စိတ်ဆိုးခံရလို့ လောက်မှာတောင်မဟုတ်ဘူး"

"အေးပါ"

"နှစ်ထုပ်နော် တစ်ထုပ်တည်း မဟုတ်ဘူး"

"အေးပါဆိုဟာ"

သူ့ပစ္စည်းကိုယ့်ပစ္စည်းယူကြ လူသွားလမ်းကျဉ်းလေးကနေ တိုးဆင်းကြနဲ့မို့ အာရုံတွေတွေပြားပြီး တာ က ကိုလှချောကို ခဏမေ့သွားရတော့သည်။



Scanned by CamScanner

လေယာဉ်ပေါ်က ဆင်းလာတော့မှ သတိရပြီး တဲ့ပတ်ဝန်းကျင်မှာ ရှာဖွေကြည့်မိတော့ ကိုလူချောရဲ့ အရိပ်အယောင်ကိုမှ မတွေ့ရတော့ပါ။

ဒီတော့မှ မှိုင်းညို့သွားတဲ့စိတ်တွေနဲ့ တာက သူ့ကိုရှာဖွေမိတော့တာ။

ဒါပေမဲ့ လုံးဝကိုမတွေ့ရတော့ပါ။ ဒီတော့မှပဲ တာက သိလိုက်သည်။

တာ သူ့ဆီမှာ ကျရှုံးသွားခဲ့ပြီ။

• • •



## အခန်း (၄)

ဟိုဟိုဒီဒီ မျက်စိကစားပြီး သူ့ကို ရှာဖွေနေတဲ့ကောင်မလေးကို ဇေယျက ကျေကျေနပ်နပ်ကြီး စောင့်ကြည့်နေလိုက်တော့တာ။

ဒီကောင်မလေးရဲ့ နှလုံးသားကိုလည်း သူရလိုက်ပြန်ပြီ။

ကောင်မလေးနှစ်ယောက်စလုံးက အပျံစား အမိစားလေတွေချည်းပဲ ဖြစ်သည်။ ကော့သောင်မြို့က သိပ်မကျယ်ပါ။ ဒအကြောင့် ကောင်မလေးနှစ်ယောက်စလုံး ညည်သည်ပဲဆိုတာကို ဇေယျက သိနေသည်။

နှစ်ယောက်တည်းက ခပ်ပါးပါးလေးကို သူ့ရင်ခုန်နေတာ။

ရန်ကုန်လေဆိပ်မှာထဲက သူမလေးကို သူသတိထားမိခဲ့သည်။ နိုင်ငံခြားမင်းသမီးလိုလို နိုင်ငံခြားမော်ဒယ်လ်လိုလို

လှပပြီးဆွဲဆောင်မှုအားပြင်းထန်တဲ့ သူမလေးကို ရန်ကုန်လေဆိပ်မှာကတည်းက မျက်လုံးချင်းစကားပြောဖို့ သူကြိုးစားကြည့်ခဲ့တာ။

ဒါပေမဲ့ မအောင်မြင်ပါ။

သူမလေးက ခရီးသည်နားနေဆောင်ထဲက ခုံတစ်လုံးမှာ ထိုင်လိုက်ပြီးတာနဲ့ လက်ကလေးနှစ်ဖက်ကို လှလှပပလေးပိုက်ပြီး မျက်ဝန်းအစုံကို မှိတ်ထားလိုက်တာမှ လုံးဝကို ဖွင့်မလာတော့ပါ။

လေယာဉ်ပေါ်တက်ဖို့ခေါ်တော့မှပဲ သူမလေးက မျက်ဝန်းတံခါးလေးကို မဖွင့်ချင်ဖွင့်ချင်နဲ့ ဖွင့်လာတော့ပါတာ။

မျက်ဝန်းလေးဖွင့်တော့လဲ ဘေးပတ်ဝန်းကျင်ကို လုံးဝစိတ်ဝင်စားပုံမရ၊ မျက်လုံးလေးဝေ့ယမ်းပြီးတော့တောင် မစပ်စုဘဲ လေယာဉ်ပေါ် တန်းတက်သွားတာမို့ ဇေယျက မျက်လုံးချင်းစကား ပြောဖို့ မရှမ်းနိုင်ခဲ့ ပြန်ပါ။

လေယာဉ်ပေါ်ရောက်တော့လည်း ထိုင်ခုံမှာထိုင်ပြီးတာနဲ့ မျက်လုံးလေးမှိတ်ထားပြန်သည်။ ဘေးကကောင်မလေးနဲ့စကား ပြောတာတောင် မျက်လုံးမဖွင့်ဘဲ ပြောနေတာဆိုတော့ သူ့ကို တွေ့ဖို့မြင်ဖို့က အဝေးကြီးပဲ ဖြစ်နေတော့တာ။





ဇေယျကလည်း တစ်မျိုးခက်ခဲကာကိုမှ ရအောင်ချူချင်တဲ့ကောင်ဖြစ်သည်။ ကျောင်းတုန်းကလည်း ကျောင်းမှာမို့ ခက်ခက်ခဲခဲဆိုရင် ဇေယျပဲလိုက်ခဲ့တာ။ သူလိုက်လို့မရတဲ့ မိန်းကလေး မရှိဘူးလို့တောင် ပြောယူရတဲ့အထိ သူစွံခဲ့တာ။

သူက တစ်ပြိုင်နက်တည်းမှာ ရည်းစားသုံးယောက်လောက် ထားထားတတ်တဲ့ သူဖြစ်သည်။ သူ့ဆီမှာ ရည်းစားတွေများတာ သိသိကြီးနဲ့ပဲ ကောင်မလေးတွေကလဲ သူ့ကိုဆိုကြည်ကြသည်။

သူ့မြို့မှာလည်း သူ့ရည်းစားတွေမှ အများကြီးကျောင်းမှာလည်း သူ့ရည်းစားတွေက တစ်ပုံတစ်ပင်။ ဒီလောက်နဲ့မရပ်သေးပါ။ မြို့တစ်မြို့ကိုအလည်သွားရင် သူက အဲဒီမြို့မှာ ရည်းစားထားခဲ့ရမှ ကျေနပ်တတ်တာ။

အခုကျောင်းပြီးလို့ပြန်လာတဲ့ အိမ်အပြန်ခရီးမှာ ရင်ခုန်စရာလေးနဲ့ တွေ့ရတာဆိုတော့ ကံကောင်းလိုက်ပုံများက ဘယ်သူမှ တောင်လိုက်လို့မိမည်မထင်။

ကော့သောင်းမြို့က ကျဉ်းသည်။ သူမလေး ဘယ်ကိုလာသည်။ ဘယ်မှာ တည်းခိုသည်ဆိုတာကို သူ့အနေနဲ့ တစ်နာရီ



Book Sharing

Scanned by CamScanner

အတွင်းမှာ စုံစမ်းလို့ရနိုင်သည်။

အရေးကြီးတာက သူမလေးရဲ့ စိတ်ကို ဖမ်းစားညှို့ငင်ထားနိုင်ဖို့ပဲ ဖြစ်သည်။ ဒါလည်း သူ့အတွက်တော့ ဘာမှမခက်ခဲပါ။ သူကျွမ်းကျင်ပါးနပ်ပြီးသား ကိစ္စပဲဖြစ်သည်။ အခုတောင်ကြည့်လေ သူမလေးက သူ့ကို ရှာဖွေနေပြီ။

"ဟေ့ကောင် ဇေယျ ငါဒီမှာ"

သူ့ကို သူငယ်ချင်း ကျော်ဦးက လာကြိုနေသည်။

"ဟေ့ကောင် ထွက်ခဲ့လေကွာ ပုန်းလျှိုးကွယ်လျှိုးနဲ့ ဘာဖြစ်နေတာလဲ"

အလိုက်ကန်းဆိုးမသိတဲ့ ကျော်ဦးက မိုင်ကုန်အော်နေတာမို့ တိတ်တိတ်နေဖို့ ခပ်ပြန်ပြန်ပဲ အချက်ပြရတော့သည်။

"ရှူး"

"ဘာလဲ...အကြွေးရှင်နဲ့တွေ့နေလို့လား"

ဒါတောင် ကျော်ဦးက ကွန့်နေသေးတော့တာ။ ကျော်ဦးကို ဆဲဖို့ဟန်ပြင်ပြီးမှ သူက မဆဲနိုင်တော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရင်ခုန်သံလေးကို သန့်ပြန့်ရည်မွန်တဲ့ အန်ကယ်လ်ကြီးတစ်





ယောက်ကလာကြိုနေတာကို ဝပ်စုနေမိလို့ ဖြစ်သည်။

ပထမတော့ ဘာလဲလို့ တွေးလိုက်မိသေးတာ။ ကောင်မလေးနှစ်ယောက်စလုံးက ဒက်ဒီလို့သံပြိုင်အော်ခေါ်ပြီး အန်ကယ်လ်ကြီးရဲ့ လက်တစ်ဖက်ဆီကို ပြေးဖက်လိုက်တော့မှပဲ သူက သက်ပြင်းချလိုက်မိတော့သည်။

သူမလေးတို့ပျော်ရွှင်ခုန်ပေါက်နေတုန်းမှာပဲ ဇေယျက အသာလေးလစ်ထွက်လာခဲ့လိုက်တော့တာ။

"ဟေ့ကောင်...ဟိုအန်ကယ်လ်ကြီးကို သိလားကွ"

ကျော်ဦးကို မေးတော့ ခေါင်းညိတ်ပြသည်။

"ဘယ်သူလဲကွ"

"မင်းမသိပါဘူးကွာ မင်းကဒီမြို့နဲ့ဝေးကွာနေတဲ့ကောင်ပဲ၊ ပြောပြလဲ သိမှာမဟုတ်ဘူး။ မသိလက်စနဲ့ သိချင်မနေနဲ့တော့ ဟုတ်လား"

ကျော်ဦးက ညစ်နေပြန်တာ။

ပြီးတော့ ကျော်ဦးမျက်လုံးတွေကလည်း သူမလေးတို့ဆီမှာ။ ကျော်ဦး တစ်ယောက်တည်းလားဆိုတော့ မဟုတ်ပါ။

လေဆိပ် ထဲက ယောက်ျားတွေ လေဆိပ်အပြင်ကယောက်ျားတွေ ရှိရှိသမျှ ယောက်ျားအပေါင်းက မိန်းမချောလေးနှစ်ယောက်ကိုပဲ သိသိသာ သာပါ ဝိုင်းကြည့်နေကြတာဖြစ်သည်။

အရင်တုန်းက သူငယ်ချင်းတွေကို

"ဟော့ကောင်တွေ ငါ့ကောင်မလေးကို ဘယ်သူ့လိုက်မလဲ လိုက်လို့ရတဲ့ကောင် တစ်ဝိုင်းကြွေးမယ်ကွာ သူမလေးကို တခြားသူတွေ ဝိုင်းကြည့်ကြတာကိုတောင် ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လာရတော့တာ။

ဝိုင်းကြည့်နေတဲ့ ယောက်ျားသားတွေကိုပဲ "မကြည့်ကြနဲ့ဗျာ" လို့လိုက်ပြောရမလား။ ဒါမှမဟုတ် သူမလေးကိုပဲ။

"အကြည့်မခံနဲ့ မြန်မြန်သွားတော့ဗျာ" လို့ သွားပြောရမလား...ဆိုတဲ့ အတွေးတွေနဲ့ သူ့မှာ ပူလောင်ရတော့တာ။

အလျှင်က မိန်းကလေးတွေကို စိတ်ဝင်စားခဲ့လိုက်ခဲ့ရည်းစား ထားခဲ့တုန်းက သဝန်တိုတာတို့ ရင်ပူတာတို့ ဘာမှမဖြစ်ခဲ့ဘဲ ပေါ့ပေါ့ပါးပါးပဲ ရှိခဲ့သည်။

အခုတော့ သူမလေးကို တခြားလူကြည့်တာကိုပင် မခံ





စားချင်ဘူးဆိုတော့ သူ့ဘက်က ထူးခြားသွားတာတော့ သေချာနေပြီ။

"သွားမယ်လေ ဇေယျ"

"ခဏလေကွာ"

"ဘာလဲ... မင်းကနှစ်ယောက်စလုံးကို ချိန်နေတာလားဟားဟား"

ကျော်ဦးက တဟားဟား ရယ်နေတာ အကြောင်းရှိသည်။ ဇေယျက ညီအစ်မနှစ်ယောက်စလုံးကို ပြိုင်တူရည်စားထားခဲ့တဲ့ ရာဇဝင်ရှိနေလို့ ဖြစ်သည်။

"မဟုတ်သူ ဆံပင်စင်းစင်းလေးနဲ့ ပါးပါးလေးကို ရင်ခုန်နေတာကွ"

"အားပါး. အသုံးအနှုန်းက အရမ်းဟုတ်နေပါလား၊ ရင်ခုန်နေတယ်... ဟုတ်လား"

ကျော်ဦးနဲ့ ပြိုင်ပြ[illegible]မနေချင်တာမို့ သူက အသာပဲနေလိုက်ရတော့တာ။

"အပျော်လား၊ အတည်လား ဇေယျ"

"မင်းကို ဘာလို့ ပြောပြရမှာလဲ"

"ရတယ်လေ ဒါဆို ငါကလဲ အဲဒီ အန်ကယ်လ်ကြီး ဘာလဲဆိုတာကို ပြောမပြတော့ဘူး"

ဇေယျာက စိတ်တိုသွားရသည်။

အရင်ကလိုသာ ဆိုရင်...

"မပြောလဲနေကွာ" လို့ လုပ်လိုက်မှာ ဖြစ်သည်။ သူစုံစမ်းရင်လည်း ဘယ်လောက်မှ မကြာခင်သိရမှာပဲဟာ..."

အခုတော့ မဇေယျာက မနေနိုင်မထိုင်နိုင်အောင်ဘဲ ချက်ချင်းသိချင်နေတာမို့ ကျော်ဦးကို တစ်ထစ်လျှော့ပေးလိုက်ရတော့သည်။

"အတည်လား၊ အပျော်လားဆိုတာ ချက်ချင်းပြောလို့မရသေးဘူးလေကွာ၊ နှလုံးသားကို လာထိနေတာတော့ အမှန်ပဲ အဲဒီ အန်ကယ်လ်ကြီးက ဘယ်သူလဲ"

"ပျော့ပျော့ ပျောင်းပျောင်းလေး မေးတာဆိုတော့လဲ ပြောပြရတာပေါ့ကွာ"

"လုပ်ပေါ့ကွာ"

"မင်းအရမ်းသိချင်တယ်လား"





"သိချင်လို့ မေးတာပေါ့ကွာ ပြောရင်းပြောရင်း မေတ္တာမဲ့လာပြီ"

"စိတ်ကလေးကို နည်းနည်းပါးပါးဆွဲဆန့်ပြီး ငါဘာပြောမယ်ဆိုတာကို နားထောင်ကြည့်ပါဦးကွာ၊ ဒီမှာမင်းက အန်ကယ်လ်ကြီးနဲ့ သိချင်တာလား ဒါမှမဟုတ် အန်ကယ်လ်ကြီး ဘယ်သူဘယ်ဝါလဲ ဆိုတာလောက်ပဲ သိချင်တာလား။ အဘိုးကြီးနဲ့ပါ သိချင်တယ်ဆိုရင် တစ်ခါတည်း သွားနှုတ်ဆက်ပြီး မင်းနဲ့ပါ မိတ်ဆက်ပေးလိုက်မယ်၊ ဘယ်လိုလဲ"

ကျော်ဦးက အတည်ကြီးပြောနေတာ။

သူကတော့ ယုံပဲယုံရမလိုလို မယုံဘဲနေရတော့မလိုလိုနဲ့ ဖြစ်နေရသည်။

"ဘာလဲ မင်းမယုံဘူးလား"

"အဟွန်း ယုံပါတယ်"

"မင်းယုံတာကြီးက သရော်သံ လှောင်သံတွေ ပါနေတယ် ဇေယျ အဲဒါမျိုးကို ငါကလဲ နည်းနည်းလေးမှ ခံချင်တာမဟုတ်ဘူး။ ဒီမှာ အဲဒီအန်ကယ်လ်နာမည်က ဦးသီဟတဲ့ ကျွန်းသာယာ

အပန်းဖြေစခန်းကို ဆောက်နေတဲ့ သူဌေးပဲ။ ငါက သူတို့ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်တဲ့ သံတွေ ကျောက်တွေပို့ပေးတယ်။ ကဲ ဒါဆိုငါနဲ့ အဲဒီ အန်ကယ်လ် သိတယ်ဆိုတာကို မင်းယုံပြီလား"

ဒီလိုဆိုတော့လည်း ဇေယျက ကျော်ဦးမငြိုငြင်ခင်မှာ ခပ်မြန်မြန်ပဲ ယုံပေးလိုက်ရတော့သည်။

"ယုံတာပေါ့ကွာ စီးပွားရေးလောကမှာ မင်းဝင်ဆံ့တာ ငါသိနေတာပဲ ဘာမယုံစရာရှိသလဲရပြီ၊ အန်ကယ်လ်ကြီးနဲ့ နောက်မှမိတ်ဆက်ပေးတော့၊ အခုအဲဒီအန်ကယ်လ်ကြီး ဘယ်မှာနေတယ်ဆိုတာပဲပြော"

"ကျွန်းသာယာမှပဲ နေတယ်ကွ ကော့သောင်းကိုလာတဲ့အခါမှာတော့ ဟန်နီဘာ ဟိုတယ်မှာတည်းတယ်"

"အိုကေ သွားစို့"

ဒီလောက်သိရင်ရပြီမို့ သူကကျော်ဦးကို ဆွဲခေါ်လာလိုက်တော့သည်။

သူ့ကို သူမလေးမတွေ့တာ အကောင်းဆုံးတိုက်ကွက်ပဲ





ဖြစ်သည်။

မိန်းကလေးတွေအကြောင်းကို သူကောင်းကောင်းသိသည်။ ဘယ်လောက်ရင်ခုန်စမ်းပါစေ အရမ်းကြီးလိုက်လို့ မရပါ။ အရမ်းလိုက်မိရင် အတင်းပဲပြေးကြပါလိမ့်မည်။ ဒီတော့ အတင်းမပြေးအောင် ဖြည်းဖြည်းလိုက်မှ ဖြစ်မှာ။

• • •

Scanned by CamScanner

## အခန်း (၅)

တာကရေချိုးပြီးစ လန်းဆန်းလှပနေတဲ့ ကိုယ့်ကိုယ်ကိုကြည့်မဝအောင် ဖြစ်နေရတော့တာ။ ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ ပေါ်နေတဲ့ တာ့ပုံရိပ်က တာကိုယ်တိုင်တောင် အသက်ရှူမှားလောက်အောင် အလှကြီးလှနေတော့တာ။

ခါးလေးကသိမ်သိမ် တင်ကလေးကကားကား ရင်ကလေးက ဟန်ချိုချိုနဲ့ တကယ့်ကိုပြစ်မျိုးမဲ့မထင်တဲ့ အလှဖြစ်သည်။

တာက တစ်ယောက်တည်းမို့ မှန်ထဲမှာ ဘေးစောင်းကြည့်လိုက် အတည့်ကြည့်လိုက် နောက်ပြန်ကြည့်လိုက်နဲ့ ကိုယ့်အလှကို ကိုယ်ပြန်ပြီး တဝကြီး ခံစားနေမိတော့တာ။





မျက်နှာလေးကရော ကြည့်ဦးမလား လှတာမှစက်စက်ယိုနေအောင်ကိုလှတာ။ ဒီလောက်ပြီးပြည့်စုံတဲ့ အလှပိုင်ရှင် တာကို လေယာဉ်ပေါ်မှာတွေ့တဲ့ ကိုလှချောက ဘာအချိုးမျိုးချိုးပြီး အရေးမလုပ်ဘဲ ထားခဲ့ရတာလဲ။

တွေးရင်းနဲ့ ဒေါပွလာရပြန်သည်။ တကယ်ဆို သူ တာ့ကို မိတ်လာဖွဲ့ရမှာ ဒါမှမဟုတ်ရင်လည်း တာ့ကို စောင့်ကြည့်ပြီး တာ့နောက်က တကောက်ကောက်လိုက်နေရမှာ ခုတော့ကြည့်ပါဦး လေယာဉ်ပေါ်က ဆင်းသွားကတည်းက တာ့ကို လှည့်မကြည့်တော့တာ။

လေဆိပ်ထဲမှာလည်း လုံးဝရှာလို့မတွေ့တော့။

တာ့ကို ဒီအတိုင်းထားပစ်ခဲ့တာ ဘယ်လောက်ဆိုးထားသလဲကွယ်။

အမြဲတမ်း ယောကျ်ားတွေရဲ့ အရူးအမူးအချစ်တွေ တမ်းတမ်းစွဲ စိတ်ဝင်စားတာတွေ ခွာမရအောင် နောက်ကလိုက်ကပ်နေတာတွေနဲ့ ချည်းပဲ ကြုံတွေ့နေရတဲ့ တာ့အတွက်တော့ ကိုလှချောရဲ့ လုပ်ရပ်က ထူးဆန်းနေသလို မခံချိမခံသာလည်း ဖြစ်နေစေတော့



Book Sharing

Scanned by CamScanner

တာ။

ကိုလှချောက တာ့ကို အရေးမလုပ်ဘဲ ထွက်သွားတာဟာ တကယ်ပဲ စိတ်မဝင်စားလို့လား။ တာ့နားနဲ့ဆတ်ဆတ်ကြားခဲ့တာကတော့ သူ့ဆီမှာရည်းစားရှိသတဲ့လေ။ သူကိုယ်တိုင်က ပြောတာဆိုတော့ မယုံလို့ရမှာတဲ့လား။

အို တာငိုချင်လိုက်တာကွယ်။

တွေးရင်း တာ့မျက်ဝန်းလှလှလေးတွေမှာ မျက်ရည်ကြည်တွေနဲ့ ပြည့်ခဲ့တာပဲ။ ပြီးတော့တာကို မျက်လုံးမှိတ်ပြခဲ့တာ။ တာ့မြင်ကွင်းမှာ အခေါက်ခေါက်အခါခါ လမ်းသလားပြနေခဲ့တာတွေဟာ ဘာသဘောလဲ။

တာက အဝတ်မလဲနိုင် အလှမပြင်နိုင်သေးဘဲ ကျောက်ရုပ်ကလေးလို မှန်ဝင်ခုံရှေ့မှာ ထိုင်နေမိတော့တာ။

ကိုလှချော ဒုက္ခပေးလို့ တာ့မှာ အိပ်လည်းမအိပ်ရသေး၊ နေရာဒေသအသစ်ရဲ့ ပတ်ဝန်းကျင်တွေ၊ အစားအသောက်တွေကိုလည်း မစူးစမ်းမလေ့လာရသေးဘဲ အတွေးတွေနဲ့ ဒုက္ခများနေရတာ ဖြစ်သည်။

သိန်းမင်းစာပေ



ယောကျ်ားတစ်ယောက်ကြောင့် တာအနေအစားပျက်နေရတာ ဘဝမှာ ပထမဦးဆုံးအကြိမ်ပါပဲကွယ်၊ တာတော့ ကော့သောင်ကိုလာခဲ့မိတာ မှားယွင်းသွားပြီးလား မသိတော့ပါ။

"ဟင်"

သက်ပြင်းလေးချပြီး တာက ခေါင်းလေးကို ခပ်နာနာခါယမ်း ရမ်းပစ်လိုက်ချိန်မှာပဲ ဆပ်သဖူးရဲ့ အလန့်တကြားအသံကိုကြားရတော့သည်။

"အမယ်လေး ခတ္တာ နှင်အခုထိ အဝတ်မလဲရသေးဘူးလား"

"တိုးတိုးလုပ်ပါဟာ လန့်လိုက်တာ"

"ငါပြောတာ တိုးတိုးလေးပါပဲ နှင့်ဘာသာနှင် လိပ်ပြာလန့်နေတာတော့ မတတ်နိုင်ဘူးနော်"

"မသိဘူးလေ"

ဆပ်သဖူး မျက်နှာကပြုံးစိစိစပ်ဖြဲဖြဲ။

"သွားစမ်းပါဟာ ဝေးဝေးမှာသွားနေ"

အလကားနေရင်း စိတ်တိုနေတဲ့ တာက ဆပ်သံဖူးကို

သိန်းမင်းစာပေ

Scanned by CamScanner

မောင်းထုတ်နေမိပြန်သည်။

ဆပ်သမ္ဗူးမကလည်း တာ့နားမှာ ပေကတ်ပြီး ရပ်နေတော့တာ။

"စားစရာတွေမှ ဝွတ်ရှယ်ပဲ ခဏ္ဍာ"

"စိတ်မဝင်စားဘူး"

"အို ယိုးဒယားကြက်ကင်က နီရဲမွှေးကြိုင်လို့ သင်္ဘောသီးထောင်းကလဲ စပ်စပ်ချိုချိုနဲ့ ကောင်းမှကောင်း"

"စိတ်မဝင်စားပါဘူးဆိုနေ"

"ကတ်ကြေးကိုက်ကြော်ဟာ"

"လုံးဝပဲ"

"ဟိုတယ်ကဆင်းလိုက်တာနဲ့ ကမ်းနားလမ်းက သိပ်သာယာတာပဲ"

"အိုကေ ဒါဆိုရင်တော့ နင်စိတ်ဝင်စားမယ့် အကြောင်းအရာတစ်ခု ပြောပြမယ်နော် အသေအချာနားထောင်ပါ...။

"ငါ ညှော်ခန်းထဲမှာ ဘယ်သူ့ကို တွေ့ခဲ့တယ်ထင်သလဲ"

တာကယ်ပါပဲ။





တာ့ရင်ဘတ်ထဲက ဒုတ်ခနဲတောင်အသံမြည်သွားရတော့တာ။

"ဟင်...နင်ဘယ်သူ့ကိုတွေ့ခဲ့တာလဲ ဆပ်သမ္ဗူး"

တာက အလောတကြီးမေးလိုက်တော့ ဆပ်သမ္ဗူးက ပြုံးစိစိနဲ့ ပြန်ပြောသည်။

"ညှော်ကြိုကောင်မလေးပေါ့ဟာ တကယ်ပဲ သူပြောတဲ့စကားကို ငါလုံးဝနားမလည်ဘူး။

"အံမယ် ဒက်ဒီကတော့ နားလည်တယ်တော့"

"ဆပ်သမ္ဗူး"

တာက ကုန်းအော်လိုက်တော့မှပဲ ဆပ်သမ္ဗူးက မျက်လုံးလေးအဝိုင်းသားနဲ့ ပါးစပ်ပိတ်သွားတော့သည်။

"နင်ဘာတွေဖြစ်နေတာလဲ ခဏ္ဍာ"

ရင်ဖွင့်စရာမရှိတဲ့အတွက် တာက ဆပ်သမ္ဗူးဆီမှာပဲ ရင်ဖွင့်ရတော့သည်။

"ငါဘာဖြစ်နေလဲ မသိတော့ပါဘူးဟာ ဟိုလေယာဉ်ပေါ်မှာ တွေ့ခဲ့တဲ့သူလေ၊ သူ့ကိုပဲ ငါစိတ်တွေကတွေးနေမိတယ်"



Scanned by CamScanner

ဆပ်သဖူး ကနဲ့ခေါင်းလေး ရှုံ့သွားတော့တာ။

"နင်ကလဲ တွေးစရာရှာလို့ အဲဒီလမ်းသရဲပုံကိုမှ တွေးသလား။ နည်းနည်းလေးမှ ထောင့်မကျိုးဘူးနော်"

"အဲဒီပုံစံကိုပဲ စွဲသွားတာ"

"ထူးဆန်းပါပေ့ဟယ်။ မာမီ့ကိုသာပြလိုက်ရင် မာမီကတော့ ပြောမှာ သေချာတယ်၊ မာမီတောင်မကြိုက်ဘူးလို့ ဟွန်း ဝတ်ထားတော့လဲ အပြံအစုတ်နဲ့ ကိုယ့်ယိုကားယား ဆံပင်ရှည်ထားထားတဲ့ပုံစံကလဲ ဖို့ယို့ဖားယား အရုပ်ထဲမှာလမ်းလျှောက်ရင်တောင် ခွေးလိုက်ဆွဲတာခံရမယ့်ပုံစံမျိုးကြီးကို နင်က သဘောကျသတဲ့လား အံ့ရော"

ဆပ်သဖူးက ကောင်းကောင်းကြီးနှိပ်ကွပ်နေတော့တာ။ ဒီအပြောတွေကို ကြားရပေမဲ့ တာကတော့ နည်းနည်းလေးမှတောင် စိတ်မပျက်မိဘဲ သူ့ရဲ့ပုံစံကို ပြန်မြင်ပြီး ရင်ခုန်နေမိတော့သည်။

"ဟုတ်တယ် အရမ်းထူးဆန်းတာပဲဟာ သူ့အသံကိုကြားလိုက်ကတည်းက ငါ့ရင်ထဲမှာ ဘာတွေဖြစ်သွားမှန်း မသိတော့ဘူး"





"ဟွန်း မန်ဒါလိဘဲကြီး အသံဝင်နေသလို အသံမျိုးကိုများ"

"အဲဒီလောက်ကြီး မပြောပါနဲ့ဟာ"

တာက ပြောတော့ ဆပ်သဖူးက မဲ့ရွဲ့ပြသည်။

"ဟွန်း... ငါဒီလောက်ပြောနေတာတောင် နင့်ပုံစံက စိတ်ပျက်တဲ့ ပုံမပေါ်သေးပါလား ခတ္တာ"

"ရင်ခုန်တယ်ဆိုတာ အတင်းခုန်ခိုင်းလို့မရသလို ခုန်နေတာကိုလဲ အဝင်းကြီးရပ်ခိုင်းလို့မရဘူး ဆပ်သဖူး ငါသူ့ကိုတကယ် ရင်ခုန်သွားတာ"

"ဘုရားရေ"

"တကယ်ပြောတာ မပြောင်းလဲတော့ဘူး"

ဆပ်သဖူးက ခေါင်းတဆတ်ဆတ် ညိမ့်ပြီး ပြောနေပြန်သည်။

"အင်း ခတ္တာတော့ အရူးထခြင်းရဲ့ နိဒါန်းကိုပျိုးနေပါပကောလားကွယ်"

"တကယ်ဆို သူ ငါနောက်ကိုလိုက်ခဲ့ရမှာနော် အကြည့်ခြင်း ငြိပြီးပြီပဲဟာ ဆက်ကြိုးစားပေါ့ စုတော့ ကြည့်ပါဦး"



Scanned by CamScanner

ပြောရင်း တာက မျက်ရည်တွေဝဲလာတော့ ဆပ်သပူးက မျက်စောင်းတိုးပြီး ပြောသည်။

"အမယ်လေး ဧည့်ခန်းထဲမှာ နင့်လူကြီး အခန့်သားထိုင်နေတာတွေ့ခဲ့ပါတယ်၊ အဝတ်အစားလဲပြီး လမ်းဆင်းလျှောက်လိုက်ပေါ့ဟာ ဒက်ဒီလဲမရှိဘဲ"

"တကယ်လား"

တာက ဝမ်းသာအားရထခုန်လိုက်မိတော့တာ။ ဧည့်ခန်းမှာ သူရောက်နေတယ်ဆိုတာနဲ့ပဲ တာ့ရင်ခုန်သံတွေက မြန်ဆန်လာကြတော့သည်။

"ငါတော့ တွေ့ခဲ့တာပဲ ခတ္တာ နင့်ကိုလာရှာတာ ဟုတ်မဟုတ်တော့လဲ မပြောတတ်ဘူးပေါ့နော်"

ဆပ်သပူးက ရအောင်ကလိလိုက်သေးတာ။

တာက ဘာမှပြန်မပြောနိုင်တော့ပဲ အချိန်တိုလေးအတွင်းမှာ အလှဆုံးဖြစ်အောင် ပြင်ဆင်ချယ်သလိုက်တော့တာ။

သေချာပါတယ်။





တာ အချစ်နဲ့ မျက်နှာချင်းဆိုင်တွေ့ရပါပြီကွယ်။ ဘာတွေဆက်ဖြစ်မယ်ဆိုတာတော့ တာလည်းမသိဘူးပေါ့။

• • •

## အခန်း (၆)

လေကားထစ်တွေကို နင်းဖြတ်ဆင်းလာတဲ့ သူမလေးကို တွေ့လိုက်တာနဲ့ သူ့ကိုယ်ထဲက ချစ်သွေးတွေဆူပွက်လာပြီး ရင်ခုန်သံတွေက အဆမတန် ကျယ်လောင်မြန်ဆန်လာရတော့တာ။

ခြေလှမ်း လှမ်းလိုက်တိုင်း လှုပတဲ့ ခြေတံတွေက ကြွရွလှုပ်ရှားလာသလို ငေးကြည့်မိတဲ့ သူ့မှာလည်း ရေငတ်တဲ့ ဝေဒနာကို ခံစားနေရတော့တာ။

နေကာမျက်မှန်လေးတပ်ပြီး လာနေတဲ့အတွက် သူမလေးရဲ့ မျက်လုံးတွေကို သူမမြင်ရပါ။ သူမလေး သူ့ကိုကြည့်မကြည့်လဲ အကဲခတ်လို့မရဘဲ ဖြစ်နေရတော့သည်။





ဒေယျကလည်း နေကာမျက်မှန်တပ်ထားတာမို့ သူမလေးကို အားမနာတမ်း ကြည့်လို့ရနေတာ ဖြစ်သည်။

သူမလေး သူနဲ့အနီးဆုံးကို ရောက်လာတဲ့အချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် သူ့ရည်းစားကောင်မလေးက သူ့ကို အော်ကြီးဟစ်ကျယ်လှမ်းခေါ်တော့တာ။

"ဟေ...ကိုကို"

သွားပြီ။

"မိး ကိုကို့ကို လာကြိုမလို့ပဲ ခြည်သည်ရောက်လာလို့ မလာနိုင်တော့တာ၊ ကိုကိုမိးကို စိတ်မကောက်နဲ့နော်... နော်လို့" ဟာ...။

ဒေယျက ဘာလုပ်ရမှန်း မသိတော့ဘဲ ဖြစ်သွားရတော့သည်။

သူမလေး ကြားဘဲမနေပါ မမြင်ဘဲလည်း မနေပါ။ သူ့ရင်ခုန်သံတွေက မြန်ဆန်းလာပြီ. သူတစ်ကိုယ်လုံးက ပူထူလာရတော့တာ။

အလျင်ကဆို ရည်းစားတစ်ယောက်နဲ့ တွဲလာတုန်း နောက်



Book Sharing

Scanned by CamScanner

တစ်ယောက်နဲ့ တည့်တည့်တိုးရင်ကောင်း အပြုံးမပျက်နှုတ်ဆက်ခဲ့တဲ့ သူက ခုမှပဲ တုန်လှုပ်သွားရတာ တော်တော်ထူးဆန်းသည်။

"ကိုကို"

မီးမီးက ခေါ်လည်းခေါ် သူ့လက်မောင်းကိုလည်း လှမ်းကိုင်လိုက်တဲ့အချိန် သူမလေးကလည်း သူ့ရှေ့ကို ရောက်တဲ့အချိန့် ကွက်တိ ဖြစ်သွားတော့သည်။

"ဟာ...နေစမ်းပါဟာ"

"ဟင် ကိုကို မီးကိုအော်တယ် တော်ပြီသွားတော့မယ်"

ရှက်ရမ်းရမ်းပြီး မီးမီးက ပြေးထွက်သွားသည်။ ဧယျက တားလည်းမတားမိ လိုက်လည်းလိုက်မသွား ချောမော့ဖို့ကတော့ အဝေးကြီးပဲ ဖြစ်သည်။ သူ့ရင်ထဲမှာ သူမလေးကလွဲပြီးတော့ ဘာမှမရှိတော့ပါ။ အခုမှပဲ တကယ် အဖိုးထိုက်အဖိုးတန်ရတနာလေးကို တွေ့ရသလို သူ့အကြည့်တွေက သူမလေးနောက်ကိုပဲ ကပ်ငြိပါသွားကြတော့တာ။

နောက် အိပ်မွေ့ချခံလိုက်ရတဲ့ လူတစ်ယောက်လို သူက သူမလေး နောက်ကနေလိုက်လာခဲ့မိတော့သည်။ အသိမကပ်တဲ့





ခြေလှမ်းတွေနဲ့လှမ်းရင်း သူက။

သူမလေးရဲ့ လှုပ်ရှားမှုမှန်သမျှကို ငေးမောမိသွားတော့သည်။

သူမလေးက ချည်ကြိုးကောင်မလေးတွေကို ရယ်မောနှုတ်ဆက်ပြီး လမ်းမနဲ့အနီးဆုံးထိုင်ခုံမှာ ထိုင်လိုက်သည်။

နောက်ပြတင်းပေါက်ကျယ်ကြီးကနေ လှမ်းမြင်နေရတဲ့ မြေကျွန်းနဲ့ ပင်လယ်ပြင်ရှုခင်းတွေကို ငိုတ်အေးလက်အေး ပုံစံမျိုးလေးနဲ့ ထိုင်ကြည့်နေသည်။

သူ့ကိုအရေးလည်းမလုပ်။

ဘယ်တုန်းကမှ မသိခဲ့မတွေ့ခဲ့ဖူးသလိုမျိုးခပ်တည်တည်။

သူမလေးကို ကြည့်ပြီး ဧယျက အဆမတန်စိတ်လှုပ်ရှားလာမိဟော့တာ။ အလျင်က မိန်းမကျမ်းကျေသူလို့ သူ့ကိုယ်သူ ဘဝင်မြင့်ခဲ့မိသည်။

ဘယ်လို မိန်းကလေးမျိုးကမှ သူ့ကို မငြင်းပါဘူးလို့လည်း သွေး နားထင်ရောက်ခဲ့သေးသည်။ သူမလေးကိုတောင်မှ အဲဒီ အတွေးတွေနဲ့ သူမထိတထိ ကစားခဲ့သေးတာ။



Scanned by CamScanner

လေယာဉ်ကွင်းမှာတုန်းက သူ့ကိုယ်သူအသာရနေပြီလို့ပဲ တွက်ထားလိုက်မိသည်။ သူ့ကို သူမလေး မသိမသာရှာဖွေနေတာကိုပဲ အရသာခံပြီး ကြည့်နေခဲ့သေးတာ။

အဲဒီအထိ သူကပေါ့ပေါ့ပါးပါးပဲရှိသေးသည်။ အိမ်ကိုအသွားလမ်းမှာ ကျော်ဦးက သူမလေးရဲ့ အလှတွေကို ပယ်ပယ်နယ်နယ်ခံစားပြတော့ သူ့ရင်ထဲကို သဝန်တို စိတ်တွေဝင်လာခဲ့မိသည်။

နောက် သူမလေးရဲ့ အချစ်ကို သူမရဘဲ တခြားတစ်ယောက်ရသွားမှာ စိုးရိမ်ပူပန်လာမိတော့သည်။

ကျော်ဦးကလည်း သူမလေးရဲ့ အဖေ ဘယ်လိုချမ်းသာတာ ဘယ်လောက်အသိုင်းအဝိုင်းကောင်းတာ တွေပြောပြနေလေတော့ သူ့စိတ်ထဲက စိုးရိမ်သောကတွေ တစ်စတစ်စနဲ့ ရေမှိုးချိုးအဝတ်အစားလဲပြီး သူမလေး ဘယ်မှာရှိတယ်ဆိုတာကို တွက်စုံစမ်းရတော့ သည်။

သူမလေးတို့ သားအဖတွေ ကျွန်းသာယာကို ဒီနေ့မဆင်းသေးဘူး၊ ဟန်နီ ဘာဟိုတယ်မှာ တည်းခိုနေတယ်ဆိုတာ သိရ





တာနဲ့ပဲ သူချက်ချင်းလိုက်လာခဲ့တာ။

အခုတော့ သူမလေးရှေ့မှာမှ အရုပ်ဆိုးတာတွေ ဖြစ်ရလေပြီ။

ဘာပဲဖြစ်ဖြစ် ဇေယျက ကျွမ်းကျင်ပါးနပ်ပြီးသားမို့ အခွင့်အရေးကိုတော့ လက်လွှတ်မခံနိုင်ပါ။ တစ်ယောက်တည်း ထိုင်နေတဲ့ သူမလေးရဲ့ အနားကို သူကချဉ်းကပ်လာလိုက်တော့သည်။

မျက်ဝန်းထောင့်ကနေပြီး သူ တာ့အနားကို လာနေတာမြင်ရတော့ ရင်ခုန်သံတွေက အဆမတန်ကျယ်လောင်လာတော့တာ။

စောစောက မြင်ကွင်းကြောင့် ပပ်းနည်းစိတ်ပျက်သွားတာကိုပင် တာက မေ့လျော့သွားရလေတော့သည်။

"အဟွန်း... ကိုယ်ဒီမှာထိုင်ရင် အနှောင့်အယှက်များဖြစ်သွားမလား"

ကိုလူချောရဲ့ အသံက မှ မေလေကျချင်လောက်အောင်ကို ဆွဲဆောင်ညှို့ငင်နေတေတာ့တာမို့ ဘယ်လိုမှ မသိချင်ယောင်ဆောင် မနေနိုင်ဘဲ တာက စကားတုံ့ပြန်လိုက်ရတော့သည်။



Scanned by CamScanner

"အများနဲ့ဆိုင်တဲ့ နေရာပဲရှင် ထိုင်လို့ရပါတယ်"

နေကာမျက်မှန်ရဲ့ အကာအကွယ်ရှိနေတဲ့အတွက် တာက ကိုလှချောကို ငေးကြည့်မိသွားတော့တာ။

အရပ်မြင့်မြင့်နဲ့ တောင့်တင်းတဲ့ ခန္ဓာကိုယ်က ခွဲဆောင်မှု့ အပြည့်။

ပြုံးနေတဲ့ မျက်နှာချောချောက ယောကျာ်းပီသတဲ့ အလှကို ဖော်ဆောင်နေတော့တာ။ အသားက ဖြူဖွေးနေတာလည်းမဟုတ်၊ ညိုနေတာလည်းမဟုတ်ဘဲ၊ အဝါဘက်ကို လုနေတဲ့ ညိုဝါဝါ အရောင်မျိုးဖြစ်သည်။

ခြောက်ပေလောက်မြင့်တဲ့ အရပ်နဲ့ လိုက်ဖက်ညီတဲ့ ကြွက်သားတွေရှိနေတာမို့ အားကစားသမားတစ်ယောက်ဆိုတာ မြင်ရုံနဲ့ကို သိသာနေသည်။

ဆံပင်ရှည်ရှည်ပျော့ပျော့တွေကို နောက်မှာစုချည်ထားတာမို့ တာက ခပ်မြန်မြန်ပဲ အကြည့်ကို လွှဲပစ်လိုက်ရလေတော့တာ။

ဘုရား ရေ။

ကြာရင်မလွယ်ပါဘူးကွယ်။





"ငကျုးဖူးပဲနော်"

"မလိုပါဘူး ဒါကျွန်မရဲ့ ပိုင်နက်မှမဟုတ်တာ"

"ကိုယ်ကတော့ ကျေးဇူးတင်နေမိမှာပဲဗျာ အဟွန်း...ဟွန်း"

"အို ဘာကြောင့်လဲရှင်"

"ကမ္ဘာပေါ်မှာ အလှဆုံးမိန်းကလေးတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ထိုင်ခွင့်ရလို့ပေါ့ဗျာ"

ကြည့်ပါဦး။

ပြောတတ်လိုက်တာ ဒီအပြောတွေနဲ့ပဲ မိန်းကလေးတွေကို ဖမ်းစားနေတာဖြစ်မှာနော်။

မြိတ်လေဆိပ်မှာတုန်းက ရည်စားတစ်ယောက်ကို ဆင်းတွေ့တယ်၊ ဟော အခု ရည်းစားတစ်ယောက်နဲ့ တွေ့တယ်။ ဒီကြားထဲကပဲ တာ့ကိုလဲ ညို့ငင်နေသေးတယ်ဆိုတော့။

ကိုလှချောရယ် တာတော့ ရှင့်ကို ကြောက်လည်း ကြောက်တယ် ရင်လည်းခုန်တယ်၊ ဘယ်လိုလုပ်ရမလဲကွယ်။

"ရှင်တော်တော် မြှောက်ပြောတတ်တာပဲနော်၊ ကျွန်မ အမြှောက်မကြိုက်တတ်ဘူးရှင့်"

"လှတဲ့သူကို လှပါတယ်လို့ ရိုးရိုးလေးပြောတာ မြှောက်တာ မဟုတ်ပါဘူးဗျာ။ ဒီထက်ကောင်းတဲ့စကားလုံးမျိုး ရှာမပြောနိုင်လို့ ကိုကတောင်အားနာမိသေးတယ်"

တာက ရယ်မောမိသွားတော့သည်။

တတ်လည်းတတ်နိုင်တဲ့လူ။

"ရှင်က စာရေးဆရာလား"

"ဘာဖြစ်လို့လဲ"

"အပြောကောင်းလို့"

"ကိုယ့်နာမည်က ဇေယျတဲ့"

"ဟင်... ကျွန်မလဲ မမေးမိပါလား"

"ကိုယ်ကိုယ်တိုင်က အရမ်းပြောပြချင်နေတာပါ အဟွန်း... ဟွန်း"

ကိုလူချောနဲ့ စကားပြောနေရတာကို ရင်ခုန်ပျော်မွေ့နေမိတဲ့ တာက ကိုယ့်စိတ်ကို ကိုယ်ထိန်းကျောင်းပိတ်လှောင်မထားတော့ဘဲ လွှတ်ချပေးလိုက်မိတော့တာ။

"ဟုတ်လာ အချစ်းပြောချင်ရင်လဲ ပြောပေါ့နော်"





"ကိုယ့်အသက်က နှစ်ဆယ့်ခြောက်နှစ်"

"အင်း... ပြောပါဦး"

"ပညာအရည်အချင်းက မဟာသိပ္ပံဘွဲ့"

"မဆိုးဘူးနော်"

"နည်းနည်းဆိုးတာလေးတွေလဲ ရှိတယ်ဗျ အဟွန်း"

"ဘာလဲ မိန်းကလေး ချောချောလှလှမြင်တိုင်း ရင်ခုန်တတ်တာမျိုးလား"

တာက ခပ်တည်တည်နဲ့ မေးလိုက်တော့ ကိုလူချောက မျက်နှာပျက်သွားသည်။

ဒီတော့လည်း တာမှာပြောလိုက်မိတဲ့စကားအတွက် စိတ်မကောင်းချင်သလိုမျိုး ခံစားရပြန်သည်။

"အမှန်အတိုင်း ဝန်ခံရရင် မနေ့ကအထိ ကိုယ်ရည်းစားတွေ များခဲ့ပါတယ်။ မနက်က ရန်ကုန်လေဆိပ်မှာပဲ ကိုယ်ဆုံးဖြတ်ချက် ချလိုက်တယ်။ အပျော်ရည်းစားတွေ လုံးဝမထားတော့ဘူး။ ကိုယ့်နှလုံးသား နန်းတော်ကြီးကို အုပ်ချုပ်စိုးပိုင်ဖို့ ဘုရင်မတစ်ပါး နန်းတင်လိုက်တော့မယ်လို့လေ"

"ဩော်"

သတိထားနေတဲ့ကြားကပဲ တာ့မှာ ရည်းစားစကား အပြော ခံရလုနီးနီး အခြေအနေကို ရောက်သွားရတော့တာ။

"တကယ်ပြောတာပါ"

"အို… ရှင့်ကို ဘယ်သူက ဘာပြောလို့ ဒီလောက်တောင် အာမခံချက်တွေပေးနေရတာလဲ"

"ဆောရီး ကိုယ့်စိတ်တွေလွှတ်ထွက်ကုန်လို့ပါ"

"အဟွန်း… အသေအချာ ထိန်းရောပေါ့ရှင်"

အဲဒီအချိန်များပဲ ဆပ်သဖူးက တာ့ဆီကို တန်းတန်းမတ်မတ် လျှောက်လာတာမို့ တာက စကားဖြတ်ပစ်လိုက်တော့သည်။

"စကားပြောလို့တော့ ကောင်းပါတယ် သွားဦးမယ်နော်၊ စိတ်တွေကို နိုင်အောင်ထိန်းရှင့် အသက်နှစ်ဆယ့်ခြောက်နှစ် လောက်နဲ့ ရူးသွားရင်မကောင်းဘူးနော်"

"အဟွန်း… ကိုယ်ရူးရင်လဲ ကမ္ဘာပေါ်မှာ အလှဆုံးမိန်းက လေးကြောင့် ရူးရမှာမို့ တန်ပါတယ် မေခတ္တာ"

တာက မျက်လုံးလေးပြူးသွားရတော့တာ။





"အလို… ကျွန်မနာမည်ကို သိနေတယ်လား"

"မိန်းမလှလေးတစ်ယောက်ရဲ့ နာမည်ကို သိအောင်စုံစမ်းရ တာ အလွယ်ဆုံးပဲ"

"ဟုတ်လား သွားပြီနော်"

ရင်ခုန်ပျော်ရွှင်နေတဲ့ တာက ဆပ်သဖူးရဲ့ လက်ကိုဆွဲပြီး ဟိုတယ်အပြင်ဘက်လမ်းမပေါ် ထွက်လာခဲ့လိုက်တော့တာ။

"ဘယ်သွားမလို့လဲ" လို့ ဆပ်သဖူးက တိုးတိုးမေးတော့ ဘာမှမဆိုင်တဲ့ အဖြေကိုပဲ တာက ပြန်ပေးလိုက်မိသွားတော့သည်။

"အား… ငါ့ရင်တွေအရမ်းခုန်နေတယ် ဆပ်သဖူးရေ"

ဆပ်သဖူးက နှာခေါင်းလေးရှုံ့ပြသည်။

တာကတော့ လှုပ်လှုပ်ခတ်ခတ်လေးရယ် မောမိသွားတော့ တာ။

• • •



Book Sharing

Scanned by CamScanner

## အခန်း (၇)

အချစ်ဆိုတာ ရင်ခုန်တာကနေစတာပဲ ဖြစ်မယ် ဆပ်သဖူး"

"ဘာလဲ နင်က အဲဒီလမ်းသရဲကြီးကို ချစ်နေပြီလို့ ပြောချင်တာလား"

ဖူးက တမင်တကာ တည့်တည့်ပဲ မေးပစ်လိုက်တော့တာ။

စိတ်ထဲကလည်း မာမိနဲ့ပဲတိုင်ရမလား၊ ဒက်ဒီနဲ့ပဲတိုင်ပြောရမလားလို့ အပြေးအလွှား စဉ်းစားနေမိပြန်သည်။

တကယ်ပဲ ဖူ့စိတ်တိုနေမိတာ။

ခွတ္တာကို အဲဒီလူကြီးနဲ့ သဘောမတူပါဘူး။ ဒီလောက်ရဲရဲတင်းတင်း ကိုယ့်ကားယားကြီးကို ခွတ္တာပဲ သဘောကျတယ်။ ဖူးကတော့ နည်းနည်းလေးမှကို ကြည့်လို့မရပါ။





"လမ်းသရဲကြီးလို့ မပြောပါနဲ့ဟာ သူ့နာမည်က ဇေယျတဲ့ သရဲကြီးလို့ ပြောရအောင် အရုပ်မဆိုးပါဘူးဟယ်၊ သေသေချာချာ ကြည့်လေချောလေပဲ"

"ဘုရားရေ... နင်ဘယ်လောက်တောင်ကြည့်ခဲ့လို့လဲ"

စိတ်မပူပါနဲ့ မျက်မှန်ထဲကနေကြည့်တာပါ ဆပ်သဖူးရဲ့ အဟင်း...ဟင်း"

"ထင်ကို မထင်ဘူး"

ဖူးဘာကို ပြောချင်မှန်း သိသိကြီးနဲ့ ခွတ္တာက မသိချင်ယောင်ဆောင်ပြီး ထပ်မေးနေသည်။

"ဘာကိုလဲဟ"

"ဩော်... ခဏလေးနဲ့ နင်ဒီလောက်ကြီးဖြစ်သွားတာကိုပေါ့၊ ဒါပဲနော်၊ နင်အပျော်အပြက်လောက်ပဲလုပ် ခွတ္တာ၊ လိုတာထက် ပိုလာရင်တော့ ငါတိုင်ပြောမှာ"

ဆပ်သဖူးရဲ့ စကားကြောင့် တာက ဆတ်ခနဲတွန့်သွားရတော့တာ။

တကယ်ပဲ လူကြီးတွေနဲ့ တိုင်ပြောလိုက်ရင် ပွဲကမကရဘဲ

ပျက်သွားရတော့မှာ သေချာသည်။ တော့ရင်ခုန်သံကို ဒက်ဒီ မာမီတို့က နားလည်ပေးမှာမဟုတ်ပါ။

ဆပ်သမှူးပြောသလိုပဲ လမ်းသရဲမျက်စိနောက်စရာ၊ ထောင့်မကျိုးတဲ့ရုပ်ဆိုတဲ့ စကားတွေနဲ့ တော့ကို တားမြစ်ကြမှာ သေချာသည်။

ဒီတော့ တာက ဆပ်သမှူးကို အယုံသွင်းရတော့တာ။ ဒါမှပဲ တိုင်မပြောမှာ ဖြစ်သည်။

"ဆပ်သမှူးကလဲဟာ အပျော်အပြက်ပေါ့ဟဲ့၊ ရန်ကုန်မှာ တည်တည်ကြီး နေလာခဲ့ရတာဆိုတော့ ဒီမှာ စိတ်ရောကိုယ်ရော အပမ်းဖြေရင်း ရင်ခုန်တမ်းကစားကြည့်ရုံလောက်ပဲ အဲဒီထက် နည်းနည်းလေးမှမပိုဘူး သိလား"

"တကယ်နော်"

"ယုံရမှာတော့ နည်းနည်းခက်တယ်"

"ရော်... ဆပ်သမှူးကတော့ အတွေးခေါင်နေပြန်ပါပြီဟာ၊ အပျော်ပါဆို အပျော်ပေါ့ ဘာမှမဟုတ်ဘဲနဲ့ နင်အတိုင်အတောတွေ မထွင်နဲ့နော်"





ဆပ်သမှူး ပြောလိုက်တော့မှပဲ တော့စိတ်တွေက လေးလံရှုပ်ထွေးသွားရတော့တာ။

ဟုတ်ပါရဲ့။

ကိုကိုလှမော်ကို လက်ထပ်မယ်လို့ တာကိုယ်တိုင် မာမီကို ကတိပေးလာခဲ့တာပဲ။ အဲဒီတုန်းကတော့ ရင်ခုန်စရာ လူတစ်ယောက်မှ မတွေ့မိတဲ့တာက ဦးနှောက်နဲ့ပဲ အကောင်းဆုံးကို စဉ်းစားပြီး မာမီတို့ စိတ်ချမ်းသာအောင် ခေါင်းညိတ်ခဲ့တာဖြစ်သည်။

ကိုကိုလှမော်ဆိုတာက ချမ်းသာသည်။ ပညာတတ်သည်။ ရုပ်ရည်ကလည်း ချောမောသန့်ပြန့်သည်။ အစစအရာရာ ပြည့်စုံသည်။

အသက်ကလည်း တာ့ထက် ဆယ်နှစ်တိတိကြီးသည်။ တာ့ကို ငုံထားမတ် ချစ်တဲ့သူလည်းဖြစ်သည်။ တာကတော့ ကိုကိုလှမော်ကို ရင်မခုန်ပါ၊ ဒါပေမဲ့ သဘောတော့ ကျမိသည်။

"လက်ထပ်ပြီးရင် ချစ်သွားမှာပါ"လို့ တွေးပြီး တာဆုံးဖြတ်ခဲ့တာ။



Scanned by CamScanner

ဆုံးဖြတ်ချက်ချဖို့ ဖိအားတွေကလည်း အရမ်းများခဲ့တာကို။

အဲဒီက အချက်ကကေတော့ ကိုကိုလှမော်ကို လိုချင်တဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကိစ္စပဲဖြစ်သည်။ ကိုကိုလှမော်ကိုရင်မခုန်မိပေမဲ့ တာက အပြတ်လည်း မငြင်းနိုင်။

တာတွေဝေနေမိတဲ့ အချိန်မှာ တခြား မိန်းကလေးတစ်ယောက်ကို ကိုကိုလှမော်ပြောင်းချစ်သွားမှာကိုလည်း တာက စိုးရိမ်းတကြီး ဖြစ်မိပြန်သည်။ မာမိကလည်း ပြောသည်။

"အခွင့်အရေးဆိုတာ နှစ်ခါမရဘူး မိကြီး ရေ အဖေအရာရာလဲပြည့်စုံ ကိုယ့်ကိုလဲအရမ်းချစ်ဆိုတာမျိုး နောက်ထပ်တွေ့ဖို့ မလွယ်ဘူး။ ကိုယ့်ကို အရမ်းချစ်တဲ့သူတော့ တွေ့ရပါရဲ့ ဒါပေမဲ့ အဲဒီလူက ဘာမှသုံးလို့မရတဲ့လူ ဖြစ်နေရင်လဲ အခက်နော်၊ စဉ်းစား"တဲ့ မာမိ ဖိအားပေးတဲ့စကားက ထိရောက်လွန်းနေတာမို့ တာ ဆုံးဖြတ်ဖြစ်သွားတော့တာ။

အခု ကိုကိုလှမော်က အလုပ်ကိစ္စနဲ့ နိုင်ငံခြားကို ခဏသွားနေသည်။ တာက လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ပြီဆိုတော့ နှစ်ဖက်မိဘနဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေက ကြီးကျယ်ခမ်းနားတဲ့





မင်္ဂလာပွဲတစ်ခုအတွက် စိတ်ကူးတွေယဉ်နေကြပြီ။

ဟော... အဲဒီအချိန်မှာမှ တာက ရင်ခုန်တတ်သွားတာ။

ကိုဇေယျကို တွေ့တဲ့အချိန်က ဘာကြောင့်ဒီကိစ္စတွေကို မေ့လျော့နေရတာလဲ ဘာကြောင့် အထိန်းအကွပ်မရှိ ရင်ခုန်ပစ်လိုက်ရတာလဲ ဟုတ်ပါရဲ့ကွယ်။

တာကိုယ့်နှလုံးသားကို ကိုယ်အလိုလိုက်မိသွားတာပဲ။

တာငိုင်သွားတော့ ဆပ်သဖူးက ဝေဖန်သည်။

"နင်ကအပျော်လို့လဲ ပြောတယ်၊ အခုတော့လဲ မျက်နှာကမျက်လို့ အပျော်တွေအပြက်တွေလဲ လုပ်မနေပါနဲ့ ခတ္တာရာ ပျော်ချင်ရင် တခြားပျော်စရာတွေမှ အများကြီး မီးနဲ့မကစားနဲ့ တော်ကြာ နင့်အတွက်လဲ မကောင်းဘူး သူ့အတွက်လဲ မကောင်းဘူး၊ သူကလဲအပျော် နင်ကလဲ အပျော်ဆိုရင်တောင် ကိုကိုလှမော် သိသွားရင်မကောင်းပြန်ဘူး"

အငယ်ဖြစ်ပေမဲ့ ဆပ်သဖူးပြောတာက ဟုတ်မှန်နေတာမို့ တာက ငြိမ်နားထောင်နေလိုက်ရတော့တာ။

ဒက်မီမီကို တာတို့အလည်လာတာ ဆယ်ရက်ပဲ သတ်မှတ်

ထားသည်။ ဆယ်ရက်နေပြီးရင် ချန်ကုန်ကိုပြန်မှာဖြစ်သည်။ ဆယ်ရက်နဲ့ ကိုယ့်ဒုက္ခကိုယ်ရှာမိရင် တန်ပါ့မလားနော်။

"ဒက်ဒီလာရင် ပြောလိုက်မယ်ဟာ အခုပဲ ဒက်ဒီတို့ရဲ့ ကျွန်းကို သွားတော့မယ်လို့"

ဆပ်သနှမှူးက တအံ့တသြပြောသည်။

"ဟင် ... ကော့သောင်းမှာ တစ်ညအိပ်ပြီးမှာ သွားမယ်လို့ ပြောတာလဲ နင့်ပဲ"

တာက ခပ်ရွှမ်းရွှမ်းလေး ပြုံးလိုက်မိသည်။

"အစကတော့ ကိုကိုလူမော်ကို မေ့ပြီး ခဏတစ်ဖြုတ် ရင်ခုန်ကြည့်မလို့ပဲဟာ၊ ဒါပေမဲ့ နင်ပြောသလိုပဲ မီးနဲ့မကစား တော့ပါဘူး၊ ကိုကိုလူမော်နဲ့ လက်ထပ်ဖို့ ခေါင်းညိတ်မထားဘူး ဆိုရင်တော့လဲ တစ်မျိုးပေါ့ ခုတော့ မီးကို မလောင်ခင်ကတား လိုက်မယ်"

ခတ္တာမျက်နှာလေး ညှိုးနေတော့လည်း မှူးက သနားမိသွား သည်။

ခတ္တာ တကယ်ရင်ခုန်သွားတာပဲ ဖြစ်မယ်လို့ မှူးကတွေးနေ





မိသည်။

"ရင်ခုန်တိုင်း အချစ်မဖြစ်ပါဘူး ခတ္တာရာ၊ တစ်ခါတလေ မြင်နေကျ တွေ့နေကျမဟုတ်တဲ့အရာကို စိတ်လှုပ်ရှားသွားတတ် တာလဲ ရှိတာပဲ"

"အေး ...အဲဒီလိုပဲဖြစ်မှာပါ"

"ကော့သောင်းမှာ တစ်ညမအိပ်တော့ဘူးပေါ့"

"အေးလေ သော်ကြာသူရောက်လာရင် စကားတွေဘာတွေ ပြောနေမိဦးမယ်၊ ဒီတော့ ရှောင်ထွက်သွားတာ အကောင်းဆုံးပဲ ပေါ့"

ဒီလိုဆိုတော့လည်း ခတ္တာရဲ့ စိတ်ကပြတ်သားတာပဲလို့ မှူးက တွေးပြီးချီးကျူးမိသည်။

ခတ္တာက စောစောကလို ရွှင်လန်းပြုံးကြွ မနေတော့ဘဲ၊ ငြိမ်သက်မှိုင်းငေးသွားတော့ ဆံရှည်ကိုယ်တော်ကိုပဲ မှူးက မေတ္တာပို့ မိတော့သည်။

ဟုတ်တယ်၊ သူသာဝင်မရှုပ်ရင် ခတ္တာလည်း မှိုင်စရာ အကြောင်းမရှိဘူး၊ ဒက်ဒီတို့ အပေပ်ဖြေစခန်းဆောက်နေတဲ့ကျွန်း

ကိုလည်း ချက်ချင်းဆင်းသွားစရာမလိုဘူး၊ ခုတော့ ဒီနေ့ပဲ ကျောင်းကိုရောက် ဒီနေ့ပဲ ခရီးဆက်ရတော့မည်။

အို… အဲဒီလူကြီးကို မုန်းလိုက်တာနော်။

သူနဲ့ လေယာဉ်တစ်စင်းတည်းစီးမိတာကိုက ကြိုလ်ဝင်တာ။

ဒီလောက်ကိုယို့ကားယား အပြင်အဆင်တွေနဲ့ လူကိုများ ခတ္တာကလည်း ရင်ခုန်သတဲ့။ ဖူးက လမ်းသရဲလို့ ပြောတာကို တောင် ကြိုက်ပုံမရဘဲ၊ အသေအချာကြည့်လေ ချောလေပဲလို့ ခတ္တာက ချီးမွမ်းခန်းဖွင့်ပြနေသေးတာ။

ဖူးအမြင်မှာတော့ အဲဒီဖေယျာဆိုတဲ့ လူကြီးနဲ့ ကိုကိုလှမော် နဲ့ကို ယှဉ်လိုက်ရင် တကယ့်ကိုပဲ အကွာကြီးကွာနေတာ။

ကိုကိုလှမော်က လူကြီးလူကောင်းဆန်ဆန်း ခံ့ညား ချော မောသည်။ ယဉ်ကျေးရိုးသားသည်၊ လှုပ်ရှားတာ စကားပြောတာက အစ အထက်တန်းကျသည်။

ကိုဆံရှည်ကတော့ ရုံတင်းလိုက်တာကလည်း အလွန် ပြောမှုံ ဆိုးနေပုံလိုင်ပုံကလည်း နည်းနည်းလေးမှ ထောင့်မကျိုးပုံကလည်း ခပ်ကြမ်းကြမ်းရယ်။





အို… ဖူးကတော့ နည်းနည်းလေးမှ ကြည့်လို့မရဘူး။ စောစောက ခတ္တာကို အဲဒီလူ ဧည့်ခန်းမှာရှိနေတဲ့အကြောင်း ပြောပြလိုက်မိတဲ့အတွက်လည်း နောင်တရမိနေတော့တာ။

"ဆပ်သဖူးရေ ခက်ဒီလာမှ ငါကိုလာခေါ်နော်၊ ငါခဏအိပ် လိုက်ဦးမယ်"

"အင်း… အင်း"

ဖူးကအလိုက်တသိပဲ ဆက်တီမှာသွားထိုင်ပြီး မဂ္ဂဇင်းတစ် အုပ်ကို ဖတ်နေလိုက်ရတော့သည်။

ခတ္တာ မအိပ်နိုင်ဘူးဆိုတာကို ဖူးသိနေတာပဲ။

အံ့ဩစရာတော့ အကောင်းသား အဲဒီ ကိုလမ်းသရဲကို တွေ့တာနာရီပိုင်းလောက်ပဲ ရှိသေးတဲ့အချိန်မှာတောင် ခတ္တာက ဒီလောက်ခံစားရသတဲ့လေ။

ဟွန်း… ခတ္တာတို့များ ရူးပါနော်။

ဖူးက မျက်နှာလှလှလေးကို ရှုံ့မဲ့ပစ်လိုက်ပြီး နီရဲရဲပန်းသီး ကြီးကို ဒီအတိုင်း ကိုက်စားပစ်လိုက်တော့တာ။

ခတ္တာအတွက် ဒီခရီးက အပျော်ခရီးဖြစ်ဖို့မဖြစ်ဖို့ မသေချာ



Book Sharing

Scanned by CamScanner

ပေမဲ့ ဖူးအတွက်ကတော့ အင်မတန်ကောင်းတဲ့ ခရီးစဉ်ပါပဲ။

စားစရာတွေကောင်းတာနဲ့တင် လာရကျိုးနပ်နေပြီလို့ အစားသမားဖူးက တွေးနေမိတော့တာ။ အသီးတွေကလည်း ကောင်းမှကောင်း သရေစာတွေကလည်း ဂွတ်မှဂွတ် နေ့လယ်စာစားတဲ့ Sea good ဆိုင်ကလည်း စားလို့ကောင်းမှကောင်း၊ ဒီလောက်အစားအသောက်တွေ ကောင်းနေမှတော့ ဖူးအရမ်းဝလာတော့မှာ။

အင်း... အစားတော့ မလျှော့နိုင်ဘူးကွယ် ကျွန်းကိုရောက်မှပဲ ရေများများကူးပြီး ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများများလုပ်တော့မည်လို့ ဖူးကတွေးနေမိတော့တာ။

ခုချိန်မှာ ရင်မခုန်တတ်သေးတဲ့ ဖူးကတော့ အပူအပင်ကင်းမဲ့နေရတော့သည်။

• • •





## အခန်း(၈)

ဆပ်သဖူး ပန်းသီးကို ကိုက်စားနေတဲ့အသံ တခွပ်ခွပ်ကို ကြားနေရသည်။

အအိပ်မက်တဲ့ တာကတော့ အိပ်ချင်စိတ်လုံးဝမရှိဘဲ မျက်လုံးကို စုံမှိတ်လို့ ငြိမ်သက်နေရတော့တာ။ နောက်ဆုတ်လိုက်မယ်ဟာလို့ ဆပ်သဖူးကို ပြောခဲ့တုန်းကတော့ ပေါ့ပေါ့လေးပါပဲ။

ဒါပေမဲ့ တကယ်ပဲ နောက်ဆုတ်နိုင်ပါ့မလား၊ ကိုဇေယျကြောင့် လှုပ်ရှားခုန်ပေါက်နေတဲ့ နှလုံးသားကို ငြိမ်သက်အောင်ထိန်းကျောင်းလို့ ရနိုင်ပါတော့မလားဆိုတဲ့ အတွေးတွေနဲ့ တာကသံသယတွေ ပွားနေမိတော့တာ။



Scanned by CamScanner

တကယ်လို့သာ ဒီအချိန် ဒီနေရာမှာ ရင်ခုန်ရမယ်ဆိုတာကို တာကြိုသိထားခဲ့ရင် ကိုကိုလှမော်ကို မရွေးချယ်ပါဘူးကွယ်။

ခုတော့ ခေါင်းညိတ်ပြီးသွားပြီ။

ခေါင်းညိတ်ထားရုံလောက်ကို ဖျက်ပစ်ရင်ရနိုင်သားပဲလို့ တွေးမိပေမဲ့ အဲဒီလိုမျိုးလည်း တာက မလုပ်နိုင်ပြန်ပါ။

ကိုကိုလှမော်ကိုလည်း တာအဆုံးရှုံးမခံချင် အခုခံစားနေရတဲ့ ရင်ခုန်ခြင်းကိုလည်း အဆုံးထိရောက်အောင် ခံစားကြည့်ချင်နေပြန်တာဆိုတော့။ တာ့ကိုယ်တာတောင် ဘယ်လိုနားလည်ရမှန်းမသိတော့ပါ။

တာ့အဖြစ်က ငါးစိမ်းကိုလည်းလိုချင် ငါးကင်ကိုလည်း မပစ်နိုင်ဆိုတာမျိုးဖြစ်နေပြီလား မသိတော့။

ရန်ကုန်ကို ချက်ချင်းပြန်ရကောင်းမလား။

ဒါလည်းမဖြစ်သေး ကိုကိုကြီးတို့ ဒက်ဒီတို့မေးရင် အဖြေရခက်လိမ့်ဦးမည်။ ပြီးတော့ ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်နေရလိမ့်မည်။

အို… ဒက်ဒီတို့ရဲ့ ကျွန်းမှာသွားနေလိုက်ရင် ပြီးတာပါပဲ။





တာကတွေးရင်း သက်ပြင်းခိုးချတဲ့ အချိန်မှာ အခန်းတံခါး ခေါက်သံကြားရသည်။ ဒက်ဒီပဲ ဖြစ်မယ်လို့ တွေးပြီး နားစွင့်နေဆဲမှာပဲ ဒက်ဒီအသံကို ကြားရတော့တာ။

"မီးမီးကြီး အိပ်နေလား မီ.မီးငယ် ညည်.ကရော ပန်းသီ.ဆယ်လုံး အကုန်စားပစ်လိုက်ပြီလာ ဟာ…ဟာ"

ဒက်ဒီအသံကို ကြားရတော့တာ။

"ဒက်ဒီကလဲ မေ ဖိုးတောင်မလိုဘူး၊ ခတ္တာကံ အိပ်နေတယ်၊ ဖူးကစားနေတယ် ဒါပဲပေါ့"

"ညကျရင် သူဌေးကျွန်းဟိုတယ်မှာ ဘူဖေး သွာ စာ ဖို့ ဒက်ဒီစီစဉ်ထားတယ် မီ.မီးငယ်ရေ ဒက်ဒီသမီးကတော့ စိတ်ဆို့တော့မယ်ထင်ပါရဲ့ဗျာ"

"ဟာ ဖူ က ဒက်ဒီကို ပြောမလို့ ဒီနေ့ပဲ ကျွန်း ကိုသွာ.လို့ မရဘူးလာ.ဟင် ခတ္တာက ပြောတယ်၊ တစ်ညအိပ်ရမှာတောင် ပျင်းသွားပြီးတဲ့ ကျွန်း ကိုပဲ သွားတော့မယ်တဲ့"

တာက ဒက်ဒီနဲ့ ဆပ်သဖူးပြောဆိုနေကြတာကို အသက်တောင်မရှုနိုင်ဘဲ နားစွင့်နေမိတော့တာ။

"သူဌေးကျွန်းဟိုတယ်မှာ ဘုဖေးစားဖို့ ဒက်ဒီအာလုံ စီစဉ်ပြီးသွားပြီ ဖျက်လို့မရတော့ဘူး၊ ဒက်ဒီတို့ လုပ်ငန်းနဲ့ဆက်နွှယ်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုပါ ဖိတ်ထားလိုက်ပြီ"

"ဟယ်"

"ပြီတော့ အခုသွားလို့လဲမရသေးဘူး ဒက်ဒီမှာ အလုပ်တွေရှိသေးတယ်၊ မနက်မှပဲ သွားမယ်ဟုတ်လား"

"ဟို... ဟိုလေ"

"ကဲ မီမီကြီး ကိုလဲပြောလိုက် ညနေခြောက်နာရီ သူဌေးကျွန်းကို သွားမယ်လို့"

"ဟုတ်"

ဒက်ဒီ ပြန်ထွက်သွားတဲ့ အသံကို နားစွင့်ရင် တာက မပျော်နိုင်ဘဲ ဖြစ်နေရတော့တာ။

အမှန်အတိုင်း ဝန်ခံရရင် တာ ကိုဇေယျနဲ့ ထပ်တွေ့ရမှာကို ကြောက်နေမိတာဖြစ်သည်။ ရင်ခုန်မိပေမဲ့ ကိုကိုလူမော်ကို စွန့်လွှတ်ဝံ့တဲ့အထိ မစွန့်စားရဲမှတော့၊ နောက်ထပ်မတွေ့တာပဲ အကောင်းဆုံးဖြစ်မည်ထင်သည်။





အခုတစ်ညအိပ်ရဦးမယ်ဆိုတော့ ကိုဇေယျနဲ့ တွေ့ချင်တွေ့နိုင်သေးတာပေါ့နော်။

"ဟင်း"

တာသက်ပြင်းချသံက ကျယ်လောင်သွားတော့ ဆံပင်သမူးက မေးသည်။

"ခက္ကာ နင်မအိပ်ဘူး၊ မဟုတ်လား"

"အင်း"

"ဒါဆိုဒက်ဒီပြောသွားတာနင်ကြားတယ်နော်"

"အင်း"

"ငါလဲ ပြောပေးတာပဲ မရတာတော့ မတတ်နိုင်ဘူး"

"အင်းပါ"

"နင်က ကိုလမ်းသရဲနဲ့ နောက်ထပ်မတွေ့ချင်လို့ ကျွန်းကို အမြန်သွားချင်တာ မဟုတ်လား"

"ဒါဆို ဘာမှစိတ်မပူနဲ့ ခက္ကာ ငါတာဝန်သာထား၊ နင်အဲဒီလူကြီးနဲ့ လုံးဝမတွေ့စေရဘူး"

ဒီတစ်ခါတော့ အင်း"လို့ မလုပ်နိုင်တော့ဘဲ တာက



Scanned by CamScanner

မေးရတော့သည်။

"နင်က ဘာလုပ်မလို့လဲ ဆပ်သမှုးရဲ့ သူက အတင်းပဲ လာတွေ့ရင်ရော"

"အို အခန့် ထဲထိတော့ ဝင်လာတွေ့လို့ မရပါဘူးဟာ၊ နင်ထွက်တွေ့မှ တွေ့ရမယ် ကိစ္စပဲဟာ။ ထွက်မတွေ့ရင်မြင်ရဖို့ အကြောင်းမရှိဘူး"

"သူက စွတ်ဆိုရင်"

"စိတ်မပူနဲ့ ငါထွက်တွေ့ပြီး တစ်ချက်တည်းနဲ့ စိတ်ပျက်သွားအောင် ပြောပေးလိုက်မယ်ဟုတ်လား"

ကဲနော်။

ဘာတတ်နိုင်တော့မှာလဲ၊ တာက ဆပ်သမှူး ပြောတာကိုပဲ ခေါင်းညိတ်ရတော့သည်။

"ဟုတ်ပါတယ် သူစိတ်ပျက်သွားရင် ပွဲသိမ်းသွားမှာပ"

"ကဲ... အချိန်ရတုန်းအိပ်နော် ကိုကိုလှမော့်အကြောင်းပဲ များများစဉ်းစား ခွေ့ဘာ၊ နင် ဓါတ်ပုံလေးဘာလေး ပါမလာဘူးလား"





"ဟင့်အင်း... မပါဘူး"

"ဒါဆိုလဲ စိတ်ကူးနဲ့ပဲ ပုံဖေါ်ကြည့်ပေါ့ဟာ၊ နင်နဲ့ကိုကိုလှမော်က အရမ်းလိုက်ဖက်ညီတဲ့ ခွေ့ဘာရဲ့။ ကိုကိုလှမော်လို ယောကျ်ားမျိုးနဲ့ လက်ထပ်ရတဲ့ မိန်းမတစ်ယောက်အဖို့ သားစဉ်မြေးဆက်အထိ စိတ်အေးရပြီလို့မှတ်ရမှာနော်၊ အဲဒီလောက်အထိ ပြည့်စုံတာ"

ဒီလို စကားမျိုးကို ကြားရတော့လည်း တာ့စိတ်တွေက ကိုကိုလှမော်ဆီကို ယိမ်းယိုင်သွားရပြန်သည်။

ဟုတ်တာပဲလေ။

ကိုကိုလှမော်လို အရာရာပြည့်စုံတဲ့ ယောကျ်ားမျိုး နောက်တစ်ယောက်တွေ့ရဖို့ လွယ်ပါ့မလား။ တာ့ကို ချစ်တာမှလည်း အရမ်း။ တာ့အတွက်ဆို ဘာပဲ လုပ်ပေးရပါစေ တာပျော်ရွှင်စိတ်ချမ်းသာတာကို မြင်ချင်တယ်လို့ တဖွဖွပြောပြီးနေတဲ့ ကိုကိုလှမော်ရဲ့အချစ်ကို တာ တန်ဖိုးထားရမှာပေါ့။

နောက်ဆုံးတော့ တာက စိတ်ကို ဒုန်းဒုန်းချလိုက်တော့သည်။



Scanned by CamScanner

ခဏာလောက် စိတ်ညွတ်နူးသာယာတာနဲ့ပဲ ဘဝလမ်းကြောင်းကိုတော့ မပြောင်းပစ်နိုင်ပါ။

ဒီတော့ တာ့ကိုယ်တာ နိုင်အောင်ထိန်းချုပ်ဖို့ပဲ ရှိပါတော့သည်။

* * *

Book Sharing



## အခန်း (၉)

"ဟော့ကောင် ပွဲကြီးပွဲကောင်း တစ်ခုလိုက်မလား"

ကျော်ဦးက မချိုမချဉ်မျက်နှာပေးနဲ့ သူ့ကို မေးနေတာဖြစ်သည်။

"ဘာလဲ စားပွဲသောက်ပွဲလား"

"ဆိုပါတော့"

"ဘယ်တော့လဲ"

"ဒီညနေပဲလေ နေရာက သူဌေးကျွန်းဟိုတယ်မှာနော်"

ဇေယျာက ပြတ်ပြတ်သားသားပဲ ငြင်းပစ်လိုက်တော့သည်။

"စိတ်မဝင်စားပါဘူးကွာ အချစ်နတ်သမီးလေးဆီကို သွား



Scanned by CamScanner

ရဦးမယ်၊ အခြေအနေက အတော်ကောင်းနေပြီဆိုတော့ ကောင်းသထက်ကောင်းအောင် ကြိုးစားမှ ဖြစ်တော့မှာ"

"ငါနဲ့လိုက်ခဲ့ပြီး ကြိုးစားရင်လဲ ရပါတယ်ကွာ"

"ဟော့ကောင် မဟုတ်မဟတ်တွေလာပြောမနေနဲ့"

"ဘာလဲ မင်းက မယုံဘူးလား"

"ငါက ဘာကို ယုံရမှာလဲ"

"သူဌေးကျွန်းဟိုတယ်မှာ ထမင်းစားဖို့အတွက် မင်းရင်ခုန်သံလေးရဲ့ အဖေက ငါ့ကို ဖိတ်ထားတယ်ဆိုရင် မင်းယုံမှာလား"

တကယ်ဆို ယုံရခက်ခက် ဖြစ်သည်။

ဒါပေမဲ့ ကျော်ဦးကို စွာလို့မရတဲ့အတွက် ဖေယျာကယုံပြလိုက်ရတော့တာ။

"ဟာ ယုံတာပေါ့ကွာ မင်းအဆင့်က လုပ်ငန်းရှင်ကြီးအဆင့်ပဲဟာ၊ သူဌေးကျွန်းဟိုတယ်လောက်မပြောနဲ့ လန်ဒန်ကို ဖိတ်ထားတယ်လို့ ပြောရင်တောင် ယုံတယ်"

"အဟဲ... အဲဒီလိုမျိုး အပေါင်းအသင်းအပေါ်မှာ အထင်





ကြီးတတ်တော့လဲ မင်းကို မေတ္တာရှိမိတာပေါ့ကွာ"

"ခင်ရုံလောက်ဆိုရပါပြီ အချစ်တွေ နမေတ္တာတွေကိုတော့ မင်းဆီက မယူပါရစေနဲ့ ကြက်သီးထလွန်းလို့ပါ"

"ဟော့ကောင် ငါပေးရင် အံကုန်သာ ယူနော် ဒီညပေးမယ့် အခွင့်အရေးကိုလဲ လက်လွတ်မခံနဲ့ အန်ကယ်လ်ဦးသိဟကထမင်းစားဖိတ်ထားတာဆိုတော့ သူ့သမီးနှစ်ယောက်လဲ သေချာပေါက်ပါမှာပဲ၊ ကဲ...မင်းလိုက်မလား"

ဒီတစ်ခါတော့ ဖေယျာက ထခုန်ချင်လောက်အောင် ဝမ်းသာသွားပြီး ကျော်ဦးကိုလည်း ထိုင်ကန်တော့ချင်လောက်အောင် ကျေးဇူးတင် သွားရတော့သည်။

"ဟာ...ဝမ်းသာလိုက်တာကွာ ကျေးဇူးအရမ်းတင်တယ် ကျော်ဦး မင်းကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမလဲပြော"

"မင်းညီမ ငါ့ပေးလေကွာ"

မေတ္တာ ပျက်ချင်သွားပေမဲ့ ရယ်နေရတော့တာ။

"ငါ့ညီမကို မင်းကြိုက်ရင် မင်းဘာသာမင်းကြိုးစားပေါ့ကွာ၊ ငါပေးလို့ မင်းကို ကြိုက်မှဖြစ်မှာ ကြိုးစား ယောက်ဖ



Scanned by CamScanner

ကြိုးစား"

"အပြီး မင်းခွင့်ပြုချက်နဲ့ ကြိုးစားမှာနော်"

ဆဲပစ်ချင်တဲ့စိတ်ကို ဖေယျက အသာလေးပဲ ပြန်ဖျိုချထားရတော့သည်။

ကျော်ဦးဆိကရမယ့် အခွင့်အရေးက နည်းနည်းနောနောမှ မဟုတ်တာ။ ဒီတော့ သည်းခံရပါလိမ့်မည်။

"ဘယ်အချိန်သွားမှာလဲ ကျော်ဦး"

"ညနေ ခြောက်နာရီ"

"အိုကေ... မင်းအိမ်ကို ငါလာခဲ့မယ်"

"ငါ လာခေါ်ပါ့မယ်ကွာ"

ကျော်ဦး ဉာဏ်များပြီဆိုတာကို သိပေမဲ့ မသိသလို နေရတော့သည်။ ဒီကောင်အိမ်လာပြီး ညီမလေးကို အသေအလဲငမ်းတော့မှာ သေချာသည်။

အင်းလေ သူ့နှမကိုယ်နှမ ဘာတတ်နိုင်မှာတဲ့လဲ ကျော်ဦးလည်း မဆိုးပါဘူးလို့ တွေးလိုက်ရတော့သည်။

လောလောဆယ်မှာ သူ့ရင်ခုန်သံတွေ စည်းချက်မမှန်ဘဲ





ဖြစ်နေတဲ့ ကိစ္စက ပိုအရေးကြီးနေသည်။

တွေ့စကနေ ခုထိ သူမလေးရဲ့ ပုံရိပ်ကို မေ့လို့မရသေးတာ အတော်ဆိုးသည်။ သူမလေးရဲ့အလှတွေကို တစ်ခုစီပြန်မြင်ယောင်ပြီးခွဲလမ်း ယစ်မူးနေမိတော့တာ။

အတွေးတွေနဲ့ သူမလေးကို ချစ်နေမိတာလည်း အကြိမ်ကြိမ်။

အရင်က ရည်းစားတွေထားခဲ့ပေမဲ့ ခုလိုစွဲလမ်းမြင်ယောင်တာမျိုးမရှိခဲ့ပါ။ တွေ့ရင်လွမ်းမည်၊ ကွယ်ရင် နောက်တစ်ယောက်နဲ့တွဲမည် သူ့ဒဿနက ဒါပဲဖြစ်သည်။

ရည်းစားတွေအကြောင်း ခေါင်းထဲမှာ သိပ်ထည့်မထားနိုင်။ ဒါကြောင့် ရည်းစားတွေကို လက်ဆောင်ပေးရင်တောင် တစ်မျိုးတည်းတစ်ပုံစံတည်း ဝယ်ပြီးပေးခဲ့တာ။

ရည်းစားဟာဆိုလည်း တစ်စောင်တည်းရေးပြီး ဘယ်မိန်းကလေးကိုမဆို ပေးလို့ရအောင် စီမံထားတာ။

ချစ်သူတွေ ရည်းစားတွေများခဲ့သလို သူကမိန်းကလေးတွေနဲ့လည်း လက်ပွန်းတတီးရှိခဲ့သည်။



Scanned by CamScanner

ဖေယျက ရိုးရိုးသားသား ထုံထုံအအလေးတော့မဟုတ်ပါ။ ပါးလွှန်းနပ်လွန်းလို့ပဲ ရည်းစားတွေများပြီး မိန်းမမရသေးတာဖြစ်သည်။ သူထားခဲ့တဲ့ ရည်းစားတွေကို လက်ထပ်ဖို့အထိ စဉ်းစားလို့မရခဲ့တာလည်း အမှန်ပဲဖြစ်သည်။

အခု မေခတ္တာဆိုတဲ့ အလှလေးကိုတော့ တစ်သက်လုံးပိုင်ဆိုင်ချင်တဲ့စိတ်တွေ ဖြစ်နေရလေပြီ။

"နေဦး မင်းကဒီနေ့ပဲ ရောက်တယ် ဒီနေ့ပဲ ရည်းစားတွေကို လိုက်ဖြတ်ပစ်တယ်ဆို"

ကျော်ဦးက မေးခြင်းဖြစ်သည်။

"မင်းကို ဘယ်သူပြောလဲ"

"မင်းက နာမည်ကြီးလေကွာ၊ ဒီမြို့မှာတော့ မင်းလုပ်သမျှသတင်းပဲပေါ့"

"သတင်းဖြစ်အောင် လုပ်တာမဟုတ်ဘူးကွာ၊ အပျော်ရည်းစားတွေကို ရှင်းပစ်တာ အတည်ရည်းစားထားဖို့ ဆုံးဖြတ်လိုက်လို့ဆိုပါတော့"

"ဟော..."



"မေခတ္တာဆိုတဲ့ ပန်းပွင့်လေးကို ငါတကယ်လိုချင်သွားပြီးကျော်ဦး"

"မင်းက အင်မတန်ဖွံ့တဲ့ကောင်ပဲ ဖြစ်နိုင်ပါတယ်"

"မင်းရော မေဆပ်သဖူးဆိုတဲ့ ပန်းကလေးကို မချူချင်ဘူးလား"

"မြင့်လွန်းပါတယ်ကွာ မမီတဲ့ပန်းကို တုံးခုလှမ်းရင်ဘာဖြစ်တယ်ဆိုလား၊ စကားပုံတောင်ရှိတာပဲ"

ကျော်ဦးနဲ့ သူက ဒီနေရာမှာ ကွဲလွဲသွားပြီ။

သူကတော့ မမီဘူး၊ မတန်ဘူး၊ မြင့်လွန်းတယ်ဆိုတာမျိုးကိုဘယ်တော့မှ တွေးလိမ့်မည်မဟုတ်ပါ။

သူ့ဘဝမှာ လိုချင်တာကိုရအောင်ယူဖို့ပဲ ဆုံးဖြတ်ထားသည်။ သူက ဇွဲနဘဲကြီးသံလို စိတ်ဓာတ်လည်း ပြင်းထန်သည်။ မရနိုင်ဘူးဆိုတာ သူ့မှာမရှိ လိုချင်ရင် ရကိုရ ရမည်။

အရှုံးပေးတယ်ဆိုတာ တစ်ခါမှ တွေးမထားမိတဲ့ အရာဖြစ်သည်။

အခုပဲ သူမလေးကို တကယ်ရင်ခုန်နေပြီမို့ အပိုအပြင်ကြီး

စားပြီး အရယူဖို့ပဲတွေးနေမိတော့တာ။ ကျော်ဦးဆီက မထင်မှတ်တဲ့ အခွင့်အရေးကို ရလိုက်ပြီ။

သူကြိုးစားဖို့ပဲ ရှိတော့သည်။

ဇေယျာက အတွေးတွေနဲ့ ရင်ခုန်နေချိန်တွင် ခတ္တာကတော့ ကိုကိုလှမ်းမော်နဲ့ ဖုန်းထဲကနေ စကားပြောရင်း စိတ်တင်းကျပ်မှုတွေ ပြေပျောက်အောင်ကုစားနေရတော့သည်။ ကိုကို့ အသံကတော့ ကြည်လင်နေတာ။

"တာတာပျော်ရဲ့လား"

"ဒီလောက်လဲ မဟုတ်ပါဘူး ကိုကိုရယ်၊ ကိုကိုရော အဲဒီက ကောင်မလေးတွေနဲ့ ပျော်နေပြီလား"

"မပျော်ပါဘူးဗျာ၊ ကိုကို့အနားမှာ ဘယ်ကောင်မလေးမှလဲ မရှိ အချိန်ပြည့် တာတာကိုပဲ လွမ်းနေရတာဗျ အဲဟွန်း...ဟွန်း"

တာက ကိုကို့စကားတွေကို ကျေနပ်နေမိပြန်သည်။ ကိုကို့ အချစ်ကိုရထားတာ ဘယ်လောက် ကံကောင်းထားသလဲနော်။

"မယုံဘူး"

"တာက ကိုကို့ကို မယုံဘူး... ဟုတ်လား"





"အင်း... ဟင်"

"ကိုကိုကတော့ တာ့ကို ယုံတယ်ဗျာ"

ကိုကို့စကားကြောင့် တာက လိပ်ပြာမလုံဘဲ ဖြစ်သွားရတော့တာ။ ကိုကို့လို လူတစ်ယောက်ကို ရင်မခုန်နိုင်ဘဲ ကိုဇေယျာလို လူမျိုးကိုတော့ ပြင်မြင်ချင်းမှာတောင် ရင်ခုန်စိတ်လှုပ်ရှားရတယ်ဆိုတာ ဘယ်လောက် ရုပ်ပျက်ဆင်းပျက်နိုင်နေသလဲ ပြီးတော့ တာက ကိုကို့ကို လက်ထပ်ဖို့ ကတိပေးထားပြီးပြီ ရင်ခုန်တာ မခုန်တာထား တာကိုယ်တိုင်ပဲ ကျေကျေနပ်နပ်ရွေးချယ်ထားပြီးပြီ။

ဒီတော့ တာ့အတွေးတွေ တာ့ခံစားမှုတွေ တာ့စိတ်တွေ တာ့ခွဲလမ်း ယစ်မူးမှုတွေအားလုံး ကိုကိုဆီမှာပဲ ရှိနေသင့်သည်။ ကိုကို့ဆီကနေ တခြားတစ်ပါးကို စိတ်မပြန့်လွင့်သင့်ပါ။ ခုမှတွေ့တဲ့ စိတ်မဖြစ်သင့်ပါ။

"ကိုကို"

"ဗျာ"

"မြန်မြန်ပြန်လာခဲ့တော့နော်"



Scanned by CamScanner

"အလုပ်ပြီ တာနဲ့ ပြန်လာခဲ့မယ်"

"တာလဲ ဒီမှာ ကြာကြာမနေတော့ဘူးသိလား"

တာက ရင်ထဲမှာရှိတဲ့အတိုင်း ပြောနေမိတာ။ အမှန်လည်း တာ အိမ်ပြန်ချင်နေပြီ။

"ဟင်...တာတာက ဆယ်ရက်လောက်ပဲ နေမယ်ဟာ ဘာဖြစ်လို့ ကြာကြာမနေဘူးလဲဗျာ"

"ကိုကိုနဲ့မှ လာခဲ့တော့မယ်"

"ချစ်စရာကောင်းလိုက်တာဗျာ အဟွန်း...ဟွန်း"

ဒါပေမဲ့ ရောက်တုန်းမှာ ဆယ်ရက်တော့ ပြည့်အောင်နေလိုက်ပါကလေးရယ် ပျော်ပျော်ရွှင်ရွှင်ပေါ့ဗျာ ကိုကိုတို့လက်ထပ်ရပြီးတော့ နောက်တစ်ခေါက် ထပ်သွားမယ်နော်"

"တာ......လွမ်းတယ်"

တာက အဲဒီစကားကို တကယ် စိတ်ပါလက်ပါ နက်နက်နဲနဲ ပြောချင်တာပါ။

ခုတော့ ပြောလိုက်မိတဲ့ ကိုယ့်အသံကို ကိုယ်အားမရဘဲ ဖြစ်ရသည်။ ကိုကိုနဲ့ မျက်နှာချင်းဆိုင် မဟုတ်တာဘဲ တော်သေး



သည်။

ကိုကိုရယ်...

တာ ကိုကို့ကို အရမ်းချစ်ချင်ပါတယ် တာ့စိတ်တွေ တာ့အတွေးတွေကို ကိုကို့ဆီမှာပဲ ထားချင်ပါတယ်။

"ကိုကိုလဲ အရမ်းလွမ်းတာပဲ အခုခွဲတာ နောက်ဆုံးပဲနော် ကိုကိုပြန်ရောက်တာနဲ့ ကလေးနဲ့ လက်ထပ်မယ်နော် မင်္ဂလာခန်းမအတွက် မစောင့်ချင်တော့ဘူး အရင်ဆုံး လက်ထပ်မယ်၊ ပြီးမှ ညှော်ခံပွဲလုပ်မယ်နော်"

"ကိုကို့သဘောပါ"

"အချစ်က လိမ္မာလိုက်တာဗျာ အဟွန်း... ဟွန်း"

တာ ဘာတွေခံစားနေရတယ်ဆိုတာကို သိပုံမရတဲ့ ကိုကိုကတော့ ပျော်ရွှင်သွက်လက်နေတော့တာ။

"စိတ်ချ အမြန်ဆုံးပြန်လာခဲ့မယ် အချစ်လဲ ပျော်အောင်နေနော် ရေထဲသိပ်မဆင်းနဲ့ အဲဟော်များပါဘဲလဲ ဘယ်မှမသွားနဲ့သိလား"

"ဟုတ်..."

"အချစ်အဲတွက် လက်ဆောင်တွေ အများကြီးပဲ ဝယ်ထား



BookSharing

Scanned by CamScanner

တယ်"

"ကိုကို မြန်မြန်ပြန်လာရင် ရပါပြီ တခြားဘာမှ မလိုချင်ပါဘူး ကိုကိုရယ်"

"အရမ်းချစ်ဖို့ ကောင်းတာပဲကွာ ကိုကို့ကို ချစ်လားဟင်"

တာကမျက်လုံးစုံမှိတ်ပြီး ကြိုးစားဖြေလိုက်ရတော့တာ။

"ချစ်တယ် ကိုကို"

"ဟာ ဖြစ်နိုင်ရင် ခုတောင်ပြေးလာချင်ပြီဗျာ ကိုကိုနေ့တိုင်း ဖုန်းဆက်မယ်နော်"

"ဟုတ်ကဲ့"

"ဘိုင့်ဘိုင့်"

"ဘိုင်"

ကိုကို ဖုန်းချသွားတော့ တာ့မှာ မာရသွန်းပြေးလိုက်ရသလို မောပန်း သွာ ရတော့သည်။

ကိုကိုရယ်။

တာကို ကို့ကို ချစ်နိုင်ဖို့ပဲ အစွမ်းကုန် ကြိုးစားတော့မယ်နော်။





စိတ်ထဲက ပြောနေရင်းနဲ့ပဲ တာက ကိုဒေယျံရဲ့ ဆွဲဆောင်အားပြင်းထန်တဲ့ အကြည့်တွေကို ပြန်မြင်ယောင် ခံစားနေမိတာမို့ စိတ်ညစ်ရပြန်သည်။

ကျွန်းကို ချက်ချင်းသွားချင်ပေမဲ့ ဒက်ဒီ အစီအစဉ်က ရှိနေတာမို့ မနက်မှပဲ သွားရတော့မည်။

အင်းလေ အခု ညနေကနေ ညဘက်အထိ သူဌေးကျွန်း ဟိုတယ်ကို သွားလည်နေမှာဆိုတော့ သူ့ကိုရှောင်ပြီးသား ဖြစ်သွားမှာပါလို့ တာက တွေးနေမိတော့တာ။

တကယ်တမ်းပြောရရင်တော့ ရှောင်နေတာဟာ ကိုယ့်ကိုယ် မယုံတာဘဲပေါ့နော်။

တာက သက်ပြင်းလေးချပြီ နာရီကို ကြည့်လိုက်တော့ ညနေလေးနာရီထိုးနေပြီ။

* * *

## အခန်း (၁၀)

"ပွဲတစ်ပွဲကို သွားတဲ့အခါမှာ လူသတိထားတာကို ခံချင်ရင် ဘာလုပ်ရသလဲသိလား ကျော်ဦး"

"ဘာမှ မဝတ်ဘဲနဲ့ သွားပေါ့ကွာ အဲဒါဆို သတိအထားခံရလွန်းလို့ တစ်ဖက်တောင်လွန်ပြီး လူတွေဝိုင်းကြည့်တာကို ခံရလိမ့်မယ်"

"မင်းအတွေးတွေက နည်းနည်းကြမ်းတယ်"

"သေပါလားကွာ"

"ဒီမှာ နောက်ဆုံးမှ ရောက်သွားတဲ့လူဟာ လူသတိထားအခံရဆုံးပဲ ကျော်ဦး"





"အခုမင်းက နောက်ဆုံးမှ သွားမယ်ပေါ့"

"ဟင့်အင်း အရင်ဆုံးသွားမှာ"

"တစ်မျိုးကြီးပဲ"

ရှင်မြူးနေတဲ့ ဇေယျက အာသွက်လျှာသွက် ဖြစ်နေမိသည်။

"ငါ့မှာက ပစ်မှတ်ရှိနေပြီလေ ဒါကြောင့် အစောဆုံးရောက်အောင်သွားပြီး ပစ်မှတ်ကို သေသေချာချာ ချိန်ရမှာပေါ့"

"နားရှုပ်တယ်ကွာ"

"အဟား...ဟား မင်းကို ပညာတွေ သင်ပေးနေတာတောင် မင်းကမယူတတ်တော့ ခက်တာပေါ့ တခြားသူတွေဆို ငါ့ဆီက ပညာကို လိုချင်လွန်းလို့ အတင်းဆရာတင်ပြီး ပြုစုနေကြတာ ငါသာ တပည့်မွေးဖို့ ဝါသနာမပါလို့"

"တော်ပါကွာ မင်းတပည့်လဲ မလုပ်ချင်ပါဘူး မင်းလိုလဲ မရွံချင်ပါဘူး တော်ကြာ ရှီးနင်းမိမှ ခက်မယ်"

"အဲဒါ မလည်ဘဲ ရှုပ်တဲ့ကောင်တွေမှ ဖြစ်တတ်တာကွ။ လည်ပြီး ရှုပ်တဲ့ကောင်တွေမှ ဖြစ်တယ်ကွဲ။ လည်ပြီ ရှုပ်ရင် အေးဆေးပဲ"

"ကြည့်သေးတာပေါ့ကွာ"

စကားပြောရင်းနဲ့ပဲ သူနဲ့ ကျော်ဦးက ဟော တံတားကို ရောက်လာသည်။

"ပုံချိတ်ခေါ်လေကွာ"

"သွားတော့မလို့လား ခုမှ လေးနာရီခွဲပဲ ရှိသေးတယ်"

"ငါက ပစ်မှတ်ကို တည့်တည့်ချိန်နိုင်ဖို့ ကြိုရောက်ချင်တာလေ"

"ဒါဆိုလဲ ယောက်ဖ သဘောပေါ့ဗျာ"

သူက ကျော်ဦးကို စိတ်ထဲကပဲ ဆဲလိုက်မိတော့တာ။ မကြာခင်မှာပဲ လှမ်းမြင်နေရတဲ့ သူငွေးကျွန်းကို ပုံချိတ်လေးနဲ့ ကူးလာခဲ့လိုက်တော့တာ။

အဲဒီ အချိန်မှာ မေခတ္တာနဲ့ မေဆပ်သဖူးကတော့ အဝတ်လဲနေကြတုန်းပဲ ရှိသေးသည်။

"ဆပ်သဖူးရေ နင်နဲ့ငါ ဆင်တူဝတ်မလား"

"ကျပ်ကျပ်တည်းတည်း မဟုတ်ဘူးဆိုရင် ဝတ်မယ်လေ ခတ္တာ ငါက အရမ်းစားပစ်မှာဆိုတော့ သိပ်ကျပ်တဲ့ အဝတ်မျိုး





ဝတ်လို့ မဖြစ်ဘူး"

"အေးပါ"

တာတို့နှစ်ယောက်က အဝတ်ရွေးကြတော့တာ။ လှတဲ့သူတွေအဖို့တော့ ထဘီပဲ ဝတ်ဝတ် ဘောင်းဘီပဲ ဝတ်ဝတ် ကြည့်လို့လှနေတော့တာ။

တာတို့ ညီအစ်မက အဝတ်အစားကို စမတ်ကျကျဝတ်ဆင်တတ်တဲ့ နေရာမှာတော့ ဘယ်သူမှ လိုက်လို့မမီပါ။

မာမီ ကိုယ်တိုင်ကိုက ဝတ်စားဆင်ယင်မှုတွင် ခေတ်မီတာမို့ တာတို့ကလည်း မာမီ ခြေရာနင်းနိုင်ကြတာ ဖြစ်သည်။

အဝတ်အစား ကောင်းကောင်းကို မက်မောတတ်တဲ့အတွက် တာတို့ ညီအစ်မရဲ့ အဝတ်ဗီရိုက ဆိုင်ကြီးတစ်ဆိုင်စာမကတဲ့ အဝတ်တွေနဲ့ ပြည့်သိပ်နေတတ်တာ။

အခုတောင် ဆယ်ရက်ပဲနေမယ့် ခရီးအတွက် တာတို့နှစ်ယောက်ထည့်လာတဲ့ အဝတ်အစားတွေက မနည်းမနော။

ဆင်တူဝတ်နိုင်ဖို့ ထည့်လာတာပဲ ဆယ်စုံလောက်ရှိနေတာ။ ဒက်ဒီကဆို တာတို့ညီအစ်မနှစ်ယောက်ဆင်တူဝတ်ရင် အရမ်း

သဘောကျတတ်သည်။

"အမြွာလေ တစ်နှစ်ကြီးတစ်နှစ်ငယ် အမြွာပေါ့လို့" မိတ်ဆက်ပေးတတ်တာမို့ ဒက်ဒီ မိတ်ဆွေတွေနဲ့အတူ စားမယ့်ထမင်းစားပွဲမှာ တာက ဆင်တူဝတ်ဖို့ စိတ်ကူးမိတာဖြစ်သည်။

နောက်ဆုံး စတိုင်လ်ဘောင်းဘီနဲ့ ကုတ်အင်္ကျီကိုပဲ ရွေးဝတ်လိုက်တော့သည်။ ဆံပင်တွေကိုလည်း ခပ်မြင့်မြင့်လေးပဲ ချည်နှောင်းလိုက်သည်။ နဂို လှပြီးသားမို့ အထူးအထွေ ပြင်ဆင်ခြယ်သနေစရာပင် မလိုပါ။

တာတို့ ညီအစ်မနဲ့ ဒက်ဒီဟိုတယ်ကနေ ထွက်လာတော့ လူတွေက ငေးကြည့်ကြတော့တာ။

"လှလိုက်တာ" ဆိုတဲ့ ချီးမွမ်းသံတွေကလည်း မကြားချင်မှအဆုံး။

"ပြည့်ပြည့်လေးက ပိုလှတယ်"

"ပါးပါးလေးက ပိုလှတယ်"နဲ့ ငြင်းခုန်ကျန်ရစ်တဲ့သူတွေကလည်း ကျန်ရစ်သည်။

"ဒက်ဒီ သမီးတွေကတော့ ဘယ်နေရာပဲ ရောက်ရောက်





မျက်နှာ အလွန်ပွင့်တာပဲဟေ့"

ဒက်ဒီက ကျေကျေနပ်နပ်ပြောတာဖြစ်သည်။ တာတို့ကိုလူတွေငေးကြည့်တော့ ဒက်ဒီမျက်နှာက ပြုံးလို့။

"ဒါကတော့ အမေလှလို့ သမီးတွေလှတာပါ ဒက်ဒီရာနော်"

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့"

အခု လိုဆိုတော့လည်း တာက ကိုဇေယျကို သတိမရတော့ဘဲ မေ့လျော့နေမိသည်။

ဒက်ဒီ မိတ်ဆွေတွေနဲ့ တွေ့တော့လည်း အားလုံးက တာတို့ ညီအစ်မကို ချီးကျူးမဆုံးတော့ပါ။

"အို... ရုပ်ကလေးတွေကလဲ မွှန်နေအောင်လှ လိမ္မာယဉ်ကျေးလိုက်တာဂေ့ ..လွှန် နှစ်ယောက်စလုံး ပညာတွေလဲတတ်အဲဒီ သမီးမျိုးဘွေလိုချင်ပါရဲ့ရှင် အဟင်း... ဟင်း ကျွန်မမှာတော့ သားတွေချည်းပဲ လေးယောက်တောင်ရှိတယ်" လို့ပြောပြီးမသိမသာ အမျိုးစပ်ချင်တဲ့ အမျိုးသမီးကြီးကလည်း ရှိနေသေးသည်။

အသိုးကြီး တစ်ယောက်ကတော့ မသိမသာမဟုတ်ဘဲ ပြောင်ပြောင်ပြောတာ။

"ဦးသိဟ ခင်ဗျားနဲ့ကျုပ် ခမည်းခမက်တော်ရအောင်လား ဗျာ" တဲ့။

ဒက်ဒီတို့ကတော့ မျက်နှာပွင့်လန်းတော့သည်။ စကားတွေ ပြောနေတာကို နားထောင်ပေးရ မေးတာပြန်တာကို ဖြေနေရတာ နဲ့ပဲ သူ့ဧည့်ကျွန်ကို ဘယ်လိုရောက်သွားမှန်းပင် မသိတော့ပါ။ ဆည်းဆာအလှနဲ့ ပင်လယ်ကြီးကိုခံစားရင်း တာ့စိတ်တွေပေါ့ ပါ့ရွှင်လန်းလာတဲ့ အချိန်မှာပဲ တာ့မျက်ဝန်းတွေက တစ်စုံတစ် ယောက်ကို သွားမြင်လိုက်မိတော့သည်။

ဘုရားရေ... ကိုဧယျပဲ။

ရုတ်တရက် တုန်လှုပ်သွားပေမဲ့ တာက မမြင်ဟန်ဆောင် ပြီး ဒက်ဒီမိတ်ဆွေ အမျိုးသမီးကြီးနဲ့ စကားလက်ဆုံကျနေလိုက် ရတော့တာ။

စကားသာပြောနေရပေမဲ့ တာ့စိတ်တွေက ပျံ့လွင့်နေကြ တော့သည်။





သူဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေရတာလဲ သူ့ဘာသာသူလာတာနဲ့ တာတို့လာတာနဲ့ တိုက်ဆိုင်သွားတာ လား။ ဒါမှမဟုတ် သူတမင်ပဲ တာ့နောက်ကိုလိုက်လာတာလား။

မတွေ့ခင်မှာ အနည်ထိုင်သွားပြီး ထင်ရတဲ့ တာ့စိတ်တွေက သူ့ကို တွေ့လိုက်တော့ လှုပ်ရှားလာရပြန်သည်။

သူကလည်း တာ့ကို ခပ်ဝေးဝေးကနေ ညို့ငင်ဖမ်းစားတဲ့ အကြည့်တွေနဲ့ ကြည့်နေတာ။ တကယ်လို့သာ မျက်လုံးချင်း ဆုံမိသွားရင် နှုတ်ဆက်နေရမှာ စကားတွေ ပြောနေရမှာ စိုးရိမ် မိတာမို့ တာက သူ့ဘက်ကို လုံးဝမကြည့်မိအောင် ကြိုးစားနေရ တော့သည်။

တာက ရင်ခုန်နေမိတဲ့ ကိုယ့်ကိုယ်ကို မုန်းတီးလာရတော့ တာ။

သူသာဒီနေရာမှာ ရှိနေတာကို ကြိုသိခဲ့ရင် လိုက်မလာခဲ့ပါ ဘူးနော်။

အဲဒီအချိန်မှာ တာ့အနားကို ဆပ်သဖူးရောက်လာတော့ တာက အားကိုးတကြီး အကူအညီ တောင်းမိသွားတော့သည်။



Book Sharing
Scanned by CamScanner

"ဆပ်သဖူးရေ လုပ်...လုပ်ပါဦးဟယ် သူ...သူ ဒီမှာ ရှိနေတယ်"

ခတ္တာရဲ့ ရုပ်ပျက်ဆင်းပျက် အမူအရာနဲ့ အသံကို ကြားလိုက်၊ တွေ့လိုက်ရတော့ ဖူး ကအံ့သြသွားရသလို သနားလည်း သနား ရတော့သည်။

ကိုလမ်းသရဲကလည်း ခတ္တာကို မမိုတ်မသုံ ငေးစိုက်ကြည့်နေလိုက်တာများ အကြည့်ခံရတဲ့ သူ့အဖို့ အရည်ပျော်ကျသွားနိုင်လောက်သည်။

"နှင်ခပ်တည်တည်နေ ခတ္တာ"

"သူငါ့ကို စကားတွေလာပြောမှာ အရမ်းကြောက်တယ် ဆပ်သဖူး"

ဒီလိုဆိုတော့လဲ ဖူးက စိတ်တိုရပြန်သည်။

"အံမာ ဘာကြောက်စရာရှိလို့တုန်း"

"ငါ ကိုကိုလှမော်ကိုပဲ ရင်ခုန်ချင်တယ် ချစ်မိချင်တယ် ဆပ်သဖူးရယ် ငါ...ငါ သူ့အကြည့်တွေကို ကြောက်တယ်"

ဒီတော့မှ ဖူးက ခတ္တာရင်ထဲက ခံစားချက်တွေကို ရိပ်မိ





သွားရတော့တာ။

ဒီအတိုင်းသာဆို ခတ္တာဆီကိုသာ ဒီလူကြီး အတင်းဝင်ကပ်လာခဲ့ရင် မလိုလား အပ်တာတွေ ဖြစ်ကုန်ဖို့ရာနှုန်းပြည့်နီးနီး သေချာနေပြီပဲ။

ဖူး အနေနဲ့ကတော့ ခတ္တာကို ကိုကိုလှမော်နဲ့ပဲ သဘောတူသည်။ ကိုကိုလှမော်နဲ့ပဲ ချစ်စေချင်သည်။ ခတ္တာလို မိန်းကလေး အတွက် ကိုကိုလှမော်သည်သာ အသိုက်တန်ဆုံး အိမ်ထောင်ဖက်လို့ ဖူးမြင်သည်။

အခု ခတ္တာခံစား နေရတာတွေကလည်း ခဏတစ်ဖြုတ် စိတ်လှုပ်ရှားရုံလောက်ပဲဆိုတာ ဖူးသိသည်။ ဒါပေမဲ့ အဲဒီခဏ တစ်ဖြုတ်စိတ်လှုပ်ရှားမှုက တစ်ဘဝစာအပြောင်းအလဲ ဖြစ်သွားတာ မျိုးတော့ ဖူးက မဖြစ်စေချင်ပါ။

မုန်းစရာကောင်းတဲ့ လူကြီးရဲ့ရဲတင်းမှုကလည်း စိုးရိမ်စရာ ဖြစ်နေတော့တာ။

"ငါ ဘာလုပ်ရမလဲ ဆပ်သဖူး"

အားကိုးတကြီးမေးတဲ့ ခတ္တာကို ကြည့်ပြီး ဖူးကဆုံးဖြတ်



Scanned by CamScanner

ချက် ချလိုက်မိသည်။

ဒီလူကြီး ခတ္တာဆီရောက်မလာအောင် ဖူးကြာဝင်မှပဲ ဖြစ်တော့မည်။

သေလောက်အောင် မုန်းတီး အမြင်ကတ်နေတဲ့ စိတ်တွေကို ခဏလောက် ချိုးနှိမ်ထားမှပဲ ဖြစ်ပါတော့မည်။

"ဘာမှ မပူနဲ့ ခတ္တာ ငါကြည့်ရှင်းလိုက်မယ် ဟုတ်လား"

"ကျေးဇူး"

ခတ္တာ အသံက တိုးတိုးလေးဖြစ်သည်။

"ကဲ အေးအေးသာ နေပေတော့ ခတ္တာ"

ခတ္တာကို ထားခဲ့ပြီးတာနဲ့ ဖူးက ကိုဆံရှည်ရှိနေတဲ့နေရာကို ဝံ့ဝံ့စားစား အကြည့်လေးနဲ့ တစ်ချက်လှမ်းကြည့်လိုက်တော့တာ။

ရင်ထဲမှာတော့ အမုန်းတွေက ဘောင်ဘင်ခတ်လို့ပေါ့။

* * *





# အခန်း (၁၁)

ပထမတော့ ဇေယျက သတိမထားမိသေး။ သုံးလေးကြိမ်မျက်လုံး ချင်းဆုံမိတော့မှပဲ မေဆပ်သဖူးဆိုတဲ့ ကောင်မလေး သူ့ကို လိုက်ကြည့်နေတယ်ဆိုတာကို သိလိုက်မိတော့တာ။

အခြေအနေက ဘယ်လိုပြစ်ကုန်တာလဲ လေယာဉ်ပေါ်မှာ ကော့သောင်း လေဆိပ်မှာရေ သူ့ကို ခဏခဏရှာဖွေပြီး အကြည့်တွေဖလှယ်ခဲ့တဲ့ သူမလေး မေခတ္တာက ခုတော့ သူ့ကို တစ်ချက်တောင် မကြည့်တော့ဘဲ လူကြီးတွေဝိုင်းမှာ ဣန္ဒြေအပြည့်နဲ့ ဖြစ်နေသည်။

မေဆပ်သဖူးဆိုတဲ့ မိန်းကလေးကတော့ သူ့ကို သိသိသာသာ လိုက်ကြည့်လို့ နေတော့တာ။

မေဆပ်သဖူး သူ့ကိုပဲ လိုက်ငေးနေတာ၊ လိုက်ကြည့်နေတာကို သတိထားမိတာနဲ့ပဲ သူ့အကြည့်တွေကလည်း မေဆပ်သဖူးဆီကို အလိုလိုနေရင်း ခဏခဏ ရောက်နေမိတော့သည်။

မိန်းကလေးလှလှလေးတွေကို မြတ်နိုးတတ် ညှို့ငင်တတ်တဲ့ ဇေယျက မေဆပ်သဖူးရဲ့ အကြည့်တွေကို ဥပေက္ခာပြုမထားနိုင်ပါ။

သူက ဟင်းပွဲတစ်ခုကနေ ဟင်းတွေခပ်ယူနေတုန်း မေဆပ်သဖူးက သူ့ကို အပြုံးလေးနဲ့လာမေးသည်။

"ဒီဟင်းက တအားစပ်သလား ဟင် ဟိုလေ ယိုးဒယားဟင်းတွေက အစပ်များလို့ မေးကြည့်ရတာ"

ဆည်းလည်းသံလေးလို သာယာနာပျော်ဖွယ်အသံလေးက သူ့ရင် ကိုဆွဲလှုပ်သလိုမျိုးခံစားလိုက်ရတော့ ဇေယျက ကိုယ့်ကိုယ်ကို အံ့သြရတော့သည်။

"သိပ်တော့ မစပ်ပါဘူး နည်းနည်းလောက် အရင်မြည်းကြည့်ပါလား"

"အယ်... မလုပ်နဲ့ စောစောက ဟင်းတစ်မျိုး မြည်းကြည့်





လိုက်တာ ရေတ်ကောင်းအစေ့ကိုမှ ဝါးမိလို့ ဖူးဒုက္ခရောက်ပြီးပြီရှင့် အဟင်း... ဟင်း"

ရယ်မောလိုက်တဲ့ မျက်နှာလှလှလေးကို ဇေယျက ငေးကြည့်မိသွားတော့တာ။ သူ့အကြည့်တွေက နှုတ်ခမ်းရဲရဲဖူးဖူးလေးဆီကနေ ခွာလို့ကို မရနိုင်တော့။

ဖူးဆိုတဲ့ အမည်လေးနဲ့ လိုက်အောင် နှုတ်ခမ်းဖူးဖူးလေးကတိမ်းမူးစဖွယ်။ အစက မေခတ္တာကိုရင်ခုန်ခဲ့တဲ့ ဇေယျ အခုတော့လည်း သူ့ရင်ခုန်သံတွေက မြန်ဆန်နေပြန်ပြီ။

"ဒီဟင်းကတော့ အရမ်းမစပ်ဘူး၊ စားကြည့်ပါဖူးရဲ့ ယိုးဒယားဟင်းတွေက စားလို့ကောင်းပါတယ်၊ ကမ္ဘာမှာတောင် လူကြိုက်များနေတာလေ အဟွန်း...ဟွန်း"

"ဟုတ်တယ်... ဟုတ်တယ် ဖူး လဲကြားဖူးတယ် ရန်ကုန်မှာတောင် ယိုးဒယားအစားအသောက်ဆိုင်တွေ တော်တော်များများရှိနေပြီ ဖူးကတော့ တုန်ယမ်းဟင်းချိုလောက်ပဲ ခွဲခွဲမြမြစားဖူးတာလေ"

"ဟုတ်လား၊ ဒါဆိုကြုံတုန်း ယိုးဒယားဟင်းတွေ မြည်းစမ်း

သွားပေါ့"

"ဟုတ်ကဲ့ ကို"

"ကိုယ့်နာမည်က ဇေယျတဲ့"

"မင်းသားနာမည်ပဲ ခေတ်ဟောင်းက ရုပ်ရှင်မင်းသားကြီးလေ ရိုးရိုးကြီးဇေယျဆိုတာ အဘွားတို့ ပြောလို့ ဖူးကြားတယ်"

"အဟွန်း... ကိုယ်ကတော့ ရိုးရိုးကြီးမဟုတ်ပါဘူးဗျာ ကိုယ့်ကိုယ်ကို ရိုးသားပါတယ်လို့ အာမ မခံပါဘူး အဟွန်း... ဟွန်း"

သူ့စကားကို ဖူး ဆိုတဲ့ ကောင်မလေးက မျက်မှောင်လေး တွန့်လို့ နားထောင်ပြီး ချစ်စဖွယ်အသံလေးနဲ့ မှတ်ချက်ချသည်။

"ဘုရားရေ မရိုးသားဘူးတဲ့ ကြောက်စရာကြီး"

သူမလေးရဲ့ အသံလေးနဲ့ ဟန်ပန်လေးက ငေးကြည့်ချင်စရာမို့ သူက ငေးကြည့်လိုက်တော့တာ။

အခုတော့မှပဲ ဇေယျက ပစ်မှတ်အသစ်တစ်ခုကို တွေ့ရတော့သည်။ သူ့စိတ်ဝင်စားမှုတွေက စကားပြောတဲ့အခါမှာ ပိုမို ချစ်စရာကောင်းတဲ့ မေဆပ်သဖူးဆီကို ကူးပြောင်းသွားတော့





သည်။

ဇေယျက သူ့ကိုယ်သူ သတိထားလိုက်မိသည် မေခတ္တာကိုတော့ အလှမှာ ယစ်မူးလိုက်မိတာ အခု မေဆပ်သဖူးကိုကျတော့ ရင်ထဲကကို လှိုက်လှိုက်လှဲလှဲ သဘောကျမိသွားရတာ။

မေဆပ်သဖူးနဲ့ စကားပြောရတာ ပိုမွေ့ထွေးပြီး ပိုပျော်မွေ့စေသည်။ တစ်ခါမှ မခံစားဖူးသေးတဲ့ မွေးထွေးစွာ ရင်ခုန်နေတာကိုလည်း သူခံစားနေရပြန်သည်။

ဇေယျက မေခတ္တာကို မေ့လျော့သွားပြီး မေဆပ်သဖူးနဲ့ပဲ စကားတွေ ဖောင်ဖွဲ့ [illegible]

[illegible] ကျောင်းပြီးပြီလား"

"ဟုတ်"

"ဘာ မေဂျာနဲ့လဲ"

"နိုင်ငံခြားဘာသာ"

"ဟာ အရမ်းတော်တာပဲ"

အတွက်ပဲနော်... ဘာမှလည်း မဆိုင်ဘူး။

အခုမှ ဖူးရဲ့ဂဲကနေ နှာခေါင်းရှုံ့နေမိပေမဲ့ အပြင်ဘက်မှာ အပြင်ကတ်ကတ်ကြီးနဲ့ပဲ သူ့

ဖူးဘက်ကို အာရုံပြောင်းလာပုံက ရေကာတာကြီး ချိုးဖောက်ရ လိုက်သလိုကို အရှိန်အဟုန်ပြင်းပြင်းနဲ့ မြန်ဆန်နေတော့တာ။

ဟွန်း… တော်ရုံ မိန်းကလေးသာဆို အရည်ပျော်သွား လောက်ပြီ။ ဖူးကသာ အမုန်းဓာတ်ခံ အမြင်ကတ်တဲ့ ဓာတ်ခံတွေ နဲ့မို့ သူ့စက်ကွင်းထဲ ရောက်မသွားတာ ဖြစ်သည်။

မုန်းတီးအမြင်ကတ်မိပေမဲ့ ဖူးက ဟန်ဆောင်ချိုသာနေ ရသည်။ ဟန်ဆောင်ပြီး ရင်းနှီးဟန်တွေပြနေရသည်။ တော်ကြာ ခတ္တာအ… …ကောက်သွားမှာ စိုးရိမ်းလို့ပဲ ဖြစ်သည်။

သူ့စကားကို ဖူး ဆိုတဲ့ ကောင်မလေးက မျ…, တွန့်လို့ နှာဆောင်ပြီး ချစ်စဖွယ်အသံလေးနဲ့ မှတ်ချက်ချသည်။

"ဘုရားရေ မရိုးသားဘူးတဲ့ ကြောက်စရာကြီး"

သူမလေးရဲ့ အသံလေးနဲ့ ဟန်ပန်လေးက ငေးကြည့်ချင် စရာမို့ သူက ငေးကြည့်လိုက်တော့တာ။

အခုတော့မှပဲ ဇေယျာက ပစ်မှတ်အသစ်တစ်ခုကို တွေ့ရ တော့သည်။ သူ့စိတ်ဝင်စားမှုတွေက စကားပြောတဲ့အခါမှာ ပိုမို ချစ်စရာကောင်းတဲ့ မေဆပ်သဖူးဆီကို ကူးပြောင်းသွားတော့





တတ်လည်း တတ်နိုင်တဲ့ လူကြီး။

ခတ္တာကို ကာကွယ်ချင်လို့သာ ဖူးမှာ စိတ်ဒုက္ခခံပြီး ဟန် ဆောင် ရင်းနှီးနေရတာ။ မဟုတ်လို့ကတော့ လှည့်တောင်ကြည့်မှာ မဟုတ်။

ခုတော့ ဖူးမှာ စိတ်ရှိတိုင်းလည်း မစားရ စိတ်ရှိတိုင်းလည်း မလွတ်လပ်နိုင်။ ကြည့်ပါဦး ဒီလူကြီးနဲ့ပဲ တပူးတွဲတွဲ ကပ်နေရလို့ ခက်ဒီကတောင် ဖူးကို တကြည့်ကြည့်ဖြစ်နေပြီ။

တော်ကြာ- ဖူးကို အထင်လွဲရင် ဒုက္ခ။

"ဖူးက ကျောင်းပြီးပြီလား"

"ဟုတ်"

"ဘာ မေဂျာနဲ့လဲ"

"နိုင်ငံခြားဘာသာ"

"ဟာ အရမ်းတော်တာပဲ"

အတွက်ပဲ… ဘာမှလည်း မဆိုင်ဘူး။

အခုမှ ဖူးရဲ့ဂဲကနေ နှာခေါင်းရှုံ့နေမိပေမဲ့ အပြင်ဘက်မှာ အမြင်ကတ်ကတ်ကြီးနဲ့ပဲ သူ့



Book Sharing

Scanned by CamScanner

"ဖွားက အစားစားနိုင်သားပဲနော်"

"အဟင်း ဖွားက ပါးစပ်နဲ့အစားနဲ့ပြတ်ရင် အော်ဒိုချင်တာ"

"ဟာ တော်သွားပြန်ပြီဗျာ"

"ဘာဆိုင်လို့လဲ"

"ဒီလောက် အစားတွေစားပြီးတောင် ဒီလောက်လှတဲ့ ခန္ဓာကိုယ်လေးကို ထိန်းထားနိုင်တာ ဖွားအရမ်းတော်လို့ပေါ့။ အဲဒီ နည်းလမ်းကို စာအုပ်ထုတ်ရင် ကမ္ဘာကျော်သွားမှာ သေချာတယ်ဗျာ အဟွန်း... ဟွန်း"

"ဟုတ်လား မဆိုးဘူးနော်"

"ကိုယ်တကယ်ပြောတာ သူများတွေက အစားအသောက်ကို ထိန်းပြီးမှ ခန္ဓာကိုယ်အလှကို ထိန်းနိုင်တာလေ ဖွားက အစားတွေစားပြီး လှနေတာဆိုတော့ အံ့သြစရာပဲ ဘယ်လိုနည်းလမ်းနဲ့ ထိန်းသလဲဗျာ"

"မပြောပြဘူး" ...ကို တွေ့ရ

ဖွားက ဟက်ဟက်ပက်ပက်လေး ရယ်မျှော်ပြောတဲ့အခါမှာ ပါလက်ပါ ရယ်လိုက်မိတာပါလားဆိုကို ကူးပြောင်းသွားတော့





ထားလိုက်မိ တော့တာ။

ခတ္တာကို အမှတ်တမဲ့ လှမ်းကြည့်လိုက်တော့ ငေးငေးလေး ထိုင်နေတာကို တွေ့ရသည်။ ခတ္တာခံစားနေရပြီထင်ပါရဲ့။

"မခံစားနဲ့ ခတ္တာရေ မတန်ဘူးဟော့"လို့ ဖွားက စိတ်ထဲကနေ လှမ်းအော်ပြောမိသည်။ တကယ်လို့သာ ဖွား အနေနဲ့ကြားမဝင်ခဲ့ရင် ဒီလူကြီးကလည်း ခတ္တာအနားကိုပဲ အတင်းချဉ်းကပ်နေတော့မှာ၊

လေတိုးရုံနဲ့တောင် ယိုင်နဲ့ချင်နေတဲ့ ခတ္တာကလည်း အပျော်ပါလို့ ပြောနေရင်းနဲ့ပဲ နစ်မျောသွားခဲ့ရင် ခတ္တာဘဝ အပြောင်းကြီး ပြောင်းလဲသွားတော့မှာ သေချာသည်။

ခတ္တာကြောင့် ဒက်ဒီတို့ မာမီတို့လည်း စိတ်ဆင်းရဲရတော့မည်။ ခတ္တာကို အချစ်ကြီးချစ်နေဝဲ့ ကိုကိုလှမော်လည်း အသည်းကွဲရလိမ့်မည်။

ဒါဆို ဖွား အခုလိုလုပ်လိုက်တာဟာ အားလုံးကောင်းဖို့ အတွက်ပဲဆိုတော့ ဖြေသာပါသေးသည်။

အခုမှ ဖွားရဲ့ ဒုက္ခကလည်း မသေးပါ။ ကိုလမ်းသရဲကို အမြင်ကတ်ကတ်ကြီးနဲ့ပဲ သူ့အနားကလည်း ခွာလို့မရဘဲ ဖြစ်နေရ

တော့တာ။

ဖူး ခွာလိုက်တာနဲ့ ဒီလူကြီး ခေတ္တာအနားကို ရောက်သွားမှာလည်း စိတ်ပူရသေးသည်။ ဒါကြောင့် ဖူးက ဒီလူကြီးနဲ့ပဲ စကားတွေ ပြောရင်းရယ်မောရင်း တဖူးတွဲတွဲဖြစ်နေရတော့သည်။

"ဖူး အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုး"

"ဟာ ဖူးက ကိုယ့်ထက် ခုနစ်နှစ်လောက်ငယ်တာပဲ"

"မထင်ရဘူးနော် အသက်ဒီလောက်ကွာမယ်လို့"

"ဘာလဲ ကိုယ်က အရုပ်းနုနေလို့လား"

"ဟင်းအင်း ဖူးက ကိုဇေယျကို အသက်သုံးဆယ်ကျော်ပြီလို့ ထင်နေတာ"

"ဩော်...ဒါဆို ကိုယ်က အရမ်းခန့်တာပေါ့နော် ထင်တောင်မထင်မိဘူး အဟွန်း... ဟွန်း"

ထမင်းစားပြီးလို့ အချိုပွဲစားတော့လည်း အဲဒီလူကြီးက ဖူးအနားမှာ။ ကြာတော့ စိတ်ညစ်လာမိတဲ့ ဖူးက ဘုဆောက်တွေပြောပြီး ခွာထုတ်ပစ်ချင်တဲ့ စိတ်တွေပေါက်လာရတော့တာ။





ဒါပေမဲ့လည်း မဖြစ်တာမို့ စိတ်ညစ်ညစ်နဲ့ပဲ စကားတွေပြောနေရတော့တာ။

"မီးမီးငယ်ရေ လာပါဦး"လို့ ဒက်ဒီလာခေါ်တော့ ဖူးက ဘာမှ မတတ်နိုင်တော့ပဲ ဒက်ဒီနောက်ကို လိုက်လာခဲ့ရလေတော့သည်။

• • •

## အခန်း (၁၂)

အပြုံးနွေးနွေးလေးနဲ့ သူ့အနားက မေဆပ်သဖူးလေး ထွက်သွားတာနဲ့ ကျော်ဦးက သူ့ဆီရောက်လာပြီး သတင်းမေးတော့သည်။

"ဟော့ကောင် ဘယ်လိုကြောင့် ပစ်မှတ်လွဲသွားရတာလဲ"

တခြား လူတွေကပါ သူကို သတိထားကြည့်နေတာမို့ ဇေယျက ကျော်ဦးကို အသာလက်တို့ပြီး စားသောက်ခန်းရဲ့ အပြင်ဘက်ကို ခေါ်လာရတော့တာ။

"ရှုး တိုးတိုးကွ သူများတွေကြားကုန်မယ် လူတွေက ငါ့ကို အရမ်းစိတ်ဝင်စားနေကြတာ"





"ငါလဲ စိတ်ဝင်စားတာပဲ ဇေယျ ဘယ်လိုဖြစ်သွားတာလဲ ပွဲချိတ်ပေါ်မှာတုန်းကတောင် မေခ ကွာ မေခတ္တာလို့ မင်းပါးစပ်က မနားတမ်း ရွက်နေတာ မဟုတ် လား၊ ဘယ့်နှယ်အခုတော့ နောက်တစ်ယောက် ပြောင်းသွားရတာလဲ"

"အစကတော့ မေခတ္တာကို စိတ်ဝင်စားမိတာပါပဲကွာ ဒါပေမဲ့ မေခတ္တာက ငါ့ကို လုံးဝအရေးမလုပ်တော့ဘဲ မေဆပ်သဖူးလေးက ငါ့အနားကို ရောက်လာတော့မှ ငါ့ရဲ့ရင်ခုန်သံအစစ်အမှန်ဟာ မေဆပ်သဖူးပဲဆိုတာကို အသေအချာသိလိုက် မိတော့တယ် တကယ်ပဲ ကျော်ဦး ငါကိုယ်ငါ အရမ်းသေချာသွားပြီး ငါ မေဆပ်သဖူးကို ချစ်သွားပြီ"

"ဘုရား... ဘုရား အပြောင်းအလဲ မြန်လှချည်လားကွာ"

"အပြောင်းအလဲ မြန်တာမဟုတ်ဘူး ဟော့ကောင် ကိုယ့်နှလုံးသားကို ကိုယ် စေ့စေ့စပ်စပ် ရိပ်မိလိုက်တာလို့ ခေါ်တယ်"

"မင်းရဲ့ စွဲပုံစွဲနည်းကတော့ လက်ဖျားခါပါပါရဲ့ကွာ၊ ဒီမှာ မင်းက အငယ်မလေးနားကပ်ပြီး ကြည့်နူးနေတဲ့ အချိန်မှာအကြီးမက ဘာဖြစ်နေလဲသိလား"



Scanned by CamScanner

အဲဒါကို သူတကယ်ပဲ မသိပါ။

တစ်ချက်တစ်ချက် မေခတ္တာကို ကြည့်မိတိုင်း စကားပြော နေတာပဲ တွေ့ရသည်။ ဘာမှ မထူးခြား။

"ဘာဖြစ်နေလို့လဲ ကျော်ဦး"

"ဆွေးနေတာပေါ့ကွာ ငေးနေတာပေါ့ မင်းလုပ်ပေါက်က တစ်ဖက်သားကို အားနာစရာကြီး"

"ငါ ဘာမှ မလုပ်မိသေးပါဘူးကွာ အခု ကိစ္စကလဲ မေဆပ်သဖူးက ငါ့ကို အတင်းဝင်ကပ်တာပြီးတော့ မေခတ္တာကလဲ ငါ့ကို..လုံးဝအရေးမလုပ်ဘူးလေ"

ကျော်ဦးကို ပြောပြရင်း သူက စိတ်စနောင့်စနင်း ဖြစ်လာမိသည်။

မေခတ္တာက သူ့ကို မသိကျိုးကျွန်ထားတဲ့ အချိန်နဲ့ မေဆပ်သဖူးက သူ့ကို လာဝင်ရောတဲ့ အချိန်က ကွက်တိဖြစ်နေတာ ဆိုတော့ စဉ်းစားစရာတွေ ဖြစ်လာရတော့သည်။

ဘာဖြစ်လို့လဲ။

ဘာကြောင့်လဲ။ ညီအစ်မနှစ်ယောက်မှုးပေါင်းပြီး သူ့ကို





ကစားကြမလို့လား၊ အရင်ကလိုဆိုရင် ပညာပြိုင်ဖို့ သူကဝန်လေး မှာမဟုတ်ပါ။

အခုတော့ မေဆပ်သဖူးကို သူတကယ်ချစ်မိသွားပြီမို့ ပညာလည်း မပြိုင်ချင် ကစားလည်း မကစားချင်ဘဲ သူကမှိုင် သွားရတော့သည်။

"ငါတွေးမိတယ် ဇေယျ"

"ဘာလဲ"

"မင်းကို ညီအစ်မနှစ်ယောက်စလုံးက မေတ္တာပဲရှိနေကြ သလား၊ နှစ်ခုထဲက တစ်ခုပဲပေါ့ကောင်"

ကျော်ဦးက သူ့ဟာသကို သူရယ်နေတော့တာ။

ဇေယျကတော့ ရယ်ပင်မရယ်နိုင်ပါ။

"ငါကတော့ နှစ်ခုစလုံး မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရ တယ် ကျော်ဦး"

"ဟေ ဘာဖြစ်လို့တုံး"

"ငါ ဖူးလေးကို တကယ်ချစ်မိသွားလို့ပေါ့ကွာ"

ကျော်ဦးက ခနိုးခနဲ့ အသံနဲ့ ရယ်နေတော့တာ။

"မင်းရဲ့ တကယ်ရင်ခုန်သွားပြီဆိုတာတို့ တကယ်ချစ်မိသွားပြီဆိုတာတို့ကို ယုံဖို့ကတော့ ခပ်လန့်လန့်ပဲ ဇေယျ"

"မင်းမယုံလဲ အရေးမကြီးပါဘူးကွာ အရေးကြီးတာက ငါ့ချစ်သူလေး ယုံဖို့ပဲ"

"ငါတောင် မယုံတာ ကောင်မလေးကရော ယုံမှာတဲ့လား၊ မင်းစဉ်းစားကြည့်လေ သူ့အစ်မကို မင်းကြွေပြနေခဲ့တာကို သူမမြင်ဘဲနေမှာတဲ့လား"

ကျော်ဦး ပြောတာလည်း ဟုတ်နေသည်။

သူဟိုတယ်ဧည့်ခန်းမှာ မေခတ္တာနဲ့ စကားပြောနေခဲ့တာကို ကြည့်တော့မှ သဘာဝမကျတာတွေကို တွေ့လာရတော့သည်။

ဟိုတယ်မှာတုန်းက မေဆပ်သဖူးဆိုတဲ့ ကောင်မလေးက သူ့ကို တစ်ချက်တောင်မကြည့်ဘဲ မျက်နှာထား တင်းတင်းလေးနဲ့ သူ့ရှေ့ကနေ ဖြတ်လျှောက်သွားခဲ့တာပဲ။

မှတ်မိပါလား၊ သူ့အစ်မနဲ့ကြည်ပုံမရဘူးလို့တောင် သူ တွေးမိသေးသည်။ အခုမှာ သူ့ကိုလာဝင်ရောတာ မရိုးသားမှု တစ်ခုပဲ။ ကျော်ဦး ပြောသလိုပဲ သူ့ကို ညီအစ်မနှစ်ယောက်ပူးပေါင်း





ပြီး အရူးလုပ်တော့မှာလား မသိပါ။

ဘာပဲဖြစ်ဖြစ် သူကတော့ အရှုံးပေးမယ့် သူမဟုတ်ပါ၊

အချစ်ကိုတွေ့ပြီးမှလည်း လက်လွှတ်မခံနိုင်သလို မိန်းကလေးတစ်ယောက်က သူ့ကို -အရူးလုပ်သွားတာမျိုးလည်း မခံနိုင်ပါ။

ဇေယျက ဇွဲနဘဲကြီးသည်။

လိုချင်တာကို ရအောင်ယူတတ်သည်။

ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်သည်။

အခုလည်း မေဆပ်သဖူးကို သူချစ်ခွင့်ရအောင် ပိုင်ဆိုင်ခွင့်ရအောင် နည်းမျိုးစုံနဲ့ ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။

သူ့ဆီမှာ နည်းပညာတွေမှ တစ်ပုံကြီးရယ် သူ့အသည်းကို ဘယ်သူခွဲတာမှ သူမခံနိုင်ပါ။

စိတ်မြန်လက်မြန်နဲ့ မတွေဝေတတ်တဲ့ ဇေယျက မေဆပ်သဖူးရဲ့ အချစ်ကို ပိုင်ပိုင်နိုင်နိုင်ရဖို့အတွက် အကောင်းဆုံးအကြံကို ချက်ချင်း ထုတ်ပစ်လိုက်တော့သည်။

အချစ်နဲ့ စစ်မှာ မတရားဘူး ဆိုတာမှ မရှိဘဲ။



Book Sharing

Scanned by CamScanner

ထိုအချိန်တွင် ဦးသီဟက သမီးအငယ်ကို ဘယ်လိုမေးမြန်းရမှန်း မသိဘဲ အခက်တွေ့နေရတော့တာ။

သမီးငယ်နဲ့ စကားပြောနေတဲ့ လူငယ်က ဘယ်သူလဲ ဒီလောက်ရင်းနှီးရယ်မောပြီး အချိန်အကြာကြီး အတူရှိနေတာ စဉ်းစားစရာ။ သမီးနှစ်ယောက်က ဒီနေ့မှ ကောသောင်းကို ရောက်ကြတာဆိုတော့ ပိုပြီတောင် စဉ်းစားစရာဖြစ်နေသေးတော့သည်။

သမီးငယ်ရဲ့အကြောင်းကို ဦးသီဟ ကောင်းကောင်းသိသည်။ သမီးငယ်က ယောကျ်ားလေးတွေနဲ့ ရောရောနှောနှောလည်း မနေတတ် လူတွေနဲ့လည်း ချက်ချင်း အဖွဲ့မကျတတ်ပါ။ သမီးငယ်က အေးဆေးသည်။ ပေါင်းသင်းဆက်ဆံရေးလည်း ညံ့ဖျင်းသည်။ အစားကောင်းကောင်းစားရရင်ရပြီ အပျော်အပေါင်း မလိုဘူးဆိုတဲ့ ကောင်မလေးဖြစ်သည်။

အခုတော့ ရယ်လိုက်မောလိုက်နဲ့ ဖြစ်နေတာ။

သမီးငယ်နဲ့ အဖွဲ့ကျနေတဲ့ လူငယ်ရဲ့ပုံစံကလည်း ဆံပင်ရှည်ရှည်တွေကို နောက်မှာချည်ထားတဲ့ ခေတ်ရှေ့ပြေးပုံစံဆိုတော့





ဦး သီဟမှာ ရင်ပူနေရတော့တာ။

မိတ်ဆွေတွေနဲ့ စကားသာ ပြောနေရသည်။ ဦးသီဟက သမီးငယ်ကိုလည်း အနားမှာထားပြီး မသိမသာ အကဲခတ်နေရသေးသည်။ သမီးကြီးအတွက်တော့ မပူရတော့ပါ။ မကြာခင်မှာ သမီးကြီးက လက်ထပ်တော့မှာဖြစ်သည်။

သမီးကြီး မေခတ္တာနဲ့ လက်ထပ်မယ့်သူက အစစအရာရာ ပြည့်စုံတဲ့သူမို့ ဝမ်းသာကျေနပ်ရသည်။ သမီးငယ်ကိုလည်း အစစအရာရာ ပြည့်စုံတဲ့ သူနဲ့ပဲနှီးစပ်စေချင်တာ။

အခု သမီးနဲ့ရင်းရင်းနှီးနှီးဖြစ်နေတဲ့ သူငယ်ကို ဦးသီဟလည်း မသိပါ။ ဘယ်သူနဲ့ပါလာတာလဲ၊ ဘယ်ကလဲ၊ မိဘမျိုးရိုးကဘာလည်း ကိုယ်ကျင့်သိက္ခာက ဘယ်လိုအနေအထားလဲ ဆိုတာကို သိချင်နေမိသည်။

အရေးအကြီးဆုံးက သမီးငယ်နဲ့ ဘယ်လို ပတ်သက်နေတယ်ဆိုတာကို သိဖို့ပဲ ဖြစ်သည်။ အနားမှာခေါ်ထား တာတောင် သမီးငယ်ရဲ့အကြည့်တွေက အဲဒီလူငယ်ဆီကိုပဲ ရောက်နေတာဆိုတော့ သာမန်သိတာလောက်မှ ဟုတ်ပါရဲ့လား။



Scanned by CamScanner

ဘာမှန်း ဝေသသေချာချာမသိဘဲနဲ့ကို ဦးသီဟက ရင်ပူနေရတော့သည်။ အဖေဆိုတော့လည်း ပွင့်ပွင့်လင်းလင်းမေးဖို့ ပြောဖို့ အခက်သား။ ဆူဖို့ ဟန့်ဖို့လည်းအတော်ခက်သည်။

ဦးသီးဟက သမီးနှစ်ယောက်ကို တုန်နေအောင်ချစ်ကဲ့သူမို့ သမီးတွေ မျက်နှာညှိုးတာကိုတောင် ခံစားနိုင်တဲ့သူမဟုတ်ပါ။ စိတ်ညစ်အောင် ပြောဆိုဆူပူတာမျိုးတော့ တစ်ခါမှမလုပ်ဖူးသေးပါ။ သမီးနှစ်ယောက်ကလည်း ဆူပူရလောက်အောင် မဆိုးသွမ်းကြပါ။

ဦးသီဟက မိတ်ဆွေတစ်ယောက်နဲ့ စကားသွားပြောတဲ့အချိန်တွင် သမီးငယ်ကို မျက်ခြည်ပြတ်သွားရတော့သည်။

ထိုအချိန်တွင် ဆပ်သဖူးကလည်း ကိုယ့်အမှုနဲ့ ကိုယ်လောင်မြိုက်နေရတော့တာ။ မပူဘဲ ခံနိုင်ရိုးလား ဖူးကြည့်နေရင်းကပဲ ဟိုလူကြီးကိုလည်း မတွေ့ရတော့သလို ခတ္တာကိုလည်း မတွေ့ရတော့ပါ။

ရဲတင်းတဲ့လူကြီးကို ဖူးမယုံ။ တော်ကြာခတ္တာကို သွားပြီး ညို့ငင်နေရင်အခက်။ ဒီလူကြီး ခတ္တာအနားကို မရောက်နိုင်အောင်





ဖူးဘက်က အစွမ်းကုန်ကာကွယ်ပေး စိတ်ဒုက္ခခံပေးနေတဲ့ ကြားထဲကပဲ မဖြစ်စေချင်တာတွေ ဖြစ်ကုန်ရင် အခက်နော်။

တွေးရင်းကပဲ ဖူးမှာ နေမထိထိုင်မသာဖြစ်လာရတော့တာ။ ခဏစောင့်ကြည့်သည်။

စားသောက်ခန်းထဲကို နှစ်ယောက်စလုံး ပြန်ရောက်မလာ။ နောက်ဆုံးတော့ ဘယ်လိုမှ မနေနိုင်တော့ဘဲ ဖူးက ခန်းမကြီးထဲက နေမယောင်မလည်နဲ့ ထွက်လာပြီး ခတ္တာကို ရှာဖွေရလေတော့သည်။

စားသောက်ခန်းရဲ့အပြင်ဘက်ကို ထွက်လိုက်တာနဲ့ သဘာဝ ပတ်ဝန်းကျင်က ဖူးကို ဖမ်းစားလိုက်တော့တာ။

လရောင် ဆမ်းထားတဲ့ ပင်လယ်ပြင်ရယ် ချေးတွေတဲ့ ပင်လယ်လေတွေရယ် ပန်းရနံ့လေးတွေရယ် ကမ်းစပ်ကို လှိုင်းပုတ်နေတဲ့အသံရယ်။ အဲဒါတွေ အားလုံးက ဖူးမရင်းနှီးသေးတဲ့ အရာတွေဖြစ်နေတာကြောင့် ဖူးက ခတ္တာကို ရှာဖွေဖို့ ကိစ္စကိုတောင် အခိုက်အတန့် မေ့လျော့ပြီး သဘာဝအလှတွေထဲမှာ စီးမျောသွားရတော့သည်။



Scanned by CamScanner

အဲဒီ အချိန်မှာ ခတ္တာက ကိုယ်လက်သန့်စင်ခန်းထဲရောက်နေတာ ဖြစ်သည်။

တာ့ရင်ထဲမှာ ဝမ်းနည်းထိခိုက်နေပေမဲ့ မျက်ရည်ကျရလောက်အောင်တော့လည်း ခံစားချက်က မပြင်းထန်ပါ။ တကယ်တော့ တာ့ကိုယ်တာ စိတ်ဆိုးနေမိတာပဲ ဖြစ်သည်။

ဇေယျဆိုတဲ့ လူ့အပေါ်မှာ ခဏတာရင်ခုန်သွားမိတဲ့အတွက် တာက ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးနေမိတော့တာ။

ကြည့်ပါဦး ဇေယျဆိုတဲ့ လူက တာ့ကို အပျော်သဘောနဲ့ ပါးစပ်သရမ်း၊ အကြည့်သရမ်း ခဲ့တာပဲနော်။ အဲဒါကို အဟုတ်ကြီးထင်ပြီး တာသာစိတ်အလိုလိုက်မိခဲ့ရင် တာ့ဘဝရဲ့ ရည်ရွယ်ချက်တွေ ပျက်စီးရဦးမှာ။

တာ့ကို အရမ်းချစ်တဲ့ ကိုကိုလူမော်နဲ့လည်း လွဲချော်ရဦးမှာ။

ဒက်ဒီ မံမီတို့လည်း မျက်နှာပျက် အရှက်ရဦးမှာ။

တာက တွေးရင်း တာ့အသိဉာဏ်တွေ ဆင်ခြင်တုန်တရားတွေကို လမ်းဖွင့်ပေးတဲ့ ဆပ်သပြာကိုလည်း ကျေးဇူးတင်နေမိတော့





သည်။

ဆပ်သပြာသာ သတိမပေးခဲ့ရင် တာမှားကိုးမိဦးမှာ။

တာက မှန်ထဲကပုံရိပ်လေးကို အပြုံးလှလှလေးနဲ့ ပြုံးပြလိုက်သည်။ ဆပ်သပြာနဲ့ ကိုဇေယျရယ်မောနေတာကို တွေ့တွေ့ချင်းတုန်းကတော့ တာ့ရင်ထဲမှာ တစ်မျိုးကြီးရယ်။

ခုတော့လည်း လွယ်လွယ်ခံစားလိုက်ရတဲ့ စိတ်ညွတ်နူးမှုတွေက လွယ်လွယ်ပဲ ပျောက်ကွယ်သွားတော့တာ။

ခုတော့ တာက ကိုဇေယျနဲ့ မျက်နှာချင်းဆိုင်ရမှာကို လုံးဝ မလန့်တော့ပါ။ တာ့နှလုံးသားကို တာယုံကြည်သွားပြီ။

ခုကစပြီး စက္ကန့်တိုင်း စက္ကန့်တိုင်း ကိုကိုလူမော်ကို ချစ်ဖို့အတွက်ပဲ တာကြိုးစားပါတော့မည်။

တာက မျက်ဝန်းလှလှလေးတွေ ပြန်တောက်ပလာတော့မှပဲ သန့်စင်ခန်းထဲကနေ ပြန်ထွက်လာလိုက်တော့တာ။

* * *

## အခန်း (၁၃)

လရောင်နဲ့ ပင်လယ်အလှမှာ နစ်မြောနေမိတဲ့ ဖူးက အနီးကပ်ကြားလိုက်ရတဲ့ အသက်ရှူသံ ပြင်းပြင်းကြောင့် နစ်မြောမှုတွေ ရုပ်တန့်သွားပြီး ရုတ်တရက် နောက်လှည့် ကြည့်လိုက်မိသည်။

"အို"

ဖူး ခန္ဓာကိုယ်လေးကို နောက်လှည့်လိုက်တာနဲ့ နွေးထွေးပြီး ယစ်မူးဖွယ် ရနံ့တာဝ်ခု ခွဲထင်လိပ် ကျဲထားတဲ့ ရင်ခွင်တစ်ခုထဲကို ဖူးရောက်သွားရတော့တာ။

ရုတ်တရက်မို့ အငိုက်မိသွားရတဲ့ဖူးမှာ ရင်ဘုပ်ကျယ်ကျယ်





မှာ မျက်နှာလေးအပ်ဖိတဲ့ အနေအထားမျိုး ဖြစ်သွားရပြီးမှ ရုန်းထွက်လိုက်ရတော့သည်။

"ဖူးရယ် ကလေးရယ် အရမ်းချစ်တာပဲဗျာ ကိုကို့ရင်ခုန်သံတွေကို နားထောင်ကြည့်ပါဗျာ"

"အိုး…လွှတ် အခုလွှတ်"

ဒေါသနဲ့ ပြောလိုက်ပေမဲ့ ဖူး အသံက တိုးတိုးတုန်တုန်လေးပဲထွက်နိုင်သည်။

"အရမ်းချစ်တာပဲဗျာ"

ဖူးရုန်းနေတာကို လွှတ်မပေးတဲ့အပြင် ဖူးကို နမ်းဖို့ပါ ကြိုးစားနေတဲ့ လူကြီးကြောင့် ဖူးမှာ အလန့်တကြားလေးဖြစ်သွားရတော့တာ။

ပြီးတော့ ဆန့်ကျင်ဘက် အထိအတွေ့ကလည်း ဖူးကို ရင်ခုန်သံတွေမြန်ဆန်စေပြီး တစ်ကိုယ်လုံးလှုပ်ရှားလို့ မရလောက်အောင် ချည်နှောင်နေတော့သည်။

"လွှတ်… လွှတ်"

"မုန်းတယ် အခွင့်အရေးသမားကို အရမ်းမုန်းတယ်"



Scanned by CamScanner

"ခင်ဗျားကြီးကို မုန်းတယ်"

"အရမ်းမုန်းတယ်" ဆိုတဲ့ စကားတွေကို မှုးက စိတ်ထဲက နေပဲပြောနိုင်ပြီး အသိစိတ်တွေကပဲ အတင်းရုန်းနေမိသည်။

တကယ်တမ်း အပြင်ဘက်မှာတော့ မှုးတစ်ကိုယ်လုံးက လူကြီးရဲ့ ရင်ခွင်ကျယ်ကြီးထဲမှာ နစ်မြုပ်နေရတော့သည်။

ဒီလိုအထိအတွေ့မျိုးကို ခုမှပထမဦးဆုံး အကြိမ်ကြုံတွေ့ရတဲ့ မှုးမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး ကြောဝဍ္ဍာကြီးထဲကို အရှိန်အဟုန်နဲ့ လွင့်မျောပါသွားသလိုမျိုး ခံစားနေရတော့တာ။

မှုးရဲ့ နှလုံးခုန်သံတွေက ကျယ်လောင်စွာမြည်ဟီးပြီး မှုး နှလုံးသားတွေက ရင်ဘတ်ထဲကနေ ခုန်ထွက်သွားတော့မလားကို ထင်မှတ်နေရတော့သည်။

"မှုးကို အရမ်းချစ်တယ်ဗျာ ကိုကိုဘဝမှာ တကယ့်အချစ်ကို ခုမှတွေ့ရတာပါ"

ဒေါသတွေ ဟုန်းခနဲ ထတောက်သွားတဲ့ မှုးက ဘာမှ စဉ်းစားမနေတော့ဘဲ လူကြီးကို အတင်းပဲ ထုရိုက်ကုတ်ဖဲ့ပစ်မိ သွားတော့သည်။





"ကဲ... ချစ်ဦး"

"ဆော်ကားချင်ဦး"

"ကဲ... ကဲ"

မှုးရဲ့ လက်ချောင်းလေးတွေ နာကျင်လာတဲ့အထိကို မရပ်မနား ထုရိုက်ပစ်လိုက်တော့သည်။

လူကြီးကလည်း မှုးထုရိုက်ကုတ်ဖဲ့သမျှကို လုံးဝမရှောင်တိမ်းဘဲ ငြိမ်သက်ပြီး ခံနေတော့သည်။ သူကသာ ငြိမ်သက်ပြီး ခံနေပေမယ့် လူကြီးရဲ့ နှုတ်ကတော့ဖြင့်...

"မှုးရယ် အချစ်ရယ် အရမ်းချစ်တာပဲဗျာ" ဆိုတဲ့ စကားကို တဖွဖွ ပြောနေတော့တာ။

နောက်ဆုံးတော့ မှုးရဲ့ လက်ချောင်းလေးတွေ နာကျင်လွန်းလှတာမို့ မှုးက ထုရိုက်ကုတ်ဖဲ့တဲ့ အလုပ်ကို ရပ်နားပစ်လိုက်ရ တော့သည်။

ဒါပေမဲ့ အဲဒီလူကြီးကို ဘယ်လိုမှ အခဲမကျေနိုင်တာမို့ ခြင်းထန်တဲ့ စကားလုံးတွေနဲ့ တိုက်ခိုက်နေမိတော့တာ။

• • •



Book Sharing

Scanned by CamScanner

## အခန်း(၁၄)

"မုန်းတယ်"

"ခင်ဗျားကြီးကို အရမ်းမုန်းတယ်"

"ခင်ဗျားကြီးဟာ ကျွန်မကို စော်ကားတဲ့ လူပဲ။ အခွင့်အရေးသမား၊ အချောင်းသမား အောက်တန်းကျတဲ့လူ"

"ခင်ဗျား အခုထွက်သွား"

ချစ်သူလေးရဲ့ ပြင်းထန်ကြမ်းတမ်းတဲ့ စကားလုံးတွေက သူ့နှလုံးသားကို ထိခိုက်နာကျင်စေတော့တာ။

သူမလေးကုတ်ဖဲ့ ကုရိုက်ထားလို့ နာကျင်စပ်ဖျင်းနေတာထက် သူမလေးရဲ့စကားလုံးတွေက သူ့ကို ပို၍နာကျင်စေသည်။





"ကိုကိုကတော့ မူးကို အရမ်းချစ်တယ်"

"ကျွန်မကတော့ ခင်ဗျားကို အရမ်းမုန်းတယ် ဘယ်တော့မှ မကျေဘူး"

ပြောပြီးတာနဲ့ သူမလေးက ချာခနဲ လှည့်ထွက်သွားတော့တာ။

ဆွဲဖက်ချော့မြူချင်တဲ့ ဆန္ဒတွေကို သူကအတင်းပဲ ချိုးနှိမ်ထားလိုက်ရသည်။

ရင်ထဲမှာတော့ သူမလေးကို အချွဲကြီးချွဲသွားခဲ့ရလေပြီ။ သူမလေးက ဘယ်လောက်ပဲ မုန်းပါစေ သူ့အချစ်တွေကတော့ ဘယ်လိုနည်းနဲ့မှ နောက်ဆုတ်လို့မရနိုင်တော့ပါ။ အခုမှ ပြင်းထန်တဲ့ ချွဲလမ်းယစ်မူးခြင်းကို ခံစားမူးတာဖြစ်သည်။

သူမလေးရဲ့ နှုတ်ခမ်းဖူးလေးက တစ်ဘဝစာ ချွဲလမ်းစေလောက်အောင် မူးညံ့ချိုမြိန်နေတော့တာ။

"ကလေးရယ်...

"ကလေးက ဘယ်လောက်ပဲ မုန်းပါစေ ကိုကိုကတော့ ကလေးကိုပဲ ရအောင်လက်ထပ်မယ်ဗျာ"

ဖေယျက စိတ်ထဲက ပြောပြီး ခိုင်ခိုင်မာမာဆုံးဖြတ်ပစ်လိုက်တော့သည်။

ဘယ်နေလာက်ပဲ ခက်ခဲပါစေ သူမလေးကိုပဲ သူရအောင်ယူမည်။ သူမလေးရဲ့ အမုန်းတွေကို အချစ်ဖြစ်သွားအောင် သူကိုယ်တိုင် ပြောင်းလဲပစ်မည်။

တခြားလူတွေကို သူမလေးရဲ့ အဖေက "သမီးနှစ်ယောက်က ဆယ်ရက်ပဲ နေမှာ"လို့ ပြောတာကို သူ ကြားထားသည်။ ဒီတော့ သူမလေးနဲ့ နီးစပ်ဖို့ ကြိုးစားရန် ဆယ်ရက်ပဲ အချိန်ရှိသည်။

တရားတာ မတရားဟာထက် သူမလေးကို မဆုံးရှုံးဖို့က အရေးကြီးသည်။

ဒီလိုနဲ့ပဲ ဖေယျက ချစ်သူလေးကို တစ်ဘဝစာအပိုင်ရဖို့အတွက် ဉာဏ်နီဉာဏ်နက်တွေ ထုတ်မိသွားတော့သည်။

တကယ်တော့ သူမလေးကို ဒီနေ့ညမှာ ရည်းစားစကားပြောဖို့ သူရည်ရွယ်မထားမိပါ။ ပွေ့ဖက်နမ်းရှိုက်ဖို့လည်း ကြံစည်မထားမိတာ အမှန်ပင်ဖြစ်သည်။





ဒါပေမဲ့ လရောင်အောက်မှာ ရပ်နေတဲ့ သူမလေးကို တွေ့လိုက်ရတော့ သူ့စိတ်တွေ အရမ်းလှုပ်ရှားသွားခဲ့ပြီး မရည်ရွယ်တာတွေ လုပ်မိသွားတော့တာ။

တိတ်ဆိတ်မှုရယ် သဘာဝပတ်ဝန်းကျင်ရဲ့ ဖမ်းစားမှုရယ် လရောင်ရဲ့ ညှို့ငင်မှုရယ်က သူ့အချစ်စိတ်တွေကို ပေါက်ကွဲအောင် တွန်းပို့ပေးလိုက်ဟာပဲ ဖြစ်မည်ထင်သည်။

ဘာပဲဖြစ်ဖြစ် သူကတော့ နောင်တမရမိပါ။

ချစ်သူလေးက မုန်းပါတယ်လို့ ပစ်ပစ်ခါခါပြောသွားပေမယ့်လည်း သူစိတ်မပျက်မိပါ။

သူ့ဘက်က ချစ်သူလေးကို မရအရယူဖို့ပဲ အပိုင်အနိုင်ဆုံးဖြတ်ပစ်လိုက်တော့သည်။

သူလှုပ်ရှားဖို့အတွက် ကိုးရက်ပဲရှိတော့တာမို့ သူ့အနေနဲ့ ဘွေဝေလို့ မရတော့ပါ။ လောလောဆယ်တော့ ချစ်သူလေးကုတ်ဖဲ့သွားတဲ့ ဒဏ်ရာတွေကြောင့် သူ့မှာ စပ်ဖျင်းဖျင်း ဖြစ်နေရတော့တာ။

ထိုအချိန်တွင် မေဆပ်သဖုးက ဘာမှမဖြစ်သလို ဟန်ဆောင်

ပြီး ဒက်ဒီနဲ့ ခတ္တာရှိတဲ့ဆီကို အသာလေးပြန်ဝင်လာရကော့သည်။

ဒါပေမဲ့ ဖူးဘယ်လို ဟန်ဆောင်နိုင်မှာတဲ့လဲ။

ဒက်ဒီတို့ မျက်စိရှေ့ကို ပြန်သွားရမှာ လိပ်ပြာမလုံဘဲ ဖြစ်နေရတာမို့ ဖူးက သန့်စင်ခန်းထဲကို အရင်ဝင်ပြီး မှန်ထဲမှာ ဖူးကိုယ်ဖူး မပုံမရဲလေး စမ်းစစ်ကြည့်ရတော့တာ။

ဖူးနှုတ်ခမ်းပေါ်မှာ နှုတ်ခမ်းဆိုးဆေးလည်း မရှိတော့ပါ။ ဖူးက လက်ကိုင်အိတ်ထဲက မိတ်ကပ်ဘူးလေးနဲ့ နှုတ်ခမ်းဆိုးဆေးဘူးလေးကို ထုတ်ယူပြီး မျက်နှာပြင်ပေါ်က ယိုယွင်းမှုတွေကို ဖာထေးပြုပြင်ရတော့တာ။

ဆံပင်လေးတွေ ပွကုန်တာကိုလည်း ပြန်လည်စည်းနှောင်းရသေးတာ။

အဝတ်အစားတွေ တွန့်ကျေကုန်တာကို သပ်ရပ်အောင် ဆွဲဆန့်ရင်း ဒေါသတွေနဲ့ ဖူးက ရင်ခုန်သံတွေပြန်လာရတော့သည်။

ဆိုးလိုက်တဲ့လူ ရဲတင်းလိုက်တဲ့လူ ဒီလူဟာ သူ့အနားကို ရောက်လာတဲ့ မိန်းကလေးမှန်သမျှကို ချမ်းသာပေးမယ့် ပုံမရှိပါ။ သွက်လက်ယဉ်ပါးနေတဲ့ အပြုအမူတွေနဲ့ မိန်းကလေးဘယ်နှစ်





ယောက်လောက်ကို နမ်းရှိက်ခဲ့ပြီးပြီလည်း။

တွေးရင်းတွေးရင် ဖူးက စိတ်တိုလာရတော့တာ။ အဲဒီလူကြီးနဲ့ ထိခဲ့တဲ့နေရာတွေကို ဓားနဲ့တောင် လှီးပစ်ချင်ပါရဲ့ကွယ်။

တွေးလေ ဒေါသတွေထွက်ရလေ မျက်နှာလေးကို ပုံမှန်အတိုင်း ဖြစ်အောင် ဟန်ဆောင်လို့ မရလေနဲ့ ဖူးမှာ လုံးချာလည်နေရတော့တာ။

ဖူးက ခတ္တာကိုလည်း စိတ်တိုနေမိပြန်သည်။ ခတ္တာသာ ဒီလူကို သွားမနှုတ်ဆက်ခဲ့ဘူးဆိုရင် ဖူးလည်း ကြားဝင်ပေးစရာ အကြောင်းမှ မရှိဘဲ။ ခုတော့ ဖူးက အရင်သူ့ကို ဝင်လုံးသလို ဖြစ်နေတာဆိုတော့ ဖူးကို ဒီလူကြီးက ကောင်းကောင်းစော်ကားတော့တာပေါ့။

အို… မုန်းလိုက်တာ။

အရမ်းမုန်းတယ်။

"ဆပ်သဖူး"

"အမယ်လေး"

ရုတ်တရက် ကြားလိုက်ရတဲ့ ခေါ်သံကြောင့် လက်ထဲက



Scanned by CamScanner

မိတ်ကပ်ဘူး လေးလွတ်ကျသွားရတဲ့အထိကို ဖူးက လန့်သွားရ တော့တာ။

"ဘာဖြစ်လို့ ဒီလောက်တောင် လန့်ရတာလဲဟာ နင့်ကို ကြည့်ပြီး ငါပါလန့်တယ် ဒက်ဒီက နင်သန့်စင်ခန်းသွားတာ ကြာပြီ လိုက်သွားဆိုလို့ လိုက်လာခဲ့ရတာ"

ဖူးက ထိတ်ခနဲ ရင်ခုန်သွားရတော့သည်။

ဒက်ဒီများ သိသွားပြီလား။

အများအမြင်မှာဆိုရင်တော့ ဖူးက အဲဒီလူကြီးနဲ့ ရယ်မော ရောနှောနေတာလို့ပဲ မြင်မှာ။ အဲဒီလူကြီး ဖူးကို စော်ကားနေတာကို လည်း ဘယ်သူက အဲဒီလိုထင်မှာလည်း ဖူးခွင့်ပြုလို့ နမ်းတယ်ပဲ ထင်ကြမှာပေါ့။

"ဆပ်သဖူး နေကောင်းရဲ့လား"

ခတ္တာက စိုးရိမ်တကြီး မေးတော့တာ။

"ကောင်းပါတယ်၊ လာလေ ဒက်ဒီစိတ်ပူနေရင်သွားဖို့"

"ဆပ်သဖူး"

"ဟင်"





"ကျေးဇူးပဲနော်"

"ဘာကိုလဲဟာ"

"နင်သတိပေးလို့ ငါအမြင်မှန်ရခဲ့တာလေ မှားတော့မလို့ ဟာ တကယ်တော့ သူ့ဖက်ကလဲ အပျော်ပဲဖြစ်မှာနော် ဆပ်သဖူး အခုလဲ နင့်ကို ကြေပြနေတယ်မဟုတ်လား"

ဖူးက ရှည်ရှည်ဝေးဝေးတွေ မပြောပြချင်သေးတဲ့အတွက် တိတ်တိတ်လေးပဲ နေလိုက်တော့သည်။

"ဆပ်သဖူး"

"ပြော"

"အဲဒီ ကိုဇေယျ အပေါ်မှာ နင်ဘယ်လိုခံစားရလဲဟင်"

ဒီတစ်ခါတော့ ဖူးက လေသံမာမာနဲ့ ပြတ်ပြတ်သားသားပဲ ပြန်ဖြေလိုက်တော့တာ။

"ငါလား သတ်ပစ်ချင်လောက်အောင် မုန်းတယ် ခတ္တာ လူသတ်ရဲတဲ့ သတ္တိရှိလို့ကတော့လား ချက်ချင်းကို သတ်ပစ်တယ် အဲဒါ ငါခံစားချက်ပဲ"



Scanned by CamScanner

"ဘုရားရေ"

ခွေးက ဇက်ကလေးပု လျှာကလေးထုတ်ပြီး ငြိမ်ကျသွားသည်။

ဖူးတို့ ခန်းမထဲကို ပြန်ရောက်တော့ ဒက်ဒီ ဖူးကို လိုက်ကြည့်နေတာ ဖူး သတိထားမိသည်။

ဒေယျဆိုတဲ့ မုန်းတီးစရာလူကြီးကိုတော့ အရိပ်အယောင်ကလေးတောင် မတွေ့ရတော့ပါ။ ဒီတော့မှ ဖူးကလည်း အသက်ရှုလို့ ကောင်းသွားရတော့သည်။

ဖြစ်နိုင်မယ်ဆိုရင် နောက်ထပ် ဘယ်တော့မှ မတွေ့ချင်တော့ပါ။

အဲဒလူကြီးကို မတွေ့ရတော့ဖို့ဆိုရင် ဖူးက အခုချက်ချင်းတောင် ရန်ကုန်ပြန်ဖို့ ဝန်မလေးတော့ပါ။

"မီးမီးငယ်လေး တစ်ခုခုစားဦးမလားလို့" ဒက်ဒီက မေးတော့ ဖူးက ငြင်းလိုက်မိသည်။

"ဖူး မဆာဘူး ဒက်ဒီ"

ဒက်ဒီက စိုးရိမ်ပကင်းတဲ့ အကြည့်နဲ့ ဖူးကို ကြည့်သည်။





ဟုတ်ပါရဲ့ကွယ်။

ဘဝပထမဆုံးအကြိမ် ဖူး အစားအသောက်ပျက်ရပြီပေါ့။

• • •

Book Sharing

Scanned by CamScanner

## အခန်း (၁၅)

ပုံရှိတ်ပေါ်ကဆင်းတော့ အိမ်မပြန်သေးဘဲ ဇေယျက ကမ်းနားမှာ ထိုင်နေမိသည်။

"ဟေ့ကောင် အိမ်ပြန်မယ်လေ"

"အချစ်လေး ပြန်လာတာကို စောင့်ကြည့်ချင်သေးတယ်ကွာ"

"ဘာလဲ အထုအရိုက် အကုတ်အဖဲ့တွေ ထပ်ခံချင်သေးလို့လား"

ကျော်ဦးက လှောင်ပြောင်သံနဲ့ မေးတာဖြစ်သည်။

လှောင်လည်း လှောင်ချင်စရာ သွေးလည်ပင်းနဲ့ မျက်နှာပေါ်





မှာ လက်သည်းခြစ်ရာတွေက သွေးစို့ပြီ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတော့တာ။

"အဲ့ဒါ အချစ်တစ်ခု ရဖို့အတွက် အရင်းအနှီးတွေပဲ ကျော်ဦး"

"တော်ပါကွာ ခံခဲ့ရရင် ခံခဲ့ရတယ်ပေါ့"

"မင်းနားမလည်ပါဘူး ဒါအချစ်ရဲ့သင်္ကေတလို့ခေါ်တယ်"

"ထားပါတော့"

"ငါ အတည်ပြောတာ ကျော်ဦး အခုကစပြီး အော်ပရေးရှင်း စတော့မယ်"

"ဟေ...ဘာ အော်ပရေးရှင်းလဲ"

"ချစ်သူလေးကို အပိုင်ရဖို့ အော်ပရေးရှင်းပေါ့ကွာ"

"မင်းအနားမှာ နေရတာ ထောင်နဲ့ရနေတယ် ဇေယျ အဲဒီ ကိစ္စက ပုဒ်မကြီးတယ်နော်"

"ပုဒ်မကြီးချင်ကြီး ငယ်ချင်ငယ် ငါကတော့ မေဆပ်သမူး ဆိုတဲ့ ပန်းပွင့်လေးကို ရအောင်ခူးပြီး ရင်ခွင်ထဲမှာ တစ်သက်လုံး ထားဖို့ ဆုံးဖြတ်ပြီး သွားပြီ"



Scanned by CamScanner

ကျော်ဦးက သူ့ကို မျက်လုံးပြူးကြီးနဲ့ ကြည့်သည်။

"မလွယ်ဘူးထင်တယ်နော်"

"ငါ့အတွက် မလွယ်ဘူးဆိုတာ မရှိဘူး ကျော်ဦး တကယ်လို ချင်ရင် တကယ်ဖြစ်အောင် ယူမယ် ငါ ဘာမှ မကြောက်ဘူး"

"ကောင်မလေးရဲ့ အဖေက လက်တံရှည်တယ်နော်"

"ကမ္ဘာတစ်ပတ်ပဲ ရှည်ရှည်ကွာ"

"ပြီးတော့ သူတို့ရဲ့ အစ်ကိုလဲ ရှိသေးတယ်"

"ငါဘာမှ မကြောက်ဘူး ကျော်ဦး ငါသိတာ အချစ်ပဲ ငါ ပုံလေးကို နက်နက်နည်းနည်း ချစ်မိသွားပြီ"

"ရူးချင်တယ် ဖေယျ"

"ငါ့ကို မင်းနဲ့နဲ့တော့ ကူညီနော်"

"စတိုးလ် လက်ကောက်ဝတ်ရမယ့် ကိစ္စမျိုးတော့ မကူ ညီပါရစေနဲ့ကွာ"

"အဲဒီလောက် ကြောက်မနေစမ်းပါနဲ့ကွာ"

မင်းနားလည်အောင် ငါတွက်ပြမယ် ငါ့ဘက်ကအသာစီး ရသွားပြဖို့သားပါ နံပါတ်တစ်"





"ဟာ...ဟိုမှာ မေဆပ်သံဖူး တို့ပြန်လာပြီ"

ဖောတံတားပေါ်တက်လာတဲ့ ချစ်သူလေးကို ငေးမော ကြည့်နေရတာမို့ ကျော်ဦးနဲ့ စကားစပြတ်သွားရတော့သည်။

သူမလေးတို့ ကားပေါ်တက်သွားတဲ့အထိ ဖေယျက ငေးမောမိသည်။

ခုတော့လည်း မေခတ္တာကို သူဘာယ်လိုမှ ခံစားလို့ မရ တော့ပါ။

သူ့ခံစားချက်တွေအားလုံးက သူမလေးဆီမှာ။

အိပ်အပြန်လမ်းမှာ သူ့မျက်နှာပေါ်က လက်သည်းခြစ်ရာ တွေကြောင့် လူကြည့်ခံရသည်။ အိမ်ရောက်တော့လည်း အိမ်သား တွေက ကြည့်ကြသည်။ တခြား မိန်းကလေးတစ်ယောက်က ပေးလိုက်တဲ့ ဒဏ်ရာဆိုရင် သူစိတ်ဆိုးမိမှာ။

ခုတော့ သူမလေးပေးလိုက်တဲ့ ဒဏ်ရာမို့ ပျောက်သွားမှာကို တောင် သူက စိုးရိမ်နေမိသေး အခုမှ သူတကယ်ချစ်တတ်သွား တာပဲ။

ထိုအချိန်တွင် မေဆပ်သဖူးကတော့ ဒေါသတွေ မခံချင်စိတ်

တွေနဲ့ ကြိတ်မနိုင် ခဲမရဖြစ်နေရတော့တာ။

ဟိုတယ်ကို ပြန်ရောက်တာနဲ့ ဖူးက ခတ္တာနဲ့တောင် စကားမပြောနိုင်သေးဘဲ ရေအမြန်ချိုးပစ်လိုက်သည်။

ဖူးတစ်သက်မှာ ဘယ်သူ့ကိုမှ အခုလောက် မမုန်းဖူးပါဘူး။ ခုတော့ ဇေယျာဆိုတဲ့ လူကြီးကို ခါးတူးနေအောင်ကို မုန်းနေမိတာ။

သူ့အသံတွေ သူ့ဟန်ပန်တွေ သူ့အကြည့်တွေအားလုံးကို အမုန်းနဲ့ ပြန်အမှတ်ရနေမိပြီး ဖူးက ထပ်တလဲလဲအမုန်းတွေပွားနေမိတေတော့သည်။

"ကမ္ဘာ့ပေါ်မှာ အမုန်းဆုံးပါပဲ"

ရေချိုးခန်းထဲကနေ ဖူးထွက်လာတော့ ခတ္တာက တအံ့တသြ မေးသည်။

"အို ဒီအချိန်ကြီးကျမှ ခေါင်းလျှော်ရသလား ဆံပ်သဖူးရဲ့ နှင့်ဆံပင်တွေ ဘယ်အချိန်မှ ခြောက်မလဲ ဘာလို့ ခေါင်းလျှော်ရတာလဲ ရေပြောင်းမြေပြောင်းမှာ ဒီအချိန် ရေချိုးတာတောင် လွန်နေပြီ နေပါဦး လေ့စီးလာတာ ဖုန်လဲမကပ်ပါဘူး နင်က ဘာဖြစ်လို့ ရေချိုးရတာလဲ"





ဖူးက ခတ္တာကို လှည့်မကြည့်ဘဲ ပြန်ဖြေလိုက်သည်။

"မုန်းလို့ပေါ့ မုန်းလို့"

"ဟင် ဘယ်သူ့ကို မုန်းတာလဲ"

"ဟိုလမ်းသရဲကိုပေါ့ ခတ္တာ နင့်အတွက်ကြောင့်သာ အရောသွားဝင်ရတာ မုန်းတာမှအရမ်းပဲနင်တွေ့ပြီ မဟုတ်လား ခတ္တာ အဲဒီလူက မိန်းကလေးလှလှ မှန်သမျှကို ရင်ခုန်နေတဲ့ လူဆိုတာကိုလေ"

"အဲဒါကြောင့် နင့်ကို ကျေးဇူးတင်တာပေါ့ ဆပ်သဖူးရာ အမုန်အတိုင်း ပြောရရင် ငါက နင်သူ့ကို ဝင်ပုံးပတ်သက်မှာပဲလို့တောင် ထင်ထားမိတာ ဒါပေမဲ့ အထင်နဲ့ အမြင်က တခြားစီနော် ဟင်း...ဟင်း"

ဖူးက ရည်းစားစကား အပြောခံခဲ့ရတာ အပွေ့အဖက် အနမ်းအရှုံ့ခံလာခဲ့ရတာတွေကို ခတ္တာသိအောင် ပြောပြရကောင်းမလားလို့ စဉ်းစားမိသေးသည်။ ဒါပေမဲ့ တကယ်တမ်းကျတော့ ဘာကြောင့်မှန်း မသိဘဲ ပြောမထွက်တော့ပါ ပြောပြလိုက်ရမှာကို



Scanned by CamScanner

လည်း ရှက်ရွံ့ဝန်လေးနေမိတော့သည်။

"မပြောပါနဲ့တော့ဟာ မုန်းလွန်းလို့ အော်ဂလိဆန်တယ်"

ခင္တွာက ရယ်သည်။

"အရုပ်းမမုန်းနဲ့ ဆပ်သပူး။ အမုန်းလွန်ရင် အချစ်ဖြစ်သွား တတ်တယ်နော် သတိထား"

"နင် ငါ့ကို တခြားနည်းနဲ့ စနော် ဒီကိစ္စတော့ မစနဲ့ ငါအရုပ်းစိတ်ဆိုးတယ်"

မျက်နှာတည်မျက်နှာထားနဲ့ ပြောနေတဲ့ ဆပ်သပူးကို ခင္တွာက အံ့သြမိသည်။

ဆပ်သပူး တစ်ခုခုတော့ ဖြစ်နေပါပြီ။

ပုံမှန်မဟုတ်တော့ဘူးဆိုတာကို တာသိနေသည်။

တာ့ညီမပဲဟာ တာ အသေအချာ သိတာပေါ့။ ဆပ်သပူး မျက်နှာပျက်နေတာ သက်ပြင်းတွေချနေတာ နှုတ်ခမ်းလေးကို ခဏခဏကိုက်နေတာ အားလုံးကို တာသတိထားမိသည်။

ဒါ ကိုဇေယျနဲ့ ပတ်သက်ပြီး တစ်ခုခုခံစားနေရတာပဲ





ဖြစ်လိမ့်မှာလို့ တာက စိတ်ထဲက နေသေချာပေါက်လိုက်မိသည်။

တာကိုယ်တိုင်တောင် ခံစားခဲ့မိတာမို့ ကိုယ်ချင်းစာမိသည်။

ကိုဇေယျဆိုတဲ့ လူညို့စွက်ပြင်းထန်တာကို တာသိနေတာ ပဲ။ အခု ဆပ်သပူးလည်း သူ့ရဲ့ ညို့ချက်မှာ မိလာပြီလာပြီ ထင်ပါရဲ့နော်။

အပြင်ကတော်ပါတယ် မုန်းပါတယ်လို့ အော်ထားတဲ့အတွက် ဆပ်သပူးမှာ ဒုက္ခရောက်နေရတာ ဖြစ်မှာလို့ တွေးရင်း တာက စိတ်ထဲကနေ ကျိတ်ပြုံးလိုက်မိသည်။

ဆပ်သပူးကတော့ အိပ်ရာဝင်နေပြီ။

"ဆပ်သပူး နင်ဘာမှမစားတော့ဘူလား"

"မစားချင်တော့ပါဘူးဟာ"

သေချာပါပြီ။

ဒီလောက် အစားမက်တဲ့ မိန်းမက ဘာမှ မစားချင်ဘဲ အိပ်ရာထဲမှာ ခွေနေမှတော့ အချစ်နတ်ဖမ်းစားခံရတာကလွဲလို့ ဘာဖြစ်ရဦးမှာလဲ။



Scanned by CamScanner

တာမေးရင်လည်း ဆပ်သဖူ့က ပြောပြချင်မှ ပြောပြမှာ ဒီတော့ ဘာမှ မမေးဘဲ မသိချင်ယောင်ဆောင်နေဖို့ပဲ တာက ဆုံးဖြတ်လိုက်မိကတော့သည်။

ဆပ်သဖူးကိုယ်တိုင် လိုလိုချင်ချင် ပြောပြမှပဲ နားထောင်ပါတော့မည်။

ဒါပေမဲ့ တာ ကိုဇေယျာအပေါ်မှာ စိတ်ညွတ်နေသေးတယ်လို့ ဆပ်သဖူး ထင်နေမှာ စိုးတာကြောင့် တာက ကိုကိုလူမော်အကြောင်းတွေကို ပြောပြနေရပြန်တာ။

"ကိုကို့ကို သတိရလိုက်တာ ဆပ်သဖူးရယ် ဒီအချိန်ဆို ကိုကို ဘာတွေများ လုပ်နေမလဲ မသိဘူးနော်"

ဆပ်သဖူးက ဘာမှဝင်မပြောဘဲ နားထောင်ပေးနေသည်။ တာကလည်း ကိုကို့ကို တကယ်ပဲ သတိရနေမိတာ။ ကိုဇေယျာကို ခဏတစ်ဖြုတ်ရင်ခုန်ခဲ့ပြီးကာမှ ကိုကို့ကို ချစ်တတ်သွားတာလို့ ပြောရင်ယုံကြပါ့မလား။

တကယ်ပဲ တာက ကိုကို့ကိုချစ်မိနေပြီ ဖြစ်သည်။ ယှဉ်ထိုး





ကြည့်စရာ တစ်ခုနဲ့တွေ့ရတော့မှပဲ ကိုကိုလူမော်ပေးတဲ့ အချစ်တို တန်ဖိုးထားရကောင်းမှန်း သိသာလာတော့တာ။

"ကိုကိုက ဖုန်းဆက်တုန်းက ပြောတယ် ဆပ်သဖူးရဲ့ သူပြန်ရောက်တာနဲ့ လက်ထပ်တော့မယ်တဲ့"

"ကောင်းတာပေါ့ မဟုတ်ရင် နင့်စိတ်က ပျောက်လိုခုန် ချင်နေတာ မဟုတ်လား"

ဆပ်သဖူးက ရှုပ်ပုပ်ပုပ်လေးပြောခဲ့တာ။

"လူဆိုတာ တစ်ခါတလေတော့လဲ မူးသွပ်မိုက်မဲတတ်ကြတာပဲ ဆပ်သဖူးရာ ငါ့ကို အပြစ်မတင်ဘဲ နင်ချီးကျူးသင့်တယ်နော်"

"တော်ပါ ခွေးရာ နင်သာ မရူးသွပ်ရင် ကိုလမ်းသရဲနဲ့ ငါနဲ့ ပတ်သက်စရာ အကြောင်းကို မရှိဘူး၊ ခုတော့ နင့်ကြောင့် သွားပတ်သက်ရတယ်"

"စကားသွားပြောရုံလောက်နဲ့ ဘာဖြစ်သွားလို့လဲ ဆပ်သဖူးရာ၊ နင်ကလဲလေ သိပ်အကဲပါတာပဲ မိတ်ဆွေတစ်ယောက်တိုးလာ



Scanned by CamScanner

တယ်လို့ သဘောထားလိုက်ပေါ့ဟဲ့"

တာ့စကားကို ဆပ်သဖူးက ခါးခါးသီးသီး တုံ့ပြန်သည်။

"မိတ်ဆွေတိုးတာမဟုတ်ဘူး ရန်သူတိုးဟာ ခတ္တာ ဖြစ်နိုင်ရင် ရန်ကုန်ကို ချက်ချင်းပြန်ချင်တာ သိလား"

"ဘုရားရေ ငါ့လိုမျိုးလား"

"မဟုတ်ဘူး ငါပြန်ချင်တာက နင့်လိုရင်ခုန်လို့မဟုတ်ဘူး ခတ္တာ လူ့သတ်မှုဖြစ်မှာစိုးလို့ သိပြီလား"

တာက ဘာပြောရမှန်းပင် မသိတော့ပါ။

ဆပ်သဖူး မျက်နှာလှလှလေးက ခက်ထန်တင်းမာလတာမို့ တကယ်မုန်းနေတာလား မုန်းဟန်ဆောင်ပြနေတာလား ဆိုတာကို မဝေခွဲတတ်တော့ဘဲ ဖြစ်သွားရသည်။

"အစွန်းထွက်အောင်တော့ မမုန်းပါနဲ့ဟာ အမုန်းနဲ့ကပ်ရက်မှာ အချစ်ရှိတယ်နော် မုန်းပြီးမှ ချစ်သွားတဲ့ အချစ်က အရမ်း





ပြင်းထန်တတ်တယ်"

"သွားပါဟာ မဖြစ်နိုင်တာတွေ ပြောမနေနဲ့ ငါအိပ်တော့မယ်"

ပြောပြောဆိုဆိုပဲ ဆပ်သဖူးက စောင်ထူထူကို ခေါင်းအထိဆွဲခြုံပြီး တစ်ဖက်လှည့် ငြိမ်သက်သွားတော့တာ။

ခတ္တာကတော့ စောင့်ကြည့်ရုံပဲ တတ်နိုင်တော့သည်။

• • •

## အခန်း (၁၆)

"လွှတ်... လွှတ် ရှင့်ကို မုန်းတယ် အရမ်းမုန်းတယ်"

"ဖူးက အားကုန် ရုန်းကန်နေမတော့တာ။

ရုန်းရင်းကပဲ ဖူးတစ်ကိုယ်လုံးက မုန်းစရာလူကြီးရဲ့ရင်ခွင်ထဲမှာ။

"အရမ်းချစ်တာပဲ ကလေးရယ်"

"မချစ်နဲ့... မုန်းတယ်"

သန်မာတဲ့ လက်မောင်းကြီးတွေကလည်း ဖူးကိုယ်လုံးလေးကို ရစ်ပတ်နှောင်ဖွဲ့ထားလိုက်တာများ လှုပ်လို့ပင်မရတော့။

"ကလေးရယ် ကိုကို့ကို ချစ်ပါနော်"





"မချစ်ဘူး... မချစ်ဘူး အခုကျွန်မကိုလွှတ် အခုလွှတ်"

ဖူးက အတင်းပဲ ရုန်းနေမိပြန်တာ။

"ဆပ်သဖူး... ဆပ်သဖူး"

ခတ္တာရဲ့ ခေါ်သံကို ကြားရတော့မှ ဖူးက ရုတ်တရက်လန့်နိုးသွားရတော့သည်။

ဒီတော့မှ အိပ်မက်ဆိုတာကို သိလိုက်ပြီး ဖူးမှာ စိတ်သက်သာရာရသွားရတော့သည်။

"ရေ... ရေတိုက်စမ်းပါ ခတ္တာရယ် ရင်တွေတုန်လွန်းလို့"

ခတ္တာက ရေခဲသေတ္တာထဲက ရေတစ်ဘူး ယူပေးသည်။ ဖူးက ရေတွေအများကြီး သောက်ချပစ်လိုက်တာတောင် ရင်တုန်တာက သက်သာမသွားသေးပါ။

"ဘာဖြစ်တာလဲ ဆပ်သဖူးရာ အလန့်တကြားပဲ၊ နင်အော်နေတာကလဲ လွှတ်လွှတ်တွေရော၊ မချစ်နဲ့တွေရော၊ မချစ်ဘူးတွေရော အစုံပဲ၊ ဘာလဲ အိပ်မက်ထဲမှာ ဗီဒီယိုရိုက်နေတာလား"

ခတ္တာက အရွှန်းဖောက်ပြီး မေးနေတာကိုတောင် ဖူးမှာ



Scanned by CamScanner

မရယ်နိုင်ပါ။ ဖူး ခံစားနေရဘာကို ရင်တုန်တာလား၊ ရင်ဖိုတာလာ မကွဲပြားနိုင်ဘဲ ဇဝေဇဝါဖြစ်နေရတော့တာ။

"ဘယ်နှစ်နာရီထိုးပြီးလဲ ခတ္တာ"

"အမယ်လေး မိုးလင်းနေပါပြီဟယ် ကြည့်"

ပြောပြောဆိုဆို ခတ္တာက မှန်တံခါးကျယ်ကြီးရဲ့ ခန်းဆည်းလိုက်ကာကြီးကို ဆွဲဖယ်လိုက်တော့တာ။

မှန်ပြတင်းကနေ အလင်းရောင်တွေ တန်းခနဲဝင်လာသလို ခတ္တာရဲ့ အသံကိုလည်း အလန့်တကြား ကြားလိုက်ရတော့သည်။

"ဆပ်သဖူးရေ လာကြည့်စမ်း"

"ဘာလဲဟာ"

"ဩော်... လာကြည့်ပါဆိုနေ၊ အင်မတန်ထူးဆန်းတဲ့ မြင်ကွင်းပေါ့"

ဖူးက ဘာမှန်းမသိဘဲ ပြတင်းပေါက်ဆီ လျှောက်လာမိတော့တာ။

ပိတ်ထားတဲ့ မှန်တံခါးကနေ အောက်ကို ကြည့်လိုက်တော့



ဆိုင်ကယ်အကြီးကြီးတစ်စင်းနဲ့ ဆိုင်ကယ်ပေါ်မှာ အကျအနထိုင်ပြီး ဖူးတို့ ဟိုတယ်တံခါးဝကို မမိုတ်မသုံစိုက်ကြည့်နေတဲ့ ကိုလမ်းသရဲကို ဘွားခနဲတွေ့လိုက်ရတော့တာ။

ထူးဆန်းတာက အဲဒီလူကြီးကို တွေ့လိုက်တာနဲ့ ဖူး ရင်ခုန်သံတွေ ရုတ်တရက် အပြောင်းအလဲ ဖြစ်သွားကြတာပဲ ဖြစ်သည်။

စစချင်းတော့ ဖူးက အလန့်တကြား ဖြစ်သွားရတော့တာ။ ဒီလူကြီးကို ရင်ခုန်သွားတာလားလို့ တွေးမိပြီးမှ အဲဒီ အတွေးကို ဖူးက စိတ်ဆိုး ဆိုးနဲ့ မောင်းထုတ်ပစ်လိုက်မိတော့သည်။

အဲဒီလူကြီးကိုသာ ဖူး ရင်ခုန်မယ်ဆိုရင် ကိုယ့်အသည်းနှလုံးကို ကိုယ်ဖောက်ထုတ်ပစ်လိုက်မယ်လို့ ဖူးက ကျိုးဝါးပစ်လိုက်မိတော့သည်။

"နင့်ကို လာစောင့်နေတာဖြစ်မယ် ဆပ်သဖူး၊"

ဖူးက ဘာမှမပြောဘဲ၊ ရေချိုးခန်းထဲဝင်လာခဲ့လိုက်တောတာ၊ ရေချိုးပြီး ထွက်လာတော့ ခတ္တာက ကိုကိုလူမော်နဲ့ ဖုန်းပြောနေသည်။

Scanned by CamScanner

"ကိုကိုကို တာချစ်တယ်"

"……………"

""အမြန်ပြန်ခဲ့ကောနော်"

"……………"

"နောက်ဆို ကိုကို ဘယ်သွားသွား တာလဲလိုက်ခဲ့မှာ"

"……………"

"အို သားသားတွေ မီးမီးတွေ ရတော့ရော ဘာဖြစ်သေးလဲ ကလေးတွေကို မာမီတို့နဲ့ ထားခဲ့မယ်၊ ဆပ်သဖူး ထိန်းပေးလိမ့်မယ် တာကတော့ ကိုကို့နောက် လျှောက်လိုက်နေမှာပဲ"

"……………"

"ကိုကိုနော် ဘာဘိုလိုက်မှာနော်"

ခက္ကာရဲ့ ချွဲပွဲ့နေတဲ့ စကားသံတွေကို နားမထောင်ဘဲနဲ့ ကြားနေရတာ။

ခတ္တာနဲ့ ကိုကိုလှမော် အဆင်ပြေသွားပြီဆိုတော့၊ ဖူးလည်း စိတ်အေးရသည်။ အခု ခတ္တာက သွက်လက်ရွှင်ပျပြီး ချွဲနွဲ့နေလိုက်





ပုံများ၊ အတော်အသည်းယားစရာကောင်းနေတော့တာ။ မနေ့က ပုံစံနဲ့များ တခြားစီ မနေ့က ကိုလမ်းသရဲကြောင့် ခတ္တာလငပုပ် ဖမ်းခဲ့ရသည်။ ဟော ခတ္တာပြီးတော့ ဖူးအလှည့်ဖြစ်နေရပြီ။

ဖူးမှာ တနုံ့နုံ့ကျွေးပြီး စိတ်ဆင်းရဲနေရတော့တာ။

ဖူးဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ထိလက်ရောက် စော်ကားမှုကို ခံရလိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးမထားခဲ့မိဖူးပါ။

စတော့ ဖူးမုန်းတီးမိတဲ့ လူရဲ့ စော်ကားမှုကို ခံခဲ့ရတာ။ သူချစ်သုံလည်း မဟုတ်ဘဲ မိန်းကလေးတစ်ယောက်ကို ပိုင်စိုးပိုင်နင်း ဖက်နမ်းပစ်ခဲ့တာဆိုတော့ အဲဒီလူကြီးဟာ ဘယ်လောက် ကြောက်စရာကောင်းထားသလဲနော်။

ဖူးက သူ့ကို သွားရောလိုက်မိတာကိုပဲ သူ့ကအထင်သေး သွားတာဖြစ်မှာ၊ သူ့ကို ဖူးဘက်က ကြွေနေပြီ၊ သူပြုသမျှနုမှာပဲလို့ တွေးပြီး ဖူးကိုအခွင့်အရေးတွေ ယူပစ်လိုက်တာဖြစ်မှာ။

ဖူးက တွေးမိလေ ဒေါသထွက်ရလေ၊ ယူကျုံးမရဖြစ်ရ



Scanned by CamScanner

လေနဲ့ ဒုက္ခရောက်ရတော့တာ။ အိပ်မက်ထဲအထိတောင် ဖွဲ့းကို လိုက်နှောင့်ယှက်နေတဲ့ လူကြီးကိုလည်း မုန်းသထက်မုန်းနေမိတော့သည်။

"ဖွဲ့းအဝတ်လဲပြီးရင် အောက်ထပ်ဆင်းစို့ ဒက်ဒီက ဘရိတ်ဖတ်စ်စားဖို့ စောင့်နေလောက်ပြီ"

"တာပြောတာကို ဆပ်သဖွဲ့းက ပျင်းရိပျင်းတွဲ့ တုံ့ပြန်သည်။

"အေးပါဟာ ဖြည်းဖြည်းပေါ့ တော်ကြာ ဟိုမကောင်းဆိုးဝါးနဲ့ တည့်တည့်မတိုးချင်ဘူး၊ ငါလဲ ဘာမှ သိပ်မစားချင်ပါဘူး"

တာက အံသြရတော့တာ။

ဒီလောက်အစားမက်တဲ့ ဆပ်သဖွဲ့းက ဘာမှ သိပ်မစားချင်ဘူးဆိုတာက ဘယ်လောက်ထူးဆန်းထားသလဲ။

"အမယ်လေး ထူးဆန်းလှချည်းလား၊ အမြဲတမ်းတစ်ခုခု စားဖို့ချည်း စဉ်းစားနေတဲ့ မိန်းမက အခုမှ သိပ်မစားချင်ဘူးတဲ့နင် တစ်ခုခုတော့ဖြစ်နေပါတယ် ဆပ်သဖွဲ့းရယ် ငါ့ကို မညာပါနဲ့နော်"





"ငါက ဘာဖြစ်ရမှာလဲ ဘာမှမဖြစ်ဘူး"

ဆပ်သဖွဲ့းက ဘုတောတာမို့ တာ့မှာအသာလေးပဲ ပါးစပ်ပိတ်နေလိုက်ရတော့တာ။

ဒက်ဒီလာခေါ်တော့မှ တာတို့နှစ်ယောက်က ဟိုတယ်ပေါ်ကနေ ဆင်းလာဖြစ်သည်။ တာကတော့ အရမ်းအရမ်းကို ထူးခြားနေတဲ့ ဆပ်သဖွဲ့းကိုပဲ မလွှတ်တမ်းအကဲခတ်နေလိုက်တော့တာ။

တာတို့ ဟိုတယ်ရှေ့ရောက်တော့ ကိုဇေယျရော ဆိုင်ကယ်ကြီးပါ ပျောက်ချင်းမလှ ပျောက်နေပြီ။

ဆပ်သဖွဲ့းရဲ့ မျက်နှာလေးက တည်တင်းနေပြီး မျက်လုံးတွေကလည်း အရမ်းငြိမ်နေတာမို့ တာဘယ်လိုမှ အကဲမခတ်တတ်တော့ပါ။

ကိုဇေယျကိုသာ စိတ်ဝင်စားရင် မျက်လုံးလေးတွေနဲ့ မသိမသာ ရှာဖွေမှာပဲဆိုတာ မိန်းမချင်းမို့ တာက တွက်မိသည်။

အခု ဆပ်သဖွဲ့းက တည်ငြိမ်နေတာမို့ တာလည်း မတွေးတတ်တော့ပါ။

BookSharing

Scanned by CamScanner

"မီးမီးငယ် ဘာစားမလဲ"

"ဒက်ဒီ ကြိုက်တာကျွေးလေ"

"မီးမီးကြီးကရော ဘာစားမလဲ"

"တာက ကိစ္စမရှိပါဘူးလေ အစားသဖားကိုပဲ မေးပေါ့"

"ရတယ် ဖူးက အားလုံးစားတယ် ဒက်ဒီကောင်းဖို့ပဲ လိုတယ်နော်"

"ဟား… ဟား ဟား တော်ကြာ ဒက်ဒီသမီးငယ်တော့ အစားကောင်းကောင်းတွေ အရမ်းစားပြီး အပြန်မှာ လေယာဉ်ထိုင်ခုံနဲ့ မဆံ့တော့ရင် ဒုက္ခပဲကွာ"

"စိတ်မပူနဲ့ ဒက်ဒီ လေယာဉ်ခေါင်းမိုးအပေါ်မှာ ဖူးတစ်ယောက်တည်း ထိုင်စီးသွားမယ်"

"ဟား… ဟား ဒါဆိုလဲ အကြိုက်စားပေတော့ဗျာ"

"စားမှာ"

ဒက်ဒီနဲ့ ဆပ်သဖူးက ပုံမှန်အတိုင်း ရယ်မောပြောဆိုနေတော့ တာက မတွေးတတ်တော့ပါ။





ဒါနဲ့ပဲ မတွေးတော့ဘဲ ဒီအတိုင်း လွှတ်ထား လိုက်တော့သည်။

ဆပ်သဖူးရဲ့ နှလုံးသားရေးရာကို တာဝင်မစွက်ဖက်ချင်ပါ။

ဒီလိုနဲ့ပဲ ဒက်ဒီနဲ့ တာတို့ညီအစ်မနှစ်ယောက်က မနက်စောစောစာအဖြစ် မြိတ်ကတ်ကြေးကိုက် သွားစားဖြစ်သည်။

မုန့်တုပ်ကြီးတွေ ကင်းမွန်တွေနဲ့ ကြော်ထားတဲ့ ကတ်ကြေးကိုက်ကြော်က အရမ်းအရသာရှိတာမို့ တာပါ အများကြီးစားဖြစ်သွားသည်။

"ဒက်ဒီ ကျုံးကို ဘယ်တော့သွားမှာလဲ"

"မနက်ကိုးနာရီမှာ လှေထွက်မယ် မီးမီးငယ် ဈေးတွေဘာတွေ ပတ်ချင်လဲပတ်ပေါ့"

"ဟင့်အင်း ဖူးတော့ ဘယ်မှမသွားချင်ဘူး ခင္တာ ဈေးထဲသွားချင်ရင် သွားပေါ့"

"ဒက်ဒီကလဲ မနက်အစောကြီးဆို ဈေးထဲက ဆိုင်တွေတောင် ဖွင့်ပါဦးတော့မလား၊ နေ့လယ်မှ သွားရင်ပြီးရော"

"မရစ်ပါနဲ့ ခတ္တာရာ ငါက ချက်ချင်းပဲ သွားချင်တော့ နေ့လယ်အထိ အချိန်မဆွဲစမ်းပါနဲ့"

"တစ်နာရီ နှစ်နာရီလောက်နဲ့ ဘာဖြစ်မှာလဲ"

တာက တမင်တကာ အချိန်ဆွဲဖို့ ပြောနေတာ ဖြစ်သည်။

ဆပ်သမှူးကလည်း နည်းနည်းမှ မလျော့။ ကိုးနာရီအထိတောင် မစောင့်နိုင်ဘဲ အခုချက်ချင်း သွားချင်နေပြန်သည်။

"ကဲပါ ငြင်းမနေကြပါနဲ့ ကိုးနာရီမှာထွက်မယ် အားလုံးစိတ်ချပြီးပြီ၊ အခု ရှစ်နာရီဆိုတော့ တစ်နာရီပဲ အချိန်ရတယ် မီးကြီးလဲ ချေးမပတ်နဲ့တော့ ဟုတ်လား"

"ဒက်ဒီကလဲ နေ့လယ်မှ သွားရင်ပြီးရော"

"နင်နေခဲ့ပေါ့ ခတ္တာရဲ့"

"နင့်ကိုထားခဲ့မှာ"လို့ တာက ပါးစပ်ကလည်းပြောလက်ဟန်နဲ့လည်း ဒက်ဒီမမြင်အောင် ဆံပင်ရှည်ပုံစံလုပ်ပြပြီးစလိုက်တော့ ခါတိုင်း တော်ရုံတန်ရုံနဲ့ စိတ်မဆိုးတတ်တဲ့ ဆပ်သမှူးက မျက်နှာလေးနီးရဲပြီး တာ့ကို ဒေါသတွေ ထွက်သွား





လိုက်တာမှ စက်လှေပေါ်ရောက်တော့လည်း စကားမပြော ကျွန်းကိုရောက်တော့လည်း စကားမပြောတော့ပါ။

• • •

## အခန်း (၁၇)

ကျွန်းသာယာဆိုတဲ့အတိုင်း သာယာလိုက်တဲ့ကျွန်းကလေး။

သဲသောင်ဖွေးဖွေး ရေပြာပြာတွေနဲ့ ဆုံးစမထင်တဲ့ ပင်လယ်ကြီးကို တွေ့ရတော့မှပဲ ဖူးရဲ့ စိတ်အစဉ်က ကြည်လင်သွားရတော့သည်။

ပင်လယ်လေကို အားပါးတရ ရှူရင်း ဟိုလူကြီးအကြောင်းကို တွေးလိုက်မိတာနဲ့ပဲ ရှိုမြိန်လတ်ဆတ်တဲ့ လေတွေကတောင် ညစ်ပတ်နံစော်သွားသလို ခံစားရစော်။

ဖူး အဲဒီလူကြီးကို ဒီလောက်ထိ မုန်းတီးနေတာပါ။





လူကြီးရဲ့ အပွေ့အပက်နဲ့ အနမ်းကို ခံထားရတဲ့ ဖူးခန္ဓာကိုယ်လေးကို ပင်လယ်ရေတွေနဲ့ ဆေးကြောပစ်မိသည်။

ဒါပေမဲ့ ဖူးရဲ့စိတ်တွေက သန့်ရှင်းမသွားပါ။

ဒီခြောက်လုနီးမှုကနေ ဘယ်တော့များမှာ လွတ်ရတော့မှာလဲကွယ်။

"ဟော့ ဂဏ်မလေး နေပူပူမှာ ပင်လယ်ရေတွေ သိပ်စိမ်မနေနဲ့ အသားတွေ မိုးချုပ်ကုန်မယ် လာတက်လာခဲ့တော့"

ကိုကိုကြီးလာအော်တော့မှပဲ ဖူးက ရေထဲကနေ ပြန်တက်လာရတော့တာ။

"ခဏ္ဍာရော ကိုကိုကြီး"

"ထုံးစံအတိုင်း အိပ်နေပြီပေါ့ဟာ ဒီအအိပ်ပုပ်မအကြောင်း သိသ်ကြီးခဲ့ လာညည်းအတွက် စပါယ်ရှင် ငါးကင်လုပ်ထားတယ် လာစား"

ဗိုက်ဆာနေတာတောင် ဖူးဆီမှာ စားချင်တဲ့စိတ်မရှိမနေပါ။

ခဏ္ဍာတောင် ပုံမှန်ပြန်ဖြစ်ပြီး အိပ်နိုင်သွားပြီ ဖူးမှာတော့



Scanned by CamScanner

ပုံမှန်မဖြစ်သေးပါ။ အမုန်းတွေက ဖူးရဲ့ အစားအချင်စိတ်တွေကို တိုက်ခိုက်ပစ်နေကြတော့တာ။

ခုတော့င် ဖူးပုံစံပျက်နေတာသိသာနေလို့ ခင္ဂာက အကဲခတ်နေပြီ မယုံသင်္ကာ အကြည့်နဲ့ ကြည့်နေပြီ။ အခုထက်ဆိုးလာရင်တော့ ဒက်ဒီတို့ ကိုကိုကြီးတို့ပါ ရိပ်မိကုန်တော့မှာ။ တော်ကြာ မိန်းကြွက်လျှောက်ပြဿနာတွေ အမှုင်တန်းနေရင်ဒုက္ခ။

အတွေးနဲ့ ဖူးက ပုံမှန်ဖြစ်အောင် ကြိုးစားပြီ ကိုကိုကြီးနဲ့ အတူတူ ငါးကင်စားရတော့သည်။

"စား...စား ငါးစားတာ ဗိုက်မတက်ဘူးကွ"

"အို တက်လဲ အရေးလားနော်"

"အရေးပေါ့ဟ တော်ကြာ အဝလွန်နေလို့ ညည်းယောကျ်ား မရရင် အစ်ကိုတွေ ဘယ်လောက် သံဝေဂရကျလိုက်မလဲဗျာ"

ကိုကိုကြီးက ဖူးခေါင်းက ဆံပင်တွေကိုဆွဲဖွပစ်ပြီး စနေတော့တာ။

"အံမာ... ဖူးယောကျ်ားမရတာနဲ့ ကိုကိုကြီးတို့ သိက္ခာကျ





မှာ ဘာဆိုင်လဲ ဟွန်း..."

"ဆိုင်တာပေါ့ ယောကျ်ားမရတာ ကြိုက်မယ့်လူမရှိလို့မဟုတ်လား ကိုယ့်ညီမကို ချစ်မယ့်ကြိုက်မယ့်သူ မရှိရင် အစ်ကိုတွေ သိက္ခာကျပြီး"

ချက်ချင်းယောကျ်ားယူပစ်လိုက် ဖူး ရဲ့စကားကို ကိုကိုကြီးက ဗိုက်နှိပ်ပြီး ရယ်နေတော့တာ။

"ဟား... ဟား ရယ်ရတယ်ဟေ့ ခွမ်းရင်လုပ်စမ်းပါအေ ငါကားကို ညည်းအတွက် လက်ဖွဲ့လိုက်ဦးမှာ"

"အို... ကြည့်နေပေါ့"

တကယ်တော့ ဖူးက ကိုကိုကြီးကို တမင်တကာ ပြောနေတာ။

စကားနောက် ဒရားပါ ဆိုတဲ့စကား အတိုင်းဖြစ်တတ်တယ်ဆိုတာသာ သိရင် ဖူး ပြောမိမှာတဲ့လား။

ဖူးတို့ မောင်နှမနှစ်ယောက် ဘန်ဂလိုရှေ့မှာ ငါးကင်စားလိုက်၊ အုန်းစိမ်းရေသောက်လိုက် ရယ်မောနောက်ပြောင်လိုက်

လုပ်နေတုန်းမှာပဲ ဖူး ထင်မှတ်မထားတဲ့ လူတစ်ယောက်ကို အလုပ်သမား ဝတ်စုံနဲ့ လျှောက်သွားနေတာ တွေ့လိုက်ရသည်။

"ဟင်...ဟိုလူကြီး"

ဖူး က အံ့ဩလွန်းလို့ အသံထွက်ရေရွတ်မိသွားသလို ရင်ခုန်သံတွေလည်း မြန်ဆန်သွားရသည်။

"ဘယ်သူလဲ"

"ဟို... ဟို ဘာမှမဟုတ်ပါဘူး ဟိုရှေ့က လူကြီးကို မြင်ဖူးသလားလို့ပါ ရန်ကုန်က အလုပ်သမားပဲလား ကိုကိုကြီး ဖူး သူငယ်ချင်းရဲ့ အစ်ကိုလားလို့"

"ရန်ကုန်က မဟုတ်ပါဘူး၊ ဒီနေ့မှစပြီး အလုပ်ဝင်တဲ့ အလုပ်သမား အသစ်လေ မီးကင်တဲ့ ဘက်မှာ ကျွမ်းကျင်အလုပ်သမားလိုနေတာ ဒီနေ့မှပဲ အလုပ်သမားရတော့တာယ်။ ဒီကောင်လေးက မဆိုးဘူး Physicsနဲ့ ကျောင်းပြီးထားတာတဲ့ တော်တယ် ရောက်ရောက်ချင်းပဲ အလုပ်တွေလုပ်ပြတာမှာ သွက်လက်ဖျတ်လတ်နေတာပဲ တာဝန်ယူချင်တဲ့ စိတ်လဲရှိတယ် ဒက်ဒီကိုတောင်





မပြောရသေးဘူး "

ဘုရား... ဘုရား။

ဒီလူကြီး ဖူးရှိတဲ့ နေရာကို ရောက်နေပြန်ပြီပေါ့။

ဘယ်လို လုပ်ရမလဲ။

သူ့ကို အလုပ်ထုတ်ပစ်လိုက်ပါလို့ ပြောရင်လည်း ဘာကြောင့်လဲဆိုတဲ့ အကြောင်းပြချက်ကို မလွှဲမသွေပေးရတော့မည်။

ဘယ်လို ပြောရမလဲ အမှန်အတိုင်း ပြောလို့တော့မဖြစ်ပါ၊ အားလုံးရှုပ်ကုန်မှာ။

ဒါဆို ဒီအတိုင်းပဲ ကြည့်နေရမှာလား။

အဲဒီလောက်ရဲတင်းတဲ့ လူကြီးဟာ သူ့ဘာသာသူ နေရင့်တော့ အရေးလား၊ ဖူးကို အတင်းလိုက်ပြီး နှောင့်ယှက်နေရင် ဘယ်လိုလုပ်ရမလည်း။

"ငါးကင်းကြီးကို စိုက်ကြည့်ပြီး ဘယ်လိုဖြစ်နေတာလဲ အစားပုပ်မလေးရယ်"

"ဟင်း… အဲ ဘာမှမဖြစ်ပါဘူး ဘာငါးလဲလို့ စူးစမ်းနေတာ ကိုကိုကြီးရဲ့ အဟင်း… ဟင်း"

"စူးစမ်းမနေနဲ့ စားစရာရှိတာစား"

"ကိုကိုကြီးက ဘယ်လဲ"

"ကျွန်းရဲ့ အနောက်ခြမ်းသွားမလို့လေ"

တစ်ယောက်တည်းနေခဲ့ရမှာကို ကြောက်လန့်နေမိတဲ့ ဖူးကပါ ထရပ်လိုက်မိတော့တာ။

"ဖူးလဲလိုက်မယ်"

ကိုကိုကြီးက တစ်ချက် စဉ်းစားပြီး ဖူးကို ပြန်ပြောသည်။

"မလိုက်ပါနဲ့ကွာ"

"ဟာ… လိုက်ချင်လို့"

"လိုက်ချင်လဲလိုက်ခဲ့လေ ဟိုရောက်မှတော့ ဂျီမကျနဲ့နော် ကိုကိုကြီးမှာ အလုပ်ရှိတယ်"

"ဟုတ်…"

တစ်ယောက်တည်း မနေချင်တာနဲ့ဘဲ ဖူးက ကိုကိုကြီးနဲ့



လိုက်ခဲ့တော့တာ။

ကျွန်းရဲ့ အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကို ဆိုင်ကယ်နဲ့ သွားတာမို့ ဖူးက ပျော်နေမိသည်။

ကိုကိုကြီးနောက်ကနေ ခွထိုင်ပြီး တောလမ်းလေးအတိုင်း ဆိုင်ကယ်စီးရတာ အရသာရှိလွန်းလှသည်။

ဟိုလူကြီးသာ ဒီအရပ်ဒီနေရာမှာ မရှိဘူးဆိုရင် ဖူးအတွက် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲနော်။

အခုတော့ ဖူးမှာ လွတ်လွတ်လပ်လပ် မပျော်နိုင်ဘဲ ဖြစ်နေရတော့တာ။

"ဝက်မလေး သေသေချာချာကိုင်ထားနော် လမ်းကကြမ်းတယ်၊ တော်ကြာ ပြုတ်ကျကျန်ခဲ့မှ ဟုတ်ပေ့ဖြစ်နေမယ်"

"ကိုကိုကြီးတို့ကလဲလေ ဘန်ဂလိုတွေ ဒီလောက်ကောင်းကောင်းဆောက်ထားပြီး လမ်းကျမှတော့ ညံ့လိုက်တာ အလွန်ပဲ"

"မသိဘဲနဲ့ လျှောက်ပြောမနေနဲ့ ဒါက ဖြတ်လမ်း ကမ်းခြေပတ်လမ်းကို သွားကြည့်ပါလား၊ စကိတ်စီးလို့ရအောင်ကို ချော

တယ်ဗျာ"

"အယ် ကမ်းခြေပတ်လမ်း ရှိသေးတယ်လား"

"ရှိတာပေါ့ ခတ္တာမက အဲ့ဒါတွေ ပတ်ကြည့်ပြီးမှ အိပ်နေတာ ညနေမှ ရေထဲဆင်းမယ်တဲ့ ညည်းသာ ရေမြင်တာနဲ့ အတင်းဆင်းဘူးတာ"

ဖူးက ကိုယ့်အကြောင်းနဲ့ကိုယ် ကိုယ့်ခံစားချက်နဲ့ကိုယ်မို့ ငြိမ်နေရတော့တာ။

"ဟာ တောပန်းတွေ ခူးချင်လိုက်တာ"

မြက်ပင်ရိုင်းတွေ တောပန်းတွေကို တွေ့တော့ ဖူးက အော်မိသည်။

"အချိန်မရှိဘူး နောက်မှာ လာခူးတော့ အခုလောက်ဆို အလုပ်သမားတွေ ကိုကိုကြီးကို စောင့်နေလောက်ပြီ အနောက်ဖက်ခြမ်းက ဘန်ဂလိုတွေကို ဒီနေ့ မီးစဆင့်မှာလေ"

"ဟာ"

ကိုကိုကြီးရဲ့စကားကြောင့် ဖူးက အထိတ်တလန့်လေး





ဖြစ်သွားရတော့တာ။

ဘုရားရေ ဒါဆို ဟိုလူကြီးလည်းရှိနေမှာပေါ့။ ဖူးက ချက်ချင်းပဲ ပြန်လှည့်ပြေးချင်မိတော့တာ။

"မလိုက်ချင်တော့ဘူး" လို့ ခုမှပြောရင်လည်း ကိုကိုကြီးကဖူးကို စိတ်ဆိုးတော့မည်။ မတတ်နိုင်တဲ့ အဆုံးမှာ ဖူးက စိတ်တင်းရတော့တာ။

ဘာဖြစ်လို့ ကြောက်ရမှာလဲ။

ဘာကြောင့် ရှောင်နေရမှာလဲ။

ဘာအတွက် ဂရုစိုက်နေရမှာလဲ တည့်တည့်ကြည့်ပြီး မာမာတင်းတင်း ရင်ဆိုင်ရုံပဲ ရှိတော့သည်။

စိတ်ကိုတင်းထားပေမဲ့ ဘာကြောင့်မှန်း မသိဘဲ ရင်ခုန်သံတွေကတော့ ကျယ်လောင်လွန်းနေတော့တာ။

• • •

## အခန်း (၁၈)

"ဒါ ကိုယ့်ညီမအငယ်ဆုံးပေါ့ ဒီနေ့ပဲ ကျွန်းကို ရောက်တာလေ"

"တွေ့ရတာ ဝမ်းသာပါတယ်"

ကိုကိုကြီးက ကိုလမ်းသရဲနဲ့ ဖူးကို အလိုက်ကန်းဆိုးမသိ မိတ်ဆက်ပေးနေတော့တာ။

ဖူး မုန်းတီးလွန်းလှတဲ့ လူကြီးကလည်း မင်သေသေနဲ့ ခုမှ တွေ့ရတဲ့ ပုံစံမျိုး လုပ်ပြနေသည်။ ဖူးက ကိုကိုကြီးရှေ့မှာ မကောင်းလွန်းတာမို့ ဖူးက စိတ်မပါဘဲ ပြုံးပြလိုက်ရတော့သည်။

အခုကျတော့လည်း ကြောက်စရာကောင်းလောက်အောင်





ရဲတင်းတဲ့လူကြီးက ဣန္ဒြေတစ်ခွဲသားနဲ့ ဖူးကိုတောင် အရေးမလုပ်တော့ဘဲ ကိုကိုကြီးနဲ့ အလုပ်ကိစ္စတွေ ဆွေးနွေးနေတော့တာ။

ဒီတော့လည်း ဖူးက မကျေမနပ်ကြီး ခံစားနေရပြန်သည်။ တကယ်ဆို အဲဒီလူကြီးအရေးမလုပ်တာ ဘာဖြစ်သေးလဲ။ ဖူးက ဘာကိုခံစားနေရတာလည်း။

ပင်လယ်ပြင်ထဲက လှိုင်းထနေရတော့တာ။ တစ်ယောက်တည်း ငေးချင်ရာ ငေးလိုက်၊ လမ်းလျှောက်လိုက်၊ အတွေးတွေ မျှောလွင့်လိုက်နဲ့ ကြာတော့ ဖူးက သည်းမခံနိုင်တော့ပါ။

ဒါနဲ့ပဲ ကိုကိုကြီးကို သွားပြောဖို့ ဟန်ပြင်ဆဲ ညှော်သည်သုံးယောက်ရောက်လာပြီး ကိုကိုကြီးနဲ့ စကားပြောနေတာမို့ ဖူးမှာ အသာငြိမ်နေရပြန်သည်။

ငြိမ်နေတယ်လို့သာ ပြောရပေမဲ့ ဖူးအကြည့်တွေက ဟိုလူကြီးဆီကို ခဏခဏလွတ်ထွက်သွားတတ်တာ အတော်ပဲဆိုးသည်။ မုန်းတီးလွန်းမက မုန်းတီးနေတဲ့ ကြားထဲက ဘာကြောင့် ခဏခဏ ကြည့်နေမိတာလည်း။

ဘာဖြစ်လို့ စိတ်ထဲကနေ မေ့ပျောက်ထားလို့မရတာလဲ။

ကိုကိုကြီးကလည်း စကားပြောနေတာမှ မပြီးနိုင်တော့ပါ။

ဒီနေ့ တစ်နေ့လုံးတောင် ပြီးမယ့်ပုံမရှိ ဖူးက ဘယ်လိုမှ မနေနိုင်တော့တဲ့အဆုံး ကိုကိုကြီးကိုပဲ သွားပြောရတော့သည်။

"ကိုကိုကြီး ဖူး ပြန်ချင်ပြီ"

"ခဏလေး... နေဦး"

"ဟာ မနေနိုင်တော့ဘူး"

"ဒီကောင်မလေးဟာလေ အဲဒါတွေကြောင့် မလိုက်ပါနဲ့ ပြောတာမရဘူး"

"ကိုကိုကြီး မအားရင် ဖူးဘာသာ လမ်းလျှောက်ပြန်မယ်လေ"

"မဖြစ်ပါဘူး"

"ဒါဆို ကိုကိုကြီး ပြန်ပို့ပေးပေါ့"

"အဲဒါလဲ မဖြစ်ဘူး"

"ဖူး အရမ်းဆာနေပြီ"





"ဒုက္ခပါပဲကွာ"

ပြောပြောဆိုဆိုပဲ ကိုကိုကြီးက ကိုလမ်းသရဲကို လှမ်းခေါ်လိုက်တာမို့ ဖူးမှာ မျက်လုံးပြူးရတော့တာ။

"ကိုဇေယျရေ ခဏဗျာ"

"ဟုတ်ကဲ့ အစ်ကို"

"ဒီမှာ ပြန်ချင်နေပြီတဲ့ဗျာ ကိုယ်ကလဲ မအားဘူးလေ အဲဒါ ကိုဇေယျ ပြန်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ ရပါတယ် အစ်ကို"

"ဟင်"

ဖူး တစ်ခုခုပြောဖို့ ကြိုးစားနေတုန်းမှာပဲ ကိုကိုကြီးက ဟိုလူကြီးရဲ့ လက်ထဲ ဖူးကို ဝကွက်အပ်လိုက်တော့တာ။

"ကဲ ညီမလေးရေ ကိုဇေယျ ပြန်ပို့ပေးလိမ့်မယ်နော်"

"ကိုကိုကြီး"

"သွား... သွား ကိုဇေယျလဲ မအားဘူး၊ အလုပ်တွေ ထားပစ်ခဲ့ရမှာ"



Scanned by CamScanner

ကဲ...ဖူး ဘာတတ်နိုင်တော့မှာလဲ။ မှန်းတီးရှုရာမိတဲ့ လူကြီးနဲ့ ဆိုင်ကယ်တစ်စီးထည်း စီးရတော့မှာပေါ့။

အဲဒီလူကြီးနောက်မှာ ခွမထိုင်ချင်တာမို့ ဖူးက မိန်းမထိုင် တင်ပါးလွှဲထိုင်လိုက်တော့ ကိုကိုကြီးက စိုးရိမ်တကြီး လှမ်းပြော သည်။

"ညီမလေး အဲဒီလို မထိုင်နဲ့ အလာတုန်းကလိုပဲ ထိုင် လမ်းကြမ်းတယ်"

ဒီတော့လည်း ဖူးက ကိုကိုကြီးရဲ့စကားကို နားထောင်ပေးရ ပြန်သည်။

ဆိုင်ကယ်ပေါ်မှာ နီးနီးကပ်ကပ် ထိုင်လိုက်ရတော့ ဖူးရဲ့ ရင်ခုန်သံတွေက ဆူညံလာရတော့တာ။ ဆိုင်ကယ်ထွက်လာလို့ ကိုကိုကြီး မမြင်နိုင်တဲ့ နေရာကိုရောက်တာနဲ့ မင်းကိုလမ်းသရဲက စတိလမ်း စလာတော့သည်။

"အချစ်ရယ် ကိုကို့ကို တကယ်ပဲ မုန်းနေတာလားဗျာ"

"ခင်ဗျာကြီးပါးစပ်ကို ပိတ်ထားနော် ဒက်ဒီတို့ ကိုကိုကြီးတို့





နဲ့ တိုင်ပြောလိုက်ရင် ဘာဖြစ်သွားမယ် ဆင်သလဲ"

"နာ ဖောက်ပြီ သား ဖြစ်သွားမှာပေါ့ဗျာ အဟွန်း ...ဟွန်း"

ဖူးက မခန့်လေးစားအပြောတွေကြောင့် ဒေါသနဲ့ ဆတ် ဆတ်တုန်လာရတော့တာ။ ဆိုင်ကယ်ကိုလည်း ဘယ်လိုလုပ်ပြီ မောင်းနေတယ် မသိပါ။ ဖူးမှာ ခပ်ခွာခွာ ထိုင်နေရာကနေ ဆိုင်ကယ်ခုန်တဲ့ အရှိန်နဲ့ သူ့ကျောပြင်နဲ့ ထိကပ်သွားရတော့ တာ။

လူကြီးရဲ့ ကျောပြင်နဲ့ ဖူး ရဲ့ ရှေ့ရင်အစုံက ထိကပ်မိတ်ပွဲ နေတာမို့ ဖူးမှာ စိတ်လှုပ်ရှားရလွန်းလို့ ဒုက္ခရောက်ရတော့သည်။

"ဆိုင်ကယ်ကို ဘာလို့ ဒီလောက်ခုန်ပေါက်အောင် မောင်း နေတာလဲ"

"လမ်းကြမ်းလို့ပါဗျာ"

"ဒါဆို ခုရပ်ပေး လမ်းဆင်းလျှောက်တော့မယ်"

ဖူးစကားအဆုံးမှာ ဆိုင်ကယ်က တုံ့ခနဲရပ်သွားတော့ တာ။ မောင်းနေတဲ့ အရှိန်ပြင်းပြင်း ကိုသတ်ပြီး တုံ့ခနဲ ရပ်ပစ်

Book Sharing

Scanned by CamScanner

လိုက်ဝဘမို့ ဖူးက ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ အဲဒီလူကြီးရဲ့ ကျောပြင်ကို ကြောက်အားလန့်အားနဲ့ ဖက်တွယ်ထားလိုက်မိတော့တာ။ ဘိုင်ကယ်လဲသွားတာကို သိလိုက်သည်။ ဆိုင်ကယ်ကလည်းအရုပ် ဖူးကလည်း မျက်လုံးအမှိတ်နဲ့ ဘာတွေဖြစ်သွားမှန်းပင် မသိတော့ပါ။ ဖူးရဲ့ မျက်လုံးလေးကို ပြန်ဖွင့်လိုက်တော့ ဖူးတို့နှစ်ယောက်စလုံးက မြက်ပင်ရှည်ကြီးတွေကြားထဲမှာ ပြီးတော့ ဖူးကိုယ်လုံးလေးက သူ့ရင်ခွင်ထဲမှာ နစ်မြုပ်နေတော့တာ။

ကြောက်လန့်နေတဲ့ အရှိန်ကြောင့် ဖူးက ချက်ချင်းရုန်းမထွက်နိုင်ဘဲ ဖြစ်နေရတာကို မုန်းစရာလူကြီး အခွင့်ကောင်းယူနေတော့တာ။

"ဖူးရယ် ကလေးရယ် အရမ်းချစ်တာပဲဗျာ"

"ကိုကို ဒီမှာ အလုပ်လာလုပ်တာ ဘယ်သူ့ကြောင့်လဲသိလား၊ ကလေးနဲ့ နီးနီးမှာနေချင်လို့ပေါ့ ..."

"ကိုကို ကလေးကို အရမ်းချစ်တယ်ဗျာ၊ အဆုံးရှုံးမခံနိုင်အောင်ကို ချစ်တယ်"





ပြောရင်းက လူကြီးရဲ့ အငွေ့အဟက်တွေက အင်အားပါလာတော့တာ။

ဖူးကလည်း ခုထိ ရုန်းမထွက်နိုင်သေးပါ။ စကားလည်း တစ်ခွန်းမှ မပြောနိုင်သေး ရင်ထဲမှာတော့ လှိုက်ဖိုမောပြီး လှိုင်းထန်နေရတော့သည်။ အဲဒီခဏ မှာကို ဖူးက အမုန်းနဲ့ဒေါသတွေလို့ပဲ တံဆိပ်ကပ်နေတဲ့ အချိန်မှာ ဖူးတစ်ကိုယ်လုံး အသိကင်းကွာသွားလောက်အောင် စွမ်းအားပြင်းထန်တဲ့ အနမ်းတွေက ဖူးရဲ့ မျက်နှာလှလှလေးပေါ်ကို ကျရောက်လာတော့တာ။

"အို"

တစ်ခုခုပြောဖို့ ကြိုးစားပေမယ့် "အို" ဆိုတဲ့ အာမေဍိတ်သံတိုးတိုးလေးပဲ ထွက်နိုင်ပြီး အနမ်းတွေကြောင့် တိတ်ဆိတ်သွားရတော့တာ။

တိတ်ဆိတ်ပြီး လူသူကင်းမဲ့နေတဲ့ ပတ်ဝန်းကျင်မှာမို့ လူကြီးက ဖူးကိုပိုင်နိုင်ပိုင်နင်း အနမ်းတွေခြွေနေရုံမှကပဲ တစ်ဆင့်ထက်တစ်ဆင့် ရှေ့တိုးဖို့ အားထုတ်နေတော့တာ။



Scanned by CamScanner

ဖူးကလည်း သံမဏိမလေး အဖြစ်ကနေ ဖယောင်းဂေါ် အရည်ပျော်ကျချင်နေပြီ။ ဖူးနဲ့ စိမ်းလွန်းလှတဲ့ ဆန့်ကျင်ဘက် လိင်ရဲ့ ပြင်းထန်တဲ့အထိ အတွေ့တွေက ဖူးတစ်ကိုယ်လုံးကို တစ်တစ်နဲ့ လောင်မြိုက်ဝါးမျိုနေတော့တာ၊

"လွှတ်... လွှတ်"

လို့ စိတ်ထဲကနေ အော်ဟစ်ပြောနေမိပေမဲ့ အပြင်ဘက်မှာတော့ လူကြီးရဲ့ ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ ခေါင်းဆောင်မှုနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားမိတော့တာ။

ဖူးကိုယ်လေးက ဝါဂွမ်းလေးလို ပေါ့ပါးလွင့်မျောသွားလိုက် ရဟတ်စီးရသလို ရင်ဝဆတ်ဆတ် တုန်ခါသွားလိုက်နဲ့ ပြင်းထန်တဲ့ခံစားမှုတွေကို ခံစားပြီး လွင့်မျောနေရလေတော့တာ။

ငှက်ကလေးလို ပျံသန်းလိုက် ငါးကလေးလို လူးခတ်လိုက်နဲ့ ဖူးစိတ်တွေက ရှုက်လွင့်နေတော့တာ။

နောက်ဆုံး အံသိစိတ်နဲ့ ခန္ဓာကိုယ် ပြန်ပူးသွားတော့မှ ကြီးမားတဲ့ ဆုံးရှုံးမှုအတွက် ဖူးက ရင်ကွဲအောင် ငိုမိသွားတော့





သည်။

ဖူး... ဖူး ဘဝလေး ပျက်စီးသွားရပြီပေါ့။ ဖူးမှန်းတီးမိတဲ့ လူတစ်ယောက်က ဖူ့ရဲ့ အချစ်ပန်းပွင့် ဖြူဖြူစင်စင်လေးကို အနိုင်အထက်ခူး ယူသွားခဲ့ပြီပေါ့။

ကဲ... ဖူး ဘာလုပ်ရတော့မလဲကွယ်။

ဒက်ဒီရော ကိုကိုကြီးရော ခက္ခာရော ရှိနေကြတဲ့ကြားထဲကပဲ ဖူးရဲ့လှပတဲ့ ဘဝလေး အရုပ်ဆိုးသွားရပြီ။

ဖူး ဘယ်လို ဖြေသိမ့်ရတော့မလဲ။

မုန်းတယ်။

အဲဒီလူကြီးကို ဖူးမုန်းတယ်။

အရမ်းမုန်းတယ်။

ဖူးက နှုတ်ခမ်းသားနုနုလေးကို သွေးစို့တဲ့အထိ အဘင်းဖိကိုက်ထားလိုက်မိတော့တာ။

မုန်းစရာလူကြီးရဲ့ စကားသံတွေက ဖူးနားထဲကို သံရည်ပူတွေ လောင်းချနေသလိုမျိုး ခံစားနေရလေသည်။

"အချစ်ရယ် ကိုကို့ကို ခွင့်လွှတ်ပါနော်၊ ချစ်လွန်းလို့ စိတ်မထိန်းနိုင်ပဲ ခုလိုဖြစ်သွားရတာပါဗျာ အချစ် ကိုယ့်ကိုကြိုက်တဲ့ အပြစ်ဒဏ်ပေးပါနော်"

"ခင်ဗျားကြီးကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်"

ဖူးအသံတွေက ခက်ထန်တင်းမာပြီး ဖူးအကြည့်တွေက အမုန်းတွေ ထပေါက်တော့မလိုကို ဖြစ်နေဟန်ရှိသည်။

"အချစ်ရယ်"

"ကျွန်မကို အဲဒီလို မခေါ်နဲ့ ခင်ဗျား အဲဒီလိုခေါ်လိုက်တိုင်း မျက်နှာကို မမြင်ချင်တော့ဘူး"

"တောင်းပန်ပါတယ် အချစ်ရယ် ကိုယ့်ကို ကြိုက်သလောက်မုန်းပါ၊ ဒါပေမဲ့ အချစ်ကိုတော့ လုံးဝမထားခဲ့နိုင်ဘူး၊ တစ်ယောက်တည်းထားခဲ့ဖို့ စိတ်လဲမချဘူး"

"ရတယ်လေ ခင်ဗျားမသွားရင် ကျွန်မသွားမယ်"

ဖူးက စိတ်လိုက်မာန်ပါ ထရပ်လိုက်ပြီးမှ ဖရိုဖရဲ ဖြစ်နေတဲ့ ကိုယ့်ကိုယ်ကို သတိထားမိတော့သည်။



"အချစ်ရယ် ကိုကို ပြောတာကို နားထောင်ပါဦးဗျာ၊ ကိုယ်အချစ်ကို တကယ် မြတ်မြတ်နိုးနိုး နှစ်နှစ်ကာကာချစ်တာပါဗျာ ကိုယ့်အချစ်က မှတ်ကျောက်အတင်ခံနိုင်တဲ့ အချစ်ပါ"

ဖူးက ဒေါသထွက်ထွက်နဲ့ နားနှစ်ဖက်ကို ပိတ်ထားပစ်လိုက်သည်။

နားပိတ်ထားပေမဲ့ လူကြီးစိုးရာနဲ့ လာတောင်းရမ်းမယ်နော်၊ ကိုကိုတို့နှစ်ယောက် တစ်သက်လုံးမခွဲဘဲ အတူတူနေကြမယ်နော်၊ ကလေးနော် ဟု ပြောဆိုနေဆဲ။

မုန်းစရာလူကြီးက ဖူးရှေ့မှာ ဒူထောက်ပြီး ပြောနေတာ။

ဖူးက စဉ်းစားမိသည်။ ဖူး ဘဝလေး နွမ်းသွားပြီးမှ ဖူးက ချစ်သူရှာမယ် ချစ်သူရှာတွေ့မှ လက်ထပ်မယ်ဆိုရင် ချစ်သူအပေါ်မှာ ဖူးရိုးသားမှု ရှိပါဦးတော့မလားနော်။

လူသူကင်းမဲ့တဲ့ ဟောဒီနေရာမှာ ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ကို တခြားလူတွေမသိပေမဲ့ ကာယကံရှင်ဖြစ်တဲ့ ဖူးနဲ့ လူကြီးကတော့ သိနေတာပဲဟာ။

ယောကျာ်းတစ်ယောက်အတွက် ဘာမှ သိပ်မဆန်းလို့ ခပ်လွယ်လွယ်မေ့သွားဖို့ သေချာပေမဲ့ ဖူးအတွက်ကတော့ ဘဝတစ်လျှောက်လုံး ထမင်းလုံးတစ္ဆေခြောက်သလို ခံစားနေရတော့မှာ။

ပြီးတော့ ဒီလို စော်ကားတာမျိုးကို ခံရပြီးမှ အဲဒီလူကို လက်မထပ်ဘူးလို့ ငြင်းရင်လည်း ဖူးရဲ့ တစ်ဘဝတာလုံး အရှက်ရနေတော့မှာ။

ဘာလုပ်ရမလဲလို့ တွေးရင်းက ပြင်းထန်တဲ့ ရိုးရိမ်သောကတွေ ရင်ဘတ်ထဲကို ဆောင့်တိုးဝင်လာပြီ၊ ဖူးက ပျော့ခွေ လဲကျသွားရတော့သည်။

ဖူးရဲ့ အသိစိတ်တွေက အမှောင်။

* * *





## အခန်း (၁၉)

"ဟာ"

ရုတ်တရက်မျက်နှာလေး ဖြူဖွေးသွားပြီး သတိလစ်လဲကျသွားတဲ့ ချစ်သူလေးကို ဇေယျာက စိုးရိမ်တကြီး ပွေ့ဖက်ထားလိုက်မိသည်။

"ဖူး… ဖူး "

"ဖူးရယ် ကလေးရယ်"

သူခေါ်ပေမဲ့ ချစ်သူလေးက ပြန်မထူးနိုင်ဘဲ သူ့ရင်ခွင်ထဲမှာ ပျော့ခွေနေတော့တာ။

စိုးရိမ်ပူပန် ရလွန်းလို့ ဇေယျာက မျက်ရည်တွေပင် ကျမိတော့သည်။

ဖြူးစင်လွန်း၊ သန့်စင်လွန်းတဲ့ ချစ်သူလေးဆီက အချစ်တွေ အားလုံးကို အတင်းအကြပ်း သူယူခဲ့မိပြီ။

ချစ်သူလေးကတော့ သူ့ကို အချစ်တွေ မတုံ့ပြန်ဘဲ အမုန်းတွေကိုပဲ ပေးနေတော့တာ။

"အချစ်လေးသာ တစ်ခုခုဖြစ်ရင် ကိုယ်သေရမှာ"

တတွတ်တွတ်ပြောရင်း သူမလေးရဲ့ ပါးပြင်နုနုပေါ်ကို အနမ်းတွေ ခြွေချရင်း သူက သူမလေး သတိပြန်ရဖို့ ကြိုးစားနေမိတော့သည်။

ဘယ်လို အကူအညီခေါ်ရမယ်မှန်း မသိတဲ့အတွက် သူက ချစ်သူကို ပခုံးထက်မှာ ထမ်းပြီး ဘန်ဂလိုတွေဆီ အရောက်ပြေးရတော့သည်။

ဇောကပ်နေတာမို့ သူ့ခြေထောက်တွေက ခလုတ်လည်း မသိ၊ ကျောက်ခဲလည်း မသိ အတင်းနင်းဖြတ်နေမိတော့သည်။ ယိမ်းတိုက်မိတော့လည်း နာရကောင်းမှန်း မသိ။

သူ့ရင်ထဲမှာ ချစ်သူအတွက် စိုးရိမ်စိတ်တွေနဲ့ပဲ မွန်ထူနေ





ရတော့တာ။

ဘန်ဂလိုတွေ နားရောက်တော့ အလုပ်သမားတချို့ ပြေးလာကြသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်တာလဲ"

"ဆိုင်ကယ်မှောက်တော့မလို ဖြစ်သွားတာကို လန့်ပြီး သတိလစ်သွားတာ"

ဇေယျက အဖြစ်မှန်ကို ဖုံးကွယ်ပြီး မေဓတ္တာတို့ သားအဖနဲ့ အတူ သူမလေးကို ပြုစုရတော့သည်။ လိုပ်ပြာတော့ မလုံပါ။

သူမလေး သတိရလာလို့ သူ့ကို လူကြီးတွေနဲ့ တိုင်ချင်လည်း တိုင်ပါစေတော့၊ ဖမ်းချင်လည်း ဖမ်းပါစေတော့ ခေါင်းငုံ့ခံလိုက်မည်ဟု တွေးနေတုန်းမှာပဲ သူမလေးက သတိရလာသည်။

"ဆယ်သမီး သတိရပြီလား"

"မီးမီးငယ်... မီးမီးငယ် ဘယ်လိုနေသေးလဲဟင်"

"ရေ... ရေသောက်ချင်တယ်"



Book Sharing

Scanned by CamScanner

ချစ်သူလေးရဲ့ အသံက ဖျော့တော့နေတာမို့ ဧယျာက နှင့်နှင့်နဲ့နဲ့ သနားမိတော့တာ။

မေဓဏ္ဍာက-သူမလေးကိုပွေ့ထူပြီး ရေတိုက်တော့ သူမလေးရဲ့ မျက်ဝန်းလေးက သူ့ကို ဝေ့ခနဲတစ်ချက်ကြည့်သည်။

"ဘယ်လို ဖြစ်တာလဲ သမီးရယ်"

"ဆိုင်ကယ်မှောက်လို့ အံရှမ်းအရှမ်းလန့်သွားပြီး မူး... မူး ဘာမှမသိတော့ဘူး ဒက်ဒီ၊ ဒီကို ဘယ်လို ပြန်ရောက်လာတာလဲဟင်"

တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ သူမလေးက အကြောင်းပြချက်ချင်းတူသွားတာမို့ ဧယျာမှာ သက်ပြင်းခိုးချရတော့တာ။

ဒီအတိုင်းဆို ချစ်သူလေးက သူ့အပေါ် ဒီလောက် မရက်စက်ပါ။

"ဒီက မောင်ရင်ထမ်းခေါ်လာတာပေါ့ သမီးရယ် ကိုကိုကြီးက ဘယ်မှာလဲ"

ဧယျာက သွက်သွက်လက်လက် ဝင်ပြေလိုက်သည်။





"ညှိသည်တွေနဲ့ စကားပြောနေပါတယ်ခင်ဗျာ၊ ဆရာမအားလို့ ကျွန်တော့်ကို လိုက်ပို့ခိုင်းတာပါ၊ ကျွန်တော့်ကြောင့် ဆိုင်ကယ် မှောက်တော့မလို ဖြစ်သွားရတာပါ"

ဦးသိဟက လူငယ်ကို အသေအချာကြည့်ပြီး ဒက်ခနဲ မှတ်မိလိုက်သည်။

ဒါ သူဌေးကျွန်း ဟိုဘယ်မှာ ဘူဖေးစားတုန်းက သမီးငယ် အရှမ်းတွဲခဲ့တဲ့ သူငယ်ပဲ။

"မောင်ရင်က"

"ကျွန်တော့်နာမည် ဧယျာပါအန်ကယ်လ် ဒီနေ့မှ အလုပ်စဝင်တဲ့ သူပါ"

ဦးသိဟက ဟန်မပျက် ခေါင်းညိတ်လိုက်ပေမဲ့ စိတ်ထဲမှာတော့ သံသယဝင်သွားပြီ ဖြစ်သည်။

ဒီသူငယ်နဲ့ သမီး သူဌေးကျွန်းမှာ အရှမ်းရင်းနှီးနေခဲ့တာကို ဦးသိဟကိုယ်တိုင် တွေ့ထားတာမို့ အခု ဒီသူငယ် ဒီမှာအလုပ်လာလုပ်တာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဟု တွက်လိုက်သည်။



Scanned by CamScanner

ပိုပြီး သံသယဖြစ်ဖို့ကောင်းတာက သမီးငယ်က ဟိုသူငယ်ကို အခုမှ တွေ့ဖူးတဲ့ ပုံစံမျိုးလေး လုပ်နေတာပဲ ဖြစ်သည်။

"ကျေးဇူးပဲကွာ ဒါနဲ့ မောင်ရင် ခြေထောက်မှာ သွေးတွေပါလား ဆိုင်ကယ်မှောက်တုန်းက ထိခိုက်မိတာလား"

"မဟုတ်ဘူးခင်ဗျာ၊ ဖူး အဲဒီက ညီမလေးကို ထမ်းပြေးလာတုန်းက ကျောက်တုံးတွေနဲ့ တိုက်မိတာပါ အရေးမကြီးပါဘူး အန်ကယ်လ် ညီမလေး ဘာမှ မဖြစ်တာဘဲ ဝမ်းသာပါပြီဗျာ"

"ဒဏ်ရာက မသေးဘူး မောင်ရင် ဆေးခန်းမှာ နာ့စ်ရှိတယ် ဆေးသွားထည့်လိုက်ပါ"

"ဟုတ်တယ် သဲတွေလဲဝင်နေပြီ ဆေးသွားထည့်လိုက်ပါ"

သမီးကြီးက ပါဝင်ပြောပေမယ့် သမီးငယ်ကတော့ နှုတ်ဆိတ်ငြိမ်သက်နေတာမို့ ဦးသီဟက စိတ်ထဲကနေ ပြုံးလိုက်မိသည်။

သမီးငယ်ကတော့ သူ့ကိုယ်သူ လည်လှပြီထင်ပြီး ရည်းစားထားနေပြီ ဖြစ်မည်။ ခေတ်ကာလ သားသမီးတွေများ ချစ်တာ





ကြိုက်တာကလည်း မြန်ဆန်လိုက်ကြတာ။

ခုံးပျံခေတ်လို့ မပြောရပါ၊ ကိုယ်က သမီးရှင်ဆိုတော့ သတိကြီးကြီးထားပြီး စောင့်ကြည့်ရမည်။

သမီးကလည်း ချစ်တယ်၊ ကြိုက်တယ် သဘောကျတယ် လူငယ်လေးကလည်း စာရိတ္တကောင်းမွန်မယ်၊ ရိုးသားမယ်၊ ကြိုးစားချင်စိတ် ရှိမယ်ဆိုရင် ဆင်းရဲတာ၊ ချမ်းသာတာကို ထည့်မတွက်ဘဲ လက်ထပ်ပေးလိုက်မည်။

ဦးသီဟက သမီးတွေကို စိတ်ချမ်းသာအောင်ပဲ ထားချင်သည်။ အတင်းအကျပ် ချုပ်ချယ် ပိတ်လှောင်ထားတာမျိုးလည်း မလုပ်ချင်ပါ။

ချောလှပြီး ဂုဏ်ကြိုက်များတဲ့ သမီးတွေမို့ စိတ်လည်းပူပင်ရသေးသည်။ ရွေးစရာတွေ များလွန်းရင် ချော်ထွက်သွားတတ်တာကိုး။

သမီးကြီးအတွက်ကတော့ စိတ်အေးရပြီး သမီးငယ်အတွက်ပဲ တွေးရဦးတော့မှာ ဖြစ်သည်။



Scanned by CamScanner

အခုလည်း ဦးသိဟာက ဘာမှမဖြစ်သလို နေလိုက်ပေမဲ့ ဖေယျဆိုတဲ့ လူငယ်နဲ့ ပတ်သက်တာကို စုံစမ်းဖို့တော့ မှတ်ထားလိုက်တော့သည်။

"သမီးငယ် ဘယ်လိုနေသေးလဲ"

" ဘာမှ မဖြစ်တော့ပါဘူး ဒက်ဒီ စောစောကတော့ ရုတ်တရက်မို့ လန့်သွားတာပါ"

"ကောင်းကောင်းနားလိုက်နော်"

"ဟုတ်"

ဒက်ဒီထွက်သွားတော့မှ ခတ္တာက ဖူးကို မေးသည်။

"နင်နဲ့ ကိုဖေယျ ချိန်းတွေ့တာလား"တဲ့ ဖူး က ထိတ်ခနဲ ခံစားလိုက်ရပြီ. ရုတ်တရက် စိတ်မထိန်းနိုင်တော့ဘဲ ခတ္တာကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုချပစ်လိုက်မိတော့သည်။

ဖူးတစ်ယောက်ထဲ ကြိတ်မှိတ်ပြီး မခံစားနိုင်တော့ပါ။

"ခတ္တာ ငါ... ငါလေ"

"ဘာဖြစ်လို့လဲ အထိတ်တလန့် ရှိုက်လိုက်တာဟာ"





"ငါ... ငါ သေချင်တယ် ခတ္တာ"

"ဘာဖြစ်လို့လဲ"

"ဟို... ဟိုလူကြီးက ငါ့ကို... ငါ့ကို"

ဖူးက ခတ္တာ သိအောင် အားလုံးပြောဖို့ စိတ်ကူးလိုက်ပေမဲ့ တကယ်တမ်းပြောဖို့လုပ်တော့ လူကြီးရဲ့ မျက်နှာနဲ့ စကားသံတွေကို မြင်ယောင်ကြားယောင်မိပြီး ဘယ်လိုမှ ပြောမထွက်တော့ပါ။

ဖူး ပြောလိုက်လို့ လူကြီး ဒုက္ခရောက်သွားမှာကို မလိုလားတဲ့ စိတ်ကလေးက ဖူး ရင်ထဲကို တိုးဝှေ့ဝင်လာတာ ဖြစ်သည်။

ဖူး ဘာဖြစ်သွားရတာလဲကွယ်။

ကိုယ်မုန်းတဲ့လူ ကိုယ့်ကို စော်ကားမော်ကား ပြုခဲ့တဲ့လူကို ဘာကြောင့် အကာအကွယ် ပေးချင်နေရတာလည်း ဖူး ဘာသာ မဝေခွဲတတ်တော့ပါ။

"ဘာဖြစ်လဲ ဆပ်သဖူး၊ ဘာဖြစ်လို့လဲ မြန်မြန်ပြောစမ်းပါဟာ"



Scanned by CamScanner

ခတ္တာကလည်း အတင်းပဲ မေးတော့တာ။ စကားစထားပြီမို့ တစ်ခုခုတော့ ပြောမှ ဖြစ်တော့မှာမို့ ဖူးက အဖြစ်မှန်တချို့ကို ထိန်ချန်ရတော့တာ။

"ကိုကိုကြီးလေ ကိုကိုကြီးပေါ့ သူမအားတာနဲ့ အလုပ်သမားကို လှမ်းခေါ်ပြီး ငါ့ကို ပြန်ပို့ခိုင်းတာ ဒီလူကြီးဖြစ်နေတယ် လူတွေရှေ့မှာ ထငြင်းနေရင် အရှည်တွေဖြစ်နေမှာစိုးလို့ သူမောင်းတဲ့ ဆိုင်ကယ်နဲ့ လိုက်ခဲ့ရတာ"

"တစ်လမ်းလုံး ငါ့ကို ရည်းစားစကားတွေ ပြောလာလို့ ဆိုင်ကယ်မှောက်ရတာပေါ့"

ဖူး စကားဆုံးတော့ ခတ္တာက သက်ပြင်းချပြီး ရယ်သည်။

"အမယ်လေး လန့်လိုက်တာ ခတ္တရယ် ဘာများလဲလို့ နေပါဦး ရည်းစားစကားအပြောခံရတာနဲ့ပဲ နင်က သေချင်ရရောလား"

"သူ... သူ ငါ့ကို ဆိုင်ကယ်နဲ့ပဲ တင်လာတာလားဟင်"

"ဘယ်ကလာ ပခုံးပေါ်မှာထမ်းပြီး ပြေးလာတာ နင့်





အတွက် ဘယ်လောက် စိတ်ပူနေသလဲဆိုတာ သူ့မျက်နှာမှာ သွေးကို မရှိတော့ဘူး၊ သူ့ခြေထောက်တွေလဲ ကွဲပြဲပြီး သွေးတွေ ထွက်လို့ သနားပါတယ်ဟာ"

ဖူးရင်ထဲက လှိုက်ခနဲ ခံစားလိုက်ရတော့တာ။

တွေတွေငေးငေးလေး ဖြစ်သွားတဲ့ ဆပ်သံဖူးကို တာက အကဲခတ်နေမိသည်။

ထူးတော့ ထူးခြားနေသည်။

ဆတ်သဖူး ဘာဖြစ်နေသလည်း။

"ငါ... ငါ အဲဒီလူကြီးကို မုန်းတယ် ခတ္တာ"

တာက ရယ်ချင်သွားသည်။

တကယ်မုန်းရင် ဘာမှ ခံစားနေစရာမလို အခုဆပ်သဖူးက ပါးစပ်ကပဲ မုန်းတယ်လို့ အော်နေပြီး တကယ်မမုန်းဘူးဆိုတာကို တာက အကဲခတ်လို့ ရနေသည်။

"သူကတော့ နင့်ကို အတော်ချစ်ပုံရတယ် ဆပ်သဖူး"

"နင့်ကိုလဲ သူချစ်တာပဲ မဟုတ်လား"

"ပေါက်ပေါက်ရှာရှာဟာ နင်က အဲဒီလို ထင်နေတာလား။ သူငါ့ကို မချစ်လို့ အခုနင့်ကို ချစ်နေတာပေါ့ ဆပ်သပျှူးရဲ့ သူသာ ငါ့ကို ချစ်ရင် နင့်ဆီ ဘယ်လိုလုပ်ပြီး ရောက်လာမှာတဲ့လဲ"

"နင့်ကို လိုက်ခဲ့သေးတယ်လေ"

"အကြီးအကျယ်တွေ မပြောစမ်းပါနဲ့ဟာ၊ ယောကျ်ားပဲ ချောချောလှလှမြင်ရင် စိတ်ထဲက ပါပါ မပါပါ မျက်လုံးတွေနဲ့တော့ ကြည့်ကြတာပဲ အဲဒါ အချစ်မှမဟုတ်တာ"

ဆပ်သပျှူးက ဘာမှမပြောတော့ဘဲ ရေချိုးခန်းထဲတန်းဝင်သွား၊ တာမှာ ခင္တာကို ပြောစကားတွေ မကုန်သေးဘဲ ရပ်နားလိုက်ရတော့တာ။

တာကတော့ သေသေချာချာ အကဲခတ်နိုင်သွားပြီး ဆပ်သပျှူး ကိုဇေယျာကို ချစ်နေပါ ပြီ။

တာ အကဲခတ်တာမှန်မမှန်တော့ စောင့်ကြည့်ရုံပဲ ရှိတော့သည်။

* * *





## အခန်း (၂၀)

နေမကောင်းဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ဆပ်သပျှူးက တစ်ညနေလုံး အခန်းအောင်းနေလိုက်တော့တာ။

ပျှူးရဲ့ ခင္တာကို အိပ်ခန်းနှစ်ခန်းပါတဲ့ ဘန်ဂလိုမှာ တစ်ယောက်တစ်ခန်းစီ နေရာချပေးထားတာမို့ ပျှူးအတွက် လွတ်လွတ်လပ်လပ် အတွေးနယ်ချဲ့လို့ ရနေသည်။

ငိုချင်သလို ငိုခွင့်ရရှိနေသည်။ ငေးချင်သလိုလည်း ငေးခွင့်ရှိနေတော့တာ။ ဒီနေ့မှ ပျှူးဘဝလေး ပြောင်းလဲချိုးကွေ့ရတော့တာ။ ပျှူး ကံဆိုးတာပေါ့။

ဒီမှာ ဖြစ်ခဲ့တဲ့ကိစ္စ ဒီနေရာမှာပဲထားခဲ့ပြီး ရန်ကုန်ပြန်သွား



Book Sharing

Scanned by CamScanner

ရင်ရော။ တွေးရတာလွယ်ပေမဲ့ လက်တွေ့လုပ်ဖို့အတွက်က တော့ ခက်ခဲလွန်းနေတော့တာ။

အချိန်တိုင်း မုန်းစရာလူကြီးကို ဒေါသတွေနဲ့ အမှတ်ရ နေမိတော့တာ။

ပြီးတော့ ဖူးက အမုန်းတွေနဲ့ပဲ မျှော်နေမိပြန်သည်။

နေ့လယ်ခင်းကတည်းက ဖူးကို သူ့စိတ်သူ့သဘောနဲ့ ချစ်ပစ်ခဲ့တဲ့ လူကြီးက ခုထိ ဖူးရဲ့အခန်းဝန်းကျင်ကို ရောက်မလာ သေးတာ ဘာသဘောလဲ။

ဒါ ဖူးကို ကျောရရုံကြံစည်ပြီး အရေးမစိုက်ဘဲ ထားတာ လားလို့ တွေးမိတော့ ဒေါသတွေနဲ့ ဆတ်ဆတ်တုန်ရပြန်တာ။

ခုတ္တက ပြောတော့ "သူ့ကို ကြည့်လိုက်တာနဲ့ နင့်ကို အရမ်းချစ်နေတာ သိသာတယ်" တဲ့။

တကယ်ပဲလား။

အဲဒီလူကြီးက ဖူးကို တကယ်ပဲ ချစ်နေတာလား။

ဖူးကတော့ တကယ်ပဲ မုန်တီးနေတာမှ ဟုတ်ရဲ့လား။





အိပ်ရာပေါ်မှာ ခွေခေါက်လှဲလျောင်းရင် အထိအတွေ့တွေ ကို ပြန်တွေးလိုက်မိတာနဲ့ ဖူးနှလုံးသားနုနုလေးက တဆတ်ဆတ် တုန်ရတော့တာ။

ဘယ်လိုပဲ ဖြစ်ဖြစ် အနက်ရှိုင်းဆုံးအထိ ရင်းနှီးပြီးမှတော့ ချစ်ချစ် မချစ်ချစ် အဲဒီလူကြီးကိုပဲ လက်ထပ်ရတော့မှာပေါ့။ တွေးရင်းနဲ့ ဖူ က မျက်ရည်တွေ ကျလာရပြန်တော့တာ။

ဒက်ဒီတို့ ကိုကိုကြီးတို့နဲ့ ရင်ဆိုင်ဖို့ ဝန်လေးလွန်းပေမဲ့ လုံးဝရှောင်လွှဲလို့လည်း မဖြစ်နိုင်တာမို့ ညစာအတူ ထွက်စားရ တော့သည်။

မိသားစုလေးယောက်တည်း စားတဲ့ ထမင်းဝိုင်းမှာ ဖူးက အသံတိတ်နေသလို အစားလည်း နည်းနေရတော့တာ။ ဖူးရဲ့ အပြောင်းအလဲက အရမ်းသိသာနေတာဆိုတော့ ကိုကိုကြီးတို့ ဒက်ဒီတို့က ဖူးကို အရိပ်တကြည့်ကြည့် ဖြစ်နေကြတော့သည်။

ဖူးကလည်း ဟန်မဆောင်နိုင်တော့ပါ၊ အခု ထက်ပိုပြီး ဟန်ဆောင်ဖို့လည်း ဘယ်လိုမှ မတတ်နိုင်တော့။

"ဝက်မလေး စားလေ နည်းလှချည်လား၊ ဟော ဒါက ပုဇွန်ပုပ်မီးကင်း ဒီမှာ ကဏန်းဟင်းချို ငါးကြော်တွေကလဲ ကြွပ်ရွနေတာပဲ စားပါဟ ရန်ကုန်မှာတုန်းက အရမ်းစားချင်တယ် ပြောပြီးတော့"

"မှူး နေရတာ သိပ်မကောင်းလို့ မစားနိုင်တာ ကိုကိုကြီးရဲ့ နောက်နေ့မှ တအားစားပစ်မယ်"

"ထူးဆန်းလိုက်တာ ဒီလောက် အစားပုပ်တဲ့ မိန်းမက စားဖို့ကို နောက်နေ့မှလို့ ရက်ချိန်းပေးနေတယ် ဒက်ဒီ၊ ဒက်ဒီသမီး ရှိးမှရိုးရဲ့လားဗျာ"

"အေးလေ ဒက်ဒီလဲ စဉ်းစားနေတာ ဟား... ဟား... ဟား"

"မစဉ်းစားနဲ့ ဒက်ဒီ၊ ဒက်ဒီသမီးက ကျွန်တော့်ကို ဘာပြောတယ် ထင်သလဲ၊ အငယ်ဆုံးက အရင်းဆုံး ယောကျ်ားယူမှာတဲ့ဗျာ"

"ဟေ ဟုတ်လား မီးမီးငယ်"





"ကိုကိုကြီးနော်"

"ဘာလဲ ညည်း မပြောဘူးလား"

"အဲဒါ ကိုကိုကြီးကို စိတ်ဆိုးလို့ ပြောတာပါနော်"

ကိုကိုကြီးက မှူ ကို စနေပြန်တာ။

"နေစမ်းပါဦး ဒီလောက် သတ္တိကောင်းတဲ့ ငါ့ညီမက ဆိုင်ကယ်မှောက်မလို ဖြစ်သွားတာနဲ့ပဲ သတိလစ်သွားရတာ မလွန်ဘူးလားဗျာ အဟွန်း... ဟွန်း"

ကိုကိုကြီးက ရှေ့ကနေ ပြောတော့ ခဏ္ဍာကလည်း နောက်က လိုက်ပြောသည်။

"ဟိုတစ်ယောက်တော့ သနားပါတယ် ကိုကိုကြီးရယ် ဆပ်သဖူးရဲ့ ကိုယ်လုံးကြီးကို ထမ်းပြီး ပြေးလာလိုက်ရတာများ ခြေထောက်တွေတောင် ကွဲပြဲပြီး သွေးတွေထွက်ရောပဲ ဒါတောင် ဆပ်သဖူးက ကျေးဇူးတင်စကား တစ်ခွန်းမပြောဘူး"

"ဟုတ်လား ဒါတော့ ညည်း ဆက်ဆံရေး ညံ့တာပဲ"

ကိုကိုကြီးက ဘာမှမသိဘဲ မှူးကို ဆူနေတော့တာ၊



Scanned by CamScanner

ဟွန်း… အဲဒီ လူကြီးရဲ့ ရဲတင်းမှုတွေကိုသာ အားလုံး ပြောလိုက်ရင် ဘာတွေဖြစ်ကုန်မလဲ။

တွေ့ကြည့်ရုံနဲ့တောင် ကြက်သီးထ ချင်စရာကောင်းနေတာမို့ လက်တွေ့ ပြောဖို့ကတော့ အခေးကြီးရယ်။

အဲဒါကိုက ဖူး သူ့ကိုအကာအကွယ်ပေးနေတာပဲ ဖြစ်မှာ။

ကိုကိုကြီးနဲ့ ခင္ဗွာ ပြောသမျှတွေကို ငိုမဲ့မဲ့လေးနဲ့ပဲ နားထောင်နေမိတဲ့ ဖူးကို ဒက်ဒီက သနားသွားပုံရသည်။

"ကဲ… တော်ပါတော့ သမီးငယ်လေးက နေသိပ်ကောင်းတာမဟုတ်ဘူး နားပါစေ၊ သမီးကောင်းကောင်း အိပ်ပျော်လိုက်မနက်ကျရင် ကောင်းသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဒက်ဒီ"

"လာ မီးမီးငယ်ကို ဒက်ဒီလိုက်ပို့ပေးမယ်"

"ဟင် ဒက်ဒီ ထမင်းစားလို့ ဝပြီလား"

"ရတယ် ပြန်လာမှ ဆက်စားမယ်"

ဖူးတို့ ထမင်းစားနေတဲ့ ဘန်ဂလိုနဲ့ ဖူးတို့ ညီအစ်မ





အိပ်တဲ့ ဘန်ဂလိုက မျက်နှာချင်းဆိုင်မို့ သိပ်တော့မဝေးလှပါ။

ဖူးက ဒက်ဒီလက်မောင်းကို ခိုတွယ်လိုက်လာရင်း ဖူး ရဲ့ အခြေအနေကိုသာ ဒက်ဒီသိသွားရင် ဘာတွေ ဖြစ်ကုန်မလဲလို့ တွေးမိသည်။

"သမီးငယ်လေး"

"ရှင် ဒက်ဒီ"

"သမီးကို ကြည့်ရတာ အတွေးတွေ အရမ်းများနေသလိုပဲ ဘာတွေ ဖြစ်နေလဲဆိုတာ ဒက်ဒီကို ပြောပြပါလား။ ဘာမှ မဖြစ်ပါဘူးလို့တော့ မညာနဲ့နော် ဒက်ဒီသမီးငယ်လေးကို ဆယ့်ကိုးနှစ်လုံးလုံး မှန်ကြည့်သလို ကြည့်လာခဲ့တာချ"

ဒက်ဒီစကားကြောင့် ဖူးက ဝမ်းနည်းဆို့နင့်လာရတော့တာ။

ကိုဖေယျဆိုတဲ့ လူကို မုန်းတီးလို့ လက်မထပ်ပါဘူးလို့ ဖူး ငြင်းလိုက်တာဟာ ဒက်ဒီတို့ရဲ့ အသရေကို ဖျက်ဆီးပစ်တာနဲ့ အတူတူပဲ ဖြစ်မှာလို့ တွေးလိုက်မိတာနဲ့ ဖူးက ဆုံးဖြတ်ချက် တစ်ခုကို ပြတ်ပြတ်သားသား ချပစ်လိုက်တော့တာ။



Scanned by CamScanner

ဟုတ်တယ်။

ဖူး မိဘတွေရဲ့ ဂုဏ်သိက္ခာ၊ ဖူးရဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာတွေအတွက် ဘယ်လောက်ပဲ မုန်းတီးမိပါစေ၊ ဘယ်လောက်ပဲ နာကြည်းမိပါစေ၊ အဲဒီလူကြီးကိုပဲ ဖူး လက်ထပ်ပါတော့မည်။

"ဒက်ဒီ"

"ပြောလေ"

"ဟို... ဟိုလေ ဖူး... ဖူးဆီမှာ ချစ်သူရှိနေပြီ၊ ပြီးတော့ သူ... သူက ဖူးနဲ့ အမြန်လက်ထပ်ချင်ပြီတဲ့လေ ဒက်ဒီတို့ဆီမှာ တောင်းရမ်းချင်တယ်တဲ့ ဖူး... ဖူးကလဲ"

ဖူးရဲ့စကားအဆုံးမှာ ဒက်ဒီက ရယ်မောလိုက်တာမို့ ဖူးမှာ ကြောင်အမ်းအမ်းလေးတောင် ဖြစ်သွားရတော့တာ။

"ဟား...ဟား ဒက်ဒီ တွေးထားတာ ကွက်တိပါပဲလား ကွာဟ"

"ဒက်ဒီ... ဒက်ဒီ ဘာတွေ တွေးထားလို့လဲ"





"သမီးငယ်မှာ ချစ်သူရှိသွားပြီလို့ တွေးထားတာပေါ့၊ သူဌေးကျွန်း ဟိုတယ်မှာကတည်းက ဒက်ဒီ သိနေတာဗျာ"

"အို..."

ဖူးက ရှက်လည်းရှက်၊ စိတ်လည်းညစ်ရတာမို့ ခေါင်းငုံ့နေလိုက်ရတော့သည်။

အဲဒီလူကြီးနဲ့ ဖူးသာ တကယ့်ချစ်သူတွေဆိုရင် ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲနော်။

"ဒက်ဒီ"

"ဗျာ"

"ဖူး... ဖူးကို စိတ်ဆိုးလားဟင်"

မဝံ့မရဲလေး မေးမိတော့ ဒက်ဒီက

"ဘာကို စိတ်ဆိုးရမှာလဲ သမီးငယ်လေး ချစ်ရမယ့်သူကို တွေ့တာ စိတ်ဆိုးစရာလား။ ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့ မသင့်လျော်တဲ့ သူဆိုရင်တော့လဲ သမီးချောမော့ပြီး နောက်ဆုတ်နိုင်းရမှာပေါ့လေ"



Scanned by CamScanner

ဒက်ဒီစကားကြောင့် ဖူးမှာ ထိတ်ခနဲခံစားရပြန်တာ။

တော်ကြာ သဘောမတူဘူးဆိုရင် ဒုက္ခနော်၊ ဖူး အဖြစ်က နောက်ဆုတ်ခွင့်ရှိတဲ့ အခြေအနေမှ မဟုတ်တာပဲ။

"ကောင်လေးရဲ့ ပုံပန်းသဏ္ဌာန်နဲ့ ပညာအရည်အချင်း ကတော့ မဆိုးပါဘူး၊ ဆင်းရဲတာ ချမ်းသာတာကို ဒက်ဒီတို့က မတွက်ပါဘူ ကွာ။ အရေးကြီးတာက ဒက်ဒီသမီးအပေါ်မှာ နှစ်နှစ် ကာကာ မြတ်မြတ်နိုးနိုး ရှိဖို့ရယ် အကျင့်စာရိတ္တကောင်းမွန်ဖို့ရယ် ဒါပဲပေါ့"

ဖူးက အသက်ကိုတောင် ပြင်းပြင်းမရှူရဲဘဲ နားထောင်နေရ တော့တာ။

"ကိုကိုကြီးကတော့ ဘာမှမသိဘဲ သူ့အလုပ်သမားအသစ် တော်တဲ့အကြောင်း အလုပ်အကိုင်သေသပ်တဲ့အကြောင်း တာဝန် ယူတတ်တဲ့ စိတ်လဲရှိတဲ့အကြောင်း ချီးမွမ်းနေတော့တာပဲ သမီးငယ်ရေ အဲဒါ ဘာလဲဆိုတာကို သိရင်တော့ ဘယ်လိုဖြစ်မယ် မပြောတတ်ဘူး ဟား.... ဟား"





ဒက်ဒီကို ကြည့်ရတာ ဒက်ဒီပြောနေတဲ့ စကားတွေကို နားထောင်ရတာ ပေါ့ပေါ့ပါးပါးရှိနေတာမို့ အခြေအနေကောင်း လို့ပဲ ခန့်မှန်းရတော့မလို ဖြစ်နေရတော့သည်။

"ဒက်ဒီ ဖူး... ဖူးကို ခွင့်လွှတ်ပါနော်၊ အဟင့်... ဟင့် ...ဟင့်"

ရုတ်တရက် ဝမ်းပမ်းတနည်း ခံစားလိုက်ရတဲ့ ဖူးက ဒက်ဒီလက်မောင်းမှာ မျက်နှာလေးအပ်ပြီး ငိုရှိုက်မိသွားတော့တာ။

"ဟောဗျာ ဘာလို့ ငိုရတာလဲ မငိုနဲ့ တိတ်တိတ်"

ဒက်ဒီက ချော့လေ ဖူးက ပိုငိုမိလေ ဖြစ်နေရတော့တာ။

"ဘာလဲ သမီးငယ်လေးရဲ့ အချစ်ကို ဒက်ဒီတို့က ခွဲပစ်မှာ စိုးရိမ်နေတာ..ဟား"

"... ......"

ဖူးက တိတ်တိတ်လေးပဲ နေလိုက်မိသည်။

"မခွဲပါဘူးဗျာ ဒက်ဒီက သမီးတို့စိတ်ချမ်းသာဖို့ အရေးကိုပဲ တွေးနေတဲ့ သူပါ၊ အခု သမီးလေး ငိုနေတာ ဒက်ဒီရင်ကို ဘယ်



Book Sharing

Scanned by CamScanner

လောက်ထိတယ် ထင်သလဲ၊ တိတ်…တိတ် သမီးလေး စိတ်ချမ်းသာရစေမယ်"

ဒက်ဒီက ဖူးကို အိပ်ရာထဲအထိ ပို့ပေးပြီးမှ ပြန်ထွက်သွားတော့တာ။

"နှစ်နှစ်ခြိုက်ခြိုက် အိပ်နော်၊ ဒက်ဒီက ကပေးတယ် သမီးငယ်လေ စိတ်ချမ်းသာရစေမယ် ဟုတ်လား"

"ကျေး… ကျေးဇူးပါပဲ ဒက်ဒီ

ဒက်ဒီခြေသံ ပျောက်သွားတာနဲ့ ဖူးက ဝမ်းလျားလေးမှောက် ခေါင်းအုံးမှာ မျက်နှာလေးအပ်ပြီး ရှိုက်ကြီးတငင် ငိုပစ်လိုက်တော့တာ။

ဒက်ဒီက ဖူးစိတ်ချမ်းသာရစေမယ်တဲ့။

ဖူးရဲ့ ချစ်ခြင်းကို မခွဲဘူးတဲ့။

ဘုရားရေ။

ဖူးက ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာရမှာလဲ ဖူး ကိုယ်ဖူးပြန်လုပ်ကြံနေရတဲ့ အဖြစ်မျိုးမှာ ဘယ်လို လုပ်ပြီး ပျော်နိုင်လည်း။





ဖူးက စိတ်ရှိလက်ရှိ ငိုပစ်နေမိတော့တာ။

ပါးစပ်ကလည်း။

"မုန်းတယ် မုန်းတယ်" လို့ စိတ်ထဲရှိတဲ့အတိုင်း ရေရွတ်နေမိတော့သည်။

မေဆပ်သဖူးလေး ဖြစ်ပျက်ခံစားနေရတာကို အခန်းထောင့်လိုက်ကာကြားထဲကနေ ချောင်းကြည့်နေတာက ဖေဖျေပဲ ဖြစ်လေ၏ ။

• • •

## အခန်း (၂၁)

ပြာလဲ့လဲ့ မီးရောင်အောက်မှာ အပြင်းအထန် ငိုရှိုက်နေတဲ့ ချစ်သူလေးရဲ့ ခန္ဓာကိုယ်လေးက တသိမ့်သိမ့် လှုပ်ခါနေတော့တာ။

အချစ်လေးကို ကြည့်နေရင်း သနားကြင်နာစိတ်တွေက သူ့ရင်ထဲကို အပြင်းအထန် တိုးဝင်လာကြတော့တာ။

ဇေယျာက လူတွေအလစ်မှာ ချစ်သူလေးရဲ့ အိပ်ခန်းထဲ အသာဝင်နေပြီး လိုက်ကာရှည်ကြီးရဲ့ နောက်မှာ ပုန်းအောင်းနေခဲ့တာ ဖြစ်သည်။

"အဟင့်... ဟင်... ဟင့်"

"မုန်းတယ် အရမ်းမုန်းတယ်"





"ဒက်ဒီရယ် ဖူး ခံစားနေရတာတွေကို ဒက်ဒီမသိနိုင်ပါဘူးနော်"

" အဟင့်... ဟင့်"

"သတ္တိသာရှိရင် ဖူး... ဖူး ပင်လယ်ထဲဆင်းသေပစ်မှာ"

ရှိုက်သံလေးနဲ့ တစ်ယောက်တည်း ညည်းညူပြောဆိုလိုက် အပြင်းအထန် ငိုကြွေးလိုက်နဲ့ ချစ်သူလေးက သနားစဖွယ်။

ဇေယျာက ကြာကြာမကြည့်နိုင်တော့ပါ။ ချစ်သူကို ထွေးပွေ့ယုယပြီး နှစ်သိမ့်ချင်စိတ်တွေက ရင်နဲ့မဆံ့အောင် ဖြစ်လာရတာမို့ ချစ်သူလေးရဲ့ ခုတင်ဆီသို့ ညင်သာစွာ တိုးကပ်သွားမိတော့သည်။

"အချစ်ရယ် တိတ်ပါဗျာ၊ ဒီလောက်ကြီး ငိုမနေပါနဲ့ အချစ်ပင်ပန်းလှပါပြီ"

"ဟင် ခင်များကြီး ခင်များကြီး ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ သွား ခုထွက်သွား"

ချစ်သူလေးက လူးလဲထထိုင်ပြီး သူ့ကို နှင်ထုတ်တော့သည်။

"အချစ်ရယ် ကိုကိုတို့ နှစ်ယောက်က အနက်ရှိုင်းဆုံး ရင်းနှီးထားပြီးသား လူတွေပါဗျာ စိမ်းကားရက်စက်တဲ့ အပြုအမူ တွေနဲ့ မဆက်ဆံပါနဲ့ဗျာ"

"အို မသိဘူး အဲဒီစကားတွေ ကြားလဲမကြားချင်ဘူး"

သူမလေးက နားနှစ်ဖက်ကို လက်နဲ့ ပိတ်ပြီး ဗူးဗူး ရှရှ လေး ထအောင်တော့တာ။

မတော်တဆ တစ်ယောက်ယောက်ကြားသွားခဲ့ရင် ပြဿနာတွေ ရှုပ်ထွေးကုန်မှာစိုးတာမို့ ဇေယျာက ချစ်သူလေးရဲ့ အနားကို အလျင်အမြန်သွားပြီး ချစ်သူရဲ့ နှုတ်ခမ်းထူထူအိအိ လေးကိုအနမ်းနဲ့ ပိတ်ထားလိုက်ရတော့တာ။

ချစ်လွန်းမက ချစ်နေမိတဲ့ ချစ်သူ့လေးကို တွေ့မြင်နေရတော့ သူ့မှာ မချစ်ဘဲ မနေနိုင်။

ဖောင့်စည်းချင်တာတွေ ထိန်းသိမ်းချင်တာတွေကိုလည်း မေလျော့ပစ်လိုက်မိတော့သည်။ သူ့တစ်ကိုယ်လုံးဆီ အချစ်တွေ နဲ့ ပျံ့နှံ့နေတာမို့ ချစ်သူလေးဆီ အချစ်တွေ ကူး စက်ပေးလိုက်မိ





တော့တာ။

ချစ်သူရဲ့ နွေးထွေးပျော့ပျောင်းတဲ့ ခန္ဓာကိုယ်လေးကို ခပ်တင်းတင်း ဖက်ထားရင် ချစ်သူကို အနမ်းလက်ဆောင်တွေ ပေးနေမိတော့တာ။

"အချစ်လေးရယ် အရမ်းချစ်တာပဲဗျာ ငုံထားမတတ်ကို ချစ်တယ်ဗျာ အဟွန်း... ဟွန်း"

"အချစ် သတိမေ့သွားတုန်းက ကိုကို ဘယ်လောက်အထိ စိတ်ပူသွားရတယ် ထင်သလဲ ယောက်ျားတန်မဲ့ ငိုမိတဲ့အထိ ပါပဲဗျာ"

သူ့စကားတွေကို ချစ်သူလေးက တိတ်ဆိတ်နားထောင်နေ တော့တာ။

"အချစ်ရယ် ကိုကို့ကို ကြိုက်သလောက် မုန်းပါဗျာ ဒါပေမဲ့ လက်မထပ်ဘူးလို့တော့ မငြင်းလိုက်ပါနဲ့"

"စိတ်ချ ကိုဇေယျ ခင်မျှားကြီးကို ကျွန်မ လက်ထပ်မှာပါ။ ခင်မျှားကြီး စော်ကားချင်တိုင်း စော်ကားထားမှတော့ ခင်မျှားကြီးရဲ့

ရင်ခွင်ထဲကို ဝင်ရဖို့ပဲ ရှိတော့တာပေါ့"

"ဟာကွာ အဲဒီလို မပြောပါနဲ့ ကိုယ့်အချစ်ကို အသိအမှတ်ပြုပေးပါ ကလေးရယ် အရာရာဟာ အချစ်တစ်ခုထဲရဲ့ တွန်းအားကြောင့် ဖြစ်ကုန်ရတာပါ"

"ကျွန်မကို အဲဒီလိုစကားလုံးတွေနဲ့ များ ဖြားယောင်းလို့ရနိုင်မယ် မထင်နဲ့နော်။ ကဲ... ကျွန်မကို လွှတ်ပါ ကိုဇေယျ ကျွန်မတို့ လိုရင်းကိုပဲ ပြောကြရအောင်"

"အချစ်ရယ်"

"ရှင်နဲ့ ကျွန်မ ချစ်သူတွေ ဖြစ်နေပြီ လက်ထပ်ချင်ပြီလို့ ကျွန်မ အဖေကို ပြောလိုက်ပြီ"

"ဟာ... ဝမ်းသာလိုက်တာ"

"ကျွန်မကတော့ ဘယ်လိုမှ ဝမ်းမသာနိုင်ပါဘူး"

"အချစ်ရယ်"

"တစ်ခုတော့ သေသေချာချာ မှတ်ထားပါ ကျွန်မဆီမှာ အမုန်းကလွဲပြီး ဘာမှ မရှိဘူး"





ဇေယျက ငိုင်တွေသွားရတော့သည်။

ရုပ်ကလေးလှသလောက် ပြတ်သားပါပေ့ အချစ်ရယ်။

ဘာပဲဖြစ်ဖြစ် ဇေယျကတော့ သူမ်လေးက သူ့ကို လက်ထပ်မယ်ဆိုတာကြောင့် အတိုင်းမသိ ပျော်ရွှင်သွားရတော့တာ။

မုန်းစမ်းပါစေ။

ကြိုက်သလောက် မုန်းစမ်းပါစေ ချစ်သူရဲ့အမုန်းတွေကို စစ်မှန်တဲ့ သူ့အချစ်တွေနဲ့ အချစ်ဖြစ်သွားအောင် သူပြောင်းလဲပစ်နိုင်လိမ့်မည်ဟု ဇေယျက အခိုင်အမာ ယုံကြည်မိသည်။

"ကဲ... သွားပါတော့ ကျွန်မကို ဒီလောက် ဒုက္ခပေးရရင် ကျေနပ်ပါတော့"

တကယ်ဆို သူက ထွက်သွားတော့မှာ ဖြစ်သည်။

ချစ်သူလေးက ရက်ရက်စက်စက်နှင်တော့ သူ့ ရင်ထဲက မာနတွေက အမောက်ထောင်လာရတော့သည်။

ပြီးတော့ မီးရောင်နုနုအောက်မှာ တွေ့မြင်နေရတဲ့ ချစ်သူလေးရဲ့ အလှအပတွေကလည်း သူ့ကို ထွက်မသွားနိုင်အောင်

ဆွဲဆောင်ဖမ်းစားထားကြတော့တာ။

ဒါနဲ့ပဲ ဗေယျာက ချစ်သူလေးကို ခပ်တင်းတင်း ပွေ့ဖက်ထား လိုက်ပြီး ချစ်သူရဲ့အမိနံ့ကို အားခဲလွှန့်ဆန့် ပစ်လိုက်လေတော့သည်။

"မသွားဘူး ဗျာ ဒီညဒီမှာပဲ အိပ်မယ်"

"ဘာရှင် ကျွန်မအော်လိုက်ရမလား"

"အော်ချင်လဲ အော်လေ ကိုယ်တို့နှစ်ယောက်ဟာ ချစ်သူ ငွေတွေပါလို့ အချစ်ကိုယ်တိုင် ဒက်ဒီ့ကို ဖွင့်ပြောထားပြီးသားပဲဟာ"

"အို"

တကယ်တမ်းကျတော့ သူမလေးက သူ့ အချစ်တွေကို ကြံကြံခံ ခုခံနိုင်စွမ်းမရှိခဲ့ပါ။

မကြာခင်မှာဘဲ အချစ်လှေကလေးက အချစ်ရေစီးကြောင်း မှာ တငြိမ့်ငြိမ့်မျောပါ သွားရလေတော့သည်။

• • •





## အခန်း (၂၂)

ဘုရားရေ။

ဆပ်သပူးရဲ့ အခန်းထဲကနေ မီးလင်းခါနီးမှ ထွက်သွားတဲ့ ကိုဗေယျာကို မြင်လိုက်ရတာမို့ တာမှာ ခေါင်းနားပမ်း ကြီးသွားရတော့တာ။

ဆပ်သပူးကတော့လေ။

ပါးစပ်က မုန်းတယ် မုန်းတယ်အောင်နေပြီး မပြောချင်ပါဘူး။

ဒီအတိုင်းဆို အခြေအနေက အရမ်းဆိုးနေပြီ။

ဖုံးဖိမထားလို့ကောင်းတဲ့ အခြေအနေမျိုးလည်း မဟုတ်

နေတော့ပါ။ တော်ကြာ ကျော်မကောင်း ကြားမကောင်းတွေဖြစ်ကုန်မှဖြင့်။

တာက ဆက်မတွေးရဲတော့ဘဲ ဒက်ဒီကို ဖွင့်ပြောဖို့ဆုံးဖြတ်ရတော့သည်။ ဒီလိုနဲ့ပဲ တာ ပြန်မအိပ်နိုင်တော့ပါ။

ဦးသီဟကလည်း မေခတ္တာလိုပင် သမီးငယ် ရည်းစားနဲ့ ချိန်းတွေ့တာကို သိသွားတာမို့ ရင်ပူနေရတော့သည်။

ခေတ်ကာလ သားသမီးတွေများ ဘယ်လို ပြောရမှန်းကို မသိတော့ပါ။ ခုတွေ့ခုချစ် ခုပဲ လက်ထပ်ချင်သတဲ့။ ဒီကိစ္စကို ဇနီးသည်သာ သိရင်တော့ ရင်ထုမနာဖြစ်တော့မှာ သေချာသည်။

ဒီကိုအလည် ခေါ်မိတာမှား သွားပြီ။ သမီးရန်ကုန်မှာပဲ နေနေရင် စောစောစီးစီး ယောကျ်ားပေးစားရဖို့ ဖြစ်လာမှာ မဟုတ်ပါ။

ခုတော့ ဘာတတ်နိုင်ဦးမှာလဲ ကိုယ်က သမီးရှင် ရှုံးစရာရှိရင် ကိုယ့်ဘက်ကပဲ ရှုံးရမှာ။

မထူးပါဘူး သမီးတို့ မာမီကို လိုက်လာခဲ့ဖို့ခေါ်ပြီ သမီး





ငယ်ရဲ့ ကိစ္စကို စီစဉ်ပေးမှ ဖြစ်တော့မှာပါ။

တွေးရင်းနဲ့ ဦးသီဟက တစ်ခါတည်း ဆုံးဖြတ်လိုက်တော့သည်။ နောက် မိုးစင်စင်မလင်းသေးခင်မှာပဲ ဇနီးသည်ဆီကို ဖုန်းဆက်လိုက်လေတော့သည်။

• • •

## အခန်း (၂၃)

"ခေါက် ခေါက်"

"ဆပ်သဖူး"

"ဆပ်သဖူး"

အခန်းတံခါးခေါက်ပြီး နှိုးသံကို ကြားရတော့မှပဲ ဖူးက အိပ်မောကျ နေရာကနေ နိုးသွားရတော့တာ။

ဖူးရဲ့ အိပ်ခန်းထဲကို နေရောင်ရွှေရွှေတွေတောင် တိုးဝင်နေကြပြီ ဖြစ်သည်။

"ဆပ်သဖူး"





"ဆပ်သဖူး"

"အင်း... နိုးပြီ နိုးပြီ"

ဖူးက အလျင်စလို တံခါးပြေးဖွင့်ဖို့ ဟန်ပြင်ပြီးမှ မှန်ရှေ့သွားပြီး ကိုယ့်ကိုယ်ကို ကြည့်ရပြန်သေးတာ။

မှန်ထဲမှာ ထင်ဟပ်နေတဲ့ ဖူးရဲ့ ပုံရိပ်ကလေးက လှလှပပ။ နှုတ်ခမ်းဖူးလေးကတော့ နှုဂိုထက် ပိုနီးနေတော့သည်။

"ဆပ်သဖူး"

ခတ္တာအသံထဲမှာ စိတ်တိုသံတွေ ရောပါလာပြီမို့ မလုံမလဲနဲ့ဘဲ ဖူးက အိပ်ခန်းတံခါးကို ပြေးဖွင့်ရတော့တာ။

"အမယ်လေးဟယ် နှိုးလိုက်ရတာ"

"အဟင်း အရမ်းကြီး အိပ်ပျော်သွားတာကိုး"

"ဘယ်လိုလဲ နေကောင်းပြီလား"

ခတ္တာက ဖူးတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မေးလိုက်တာမို့ ဖူး မျက်နှာလေးက ထူပူရှိန်းဖိန်းသွားရတော့တာ။

"အင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်တော့ နည်းနည်းသက်

သာသွားပါပြီ"

"ဒါပေမဲ့ ရင်ခုန်သံတွေတော့ ပိုကျယ်နေတယ် မဟုတ်လား သေချာပါတယ် နင်ကတော့ နှလုံးသားရောဂါ ဖြစ်နေပါပြီ"

"ဟင်"

"ဟုတ်တယ် ဆာပ်သဖူးရေ နှလုံးသားရောဂါပါပဲ နှလုံးရောဂါ မဟုတ်ဘူးနော် အဟင်း... ဟင်း နှလုံးသားရောဂါ"

ဖူးက ဘာပြောရမှန်း မသိတော့ပါ။

"ကဲ... ကဲ ရေချိုးအဝတ်အစားလဲ အမြန်လုပ် မရွှေချော လှေက စောင့်နေပြီ"

"ဘယ်... ဘယ်သွားမှာလဲ ခတ္တာ"

"ကျောသောင်းကိုပေါ့"

"ငါမလိုက်ချင်ပါဘူးဟာ နင်ပဲသွားတော့နော်"

"အံမာ... မိန်းမညာဏ်မများနဲ့ ဘယ်သူ့မှနေခဲ့လို့ မရဘူး အားလုံးသွားရမှာ ဒက်ဒီရော ကိုကိုကြီးရော နင်ရော ငါရော တစ်ယောက်မကျန် သွားရမှာ သိရဲ့လား"





"ဘာဖြစ်လို့လဲ"

"ဒီနေ့ မာမီလာမယ်လေ"

ဖူးက တအံ့တဩ ဖြစ်သွားရတော့တာ၊

"မာမီလာမယ် ဟုတ်လား၊ အစီအစဉ်မရှိဘဲ ဘာဖြစ်လို့ လာမှာလဲဟင်"

"ဒါတော့ မာမီလာမှပဲ မေးကြည့်ပေတော့နော် အခု အမြန်လုပ်တော့"

ခတ္တာက ဖူးအနားကနေ သွက်လက်ရွှင်ပျပြီး ထွက်သွားတော့တာ။

မာမီ ချက်ချင်းလိုက်လာတယ်ဆိုတော့ထူးခြားမှု တစ်ခုခု တော့ရှိနေပြီလို့ ဖူးကတွေးမိသည်။ ဘာတွေ ထူးခြားတယ် ဆိုတာတော့ ဖူးလည်း မတွေးတတ်တော့ပါ။

လောလောဆယ် ဖူ ကိုယ်တိုင်ခံစားနေရတဲ့ ထူးခြားမှု အတွက်ပဲ ဖူးမှာ ရင်သိမ့်တုန်နေရတော့တာ။

တကယ်ပါပဲကွယ်။



Scanned by CamScanner

ညက နက်ရှိုင်းမှဲ့ အချစ်တွေထဲကို မှူးကိုယ်တိုင် မသိလိုက်ဘဲ ပြုတ်ကျသွားခဲ့ရတာ။ ရေချိုးခန်းထဲက မှန်ချပ်ကြီး မှာ ကိုယ့်ကိုယ်ကို ကြည့်ပြီး မှူးက ရင်ကလေးပိုနေရတော့တာ။

ခတ္တာ ပြောတာလည်း မှန်တာပဲ။

"အရမ်းမမှန်းနဲ့ အမုန်းနဲ့ ကပ်ရက်မှာ အချစ်ရှိတယ်တဲ့" ဟုတ်ပါရဲ့။

ညကပဲ အမုန်းနဲ့ အချစ်ရဲ့ကြားက ကာရံထားတဲ့ နံရံချပ်ကို မှူးရိုက်ချိုးပစ်လိုက်မိပြီပဲ။

တကယ်ပဲ မှူး လူကြီးကို ချစ်မိသွားခဲ့ပါပြီ။ အမုန်းကနေ ရုတ်တရက်ကြီး ပြောင်းလဲသွားတဲ့ အချစ်တွေက အံ့သြစရာကောင်းလောက်အောင်ပါပဲ။

လူကြီးရဲ့ အယုအယတွေ အချော့အမြူတွေ အချစ်တွေကြားထဲမှာ မှူး အရည်ပျော်သွားခဲ့ရပြီ။

ခွဲလမ်းခြင်းဆိုတာကို နက်နက်နဲနဲခံစားလိုက်ရပြီ။ အချစ်ဆိုတာ ဒါပါလားလို့ သိလိုက်ရပြီ။





အတွေ့ တွေ့နဲ့ မှူးက ကြည်ကြည်နူးနူးလေး ပြုံးမိသွားတော့တာ

ကိုကိုလို့ တိုးတိုးလေး ရေရွတ်ကြည့်မိပြီး မှူး မျက်နှာလေးက ရှက်သွေးလေးတွေ ဖျန်းဖျန်းထသွားရတော့တာ။ မှူး ရဲ့အချစ်တွေကိုတော့ ကိုကို သိအောင်မပြရသေးပါ။ မုန်းတယ်၊ မုန်းတယ်လို့ အော်ထားပြီးမှ ချက်ချင်း ချစ်ရမှာ ရှက်စရာကြီးနော်။

ဒါကြောင့် အသာလေးပဲ လွှတ်ထားလိုက်ဦးမှာ လက်ထပ်ပြီးလို့ ရက်တွေလတွေရလာမှပဲ မှူး အချစ်တွေကို ကိုကို သိအောင် ခင်းကျင်းပြတော့မည်။

အချစ်ကို ခံစားလိုက်ရပြီဆိုတာနဲ့ မှူးရဲ့ စိတ်အစဥ်က မနေ့ကလို မဟုတ်တော့ဘဲ ကြည်လင် လန်းဆန်းသွားရပြီ ဖြစ်သည်။

အမုန်းမရှိတော့တဲ့အတွက် ဒေါသတွေလည်း မရှိတော့ နာကြည်းတာတွေလည်း မရှိတော့။ နောင်တလည်း မရတော့ပါ။

ရေချိုးပြီးတော့ မှူးက အလှပြင်နေရင်း မာမီလာတဲ့ ကိုရွှ

ဆို အတွေးက ရောက်သွားရပြန်သည်။

မာမိ ဘာကြောင့် မြန်မြန်ဆန်ဆန်ကြီး ရောက်လာရတာလဲ။

ဒက်ဒီနဲ့ မာမိက ဖူးကို ကိုဇေယျနဲ့ သဘောမတူလို့များလား။ ဒက်ဒီက ဖူးကို စိတ်ချမ်းသာရစေမယ်လို့ ကတိပေးထားပြီးသားမို့ မာမိကို ခေါ်ပြီးတော့များ ပွဲကြမ်းဒိုင်းမလို့လား။

ဘုရား... ဘုရား ဖူးကို ရန်ကုန်အတင်းပြန်ခေါ်သွားရင် ဘယ်လိုလုပ်ရမလဲကွယ်။

တွေးရင်း ဖူးက ငိုချင်လာရတော့တာ။ မနေ့က အမုန်းကြောင့် ငိုခဲ့ရတဲ့ ဖူးက ဒီနေ့ကြတော့လည်း အချစ်ကြောင့် ငိုချင်နေရပြန်ပြီ။

"ဆပ်သဖူး"

"ပြီးပြီ အဝတ်လဲဖို့ပဲ ကျန်တော့တယ်"

"မြန်မြန်လုပ်စမ်းပါဟာ"

"အင်းပါ"



Book Sharing



ဒူးဖစ်ဖုံး ဘောင်းဘီနီညိုရောင်လေးနဲ့ ကြက်ပေါက်စ အဝါရောင်တီရှပ်ကလေးကို တွဲဝတ်ပြီး ဖူးက သုံးလက်မလောက် မြင့်တဲ့ ဒေါက်ချွန်ချွန်နဲ့ ကြိုးသိုင်းဖိနပ်လေးကို စီးလိုက်သည်။

ပြီးတော့ ကြိုးမျှင်မျှင်လေးနဲ့ ပိုက်ဆံအိတ်ကို စလွယ်သိုင်းလွယ်လိုက်သည်။ နောက် ဦးထုပ်အဝိုင်းလေးကို ဆောင်းပြီး ထွက်လာခဲ့လိုက်တော့တာ။

"အားပါ ဆပ်သဖူးကတော့ ရှယ်ပဲဟေ့။ ဒီနေ့မှပဲ ပိုလှနေပါလား"

"နေ့တိုင်းလဲ ဒီလိုပါပဲနော်"

ဖူးက ပြုံးပြုံးလေး ပြန်ပြောလိုက်မိသည်။

"ဟော... ဆပ်သဖူးတို့ အပြုံးတွေနဲ့ပါလား၊ ဟွန်း... မုန်းတယ် မုန်းတယ်နဲ့ မပြောလိုက်ချင်ဘူး"

ခတ္တာ ဘာကို ပြောချင်နေတယ်ဆိုတာ သိနေတာမို့ ဖူးက ရယ်မောပြီး ပြန်ပြောလိုက်သည်။

"မုန်းတုန်းက တကယ်မုန်းတာပါဟာ ဟန်ဆောင်နေတာ



Scanned by CamScanner

မဟုတ်ရပါဘူး"

"ခုတော့ မမုန်းနိုင်တော့ဘူး မဟုတ်လား"

"အင်း"

ခတ္တာက မျက်စောင်းထိုးသည်။

"မာမိလာမယ်ဆိုတာ တကယ်လား ခတ္တာ"

"ဒါ ညာစရာလားဟဲ့"

"ဘာကိစ္စနဲ့ လာမှာလဲဟင်"

"ဒက်ဒီခေါ်လိုက်တာဖြစ်မှာပါ့ နင်ဒက်ဒီကို ဘာပြောထားလဲ"

ဖူးက ထိတ်ခနဲ စံစားလိုက်ရတော့တာ။

"ငါမှာ ချစ်သူရှိနေပြီလို့ ဒက်ဒီကိုပြောလိုက်တာ ခတ္တာ"

"နင်ပြောတာ ဒီလောက်လေးပဲဟုတ်လို့လား"

"ဟို... လက်ထပ်ဖို့ပါ ပြောလိုက်တာ"

"အေးလေ ဒါဆို အခု မာမိလာမှာ နင့်ကိစ္စပဲ ဖြစ်မှာပေါ့"

"ငါ... ငါ ကြောက်တယ် ခတ္တာ"





"အံမာ ဘာအခုမှ ကြောက်ပါပြီလဲ"

"မာမိက သဘောမတူဘူးဆိုရင် ငါ ဘာလုပ်ရမလဲဟင်"

ဖူးက အားကိုးတကြီး မေးတာကို ခတ္တာက ဟာသလုပ်ပစ်သည်။

"သဘောမတူရင် ခြေဆော်င့်ပြီး အော်ငိုလိုက်ပေါ့ဟာ"

ခတ္တာ ပြောနေတုန်းမှာပဲ ကိုကိုကြီးက ဘန်ဂလိုရှေ့ကို ရောက်လာပြီး အော်တော့တာ။

"ဟိုနှစ်ယောက် မပြီးသေးဘူးလား"

"ပြီးပြီး ကိုကိုကြီး"

"ပြီးရင်လာခဲ့လေ စောင့်နေရတဲ့ သူတွေကို အားမနာဘူး၊ အခုမှ တွေ့ရတဲ့ သူတွေကျနေတာပဲ အဲလူးက ဖုတ်လိုက်သေးတယ်"

မင်းထက်က ညီမလေးနှစ်ယောက်ကို ကြည့်ပြီး ပီတိတွေ ဖြစ်နေရတော့တာ။

သူများ အစ်ကိုတွေက ကိုယ့်ညီမတွေကို သဝန်တိုတတ်

ကြသည်။

ရည်းစားထားမှာ ယောကျ်ားယူမှာကို စိုးရိမ်ကြသည်။ တိုထွာကြသည်။

မင်းထက်ကတော့ ညီမလေးတွေကို ကောင်းကောင်းမွန်မွန် အိမ်ထောင်ဘက်နဲ့ တည်ငြိမ်တဲ့အိမ်ထောင်ရှင် ဘဝကိုပဲ ရောက်သွားစေချင်တာ။

မသင့်လျော်တဲ့လူ အရည်အချင်းမရှိတဲ့လူမိဘချမ်းသာတာကို မျှော်မှန်းပြီ သိုက်တူးချင်တဲ့လူမျိုးတွေနဲ့ တွေ့သွားမှာကိုပဲ စိုးရိမ်မိတာဖြစ်သည်။

ဒီလောက်လှ ဒီလောက်ပြည့်စုံတဲ့ ညီမလေးနှစ်ယောက်ကို သူလည်း အချိန်ပြည့်မစောင့်ရှောက်နိုင်ပါ၊

ဒါကြောင့် အပျိုဘဝနဲ့ အကြာကြီးနေဖို့ကို သူမလိုလားမိ။ ထိုက်တန်တဲ့ လူနဲ့ မြန်မြန်အိမ်ထောင်ကျသွားရင် မြန်မြန်ရင်အေးရတယ်လို့ပဲ။ မင်းထက်က သတ်မှတ်ထားတာ။

အခုတော့ ညီမလေးနှစ်ယောက်စလုံးအတွက် သူစိတ်အေး





ရပြီ။

အကြီးမ မေခင္တာက ချမ်းသာကြွယ်ဝပြီး အရာရာပြည့်စုံတဲ့ သူနဲ့ မကြာခင်မှာ လက်ထပ်တော့မည်။

အငယ်မကလည်း ချစ်သူတွေ့နေပြီတဲ့။ ဘာကြောင့်မှန်းမသိ ဖေယျဆိုတဲ့ လူငယ်ကို တွေ့လိုက်ကတည်းက မင်းထက်က ခင်မင်နှစ်လို သွားခဲ့မိတာ။

လုပ်ရည်ကိုင်ရည်ကိုလည်း သဘောကျသည်။ စိတ်ဓာတ်ကိုလည်း သဘောကျသည်။ ဒီလို လူငယ်မျိုးကို ယောက်ဖတော်ရရင် မဆိုးပါဘူးလို့တောင် သူတွေးမိသေးသည်။

အခုတော့ ဖေယျက အငယ်မရဲ့ ချစ်သူတဲ့။ ခက်ဒီပြောတော့ သူအံ့သြသွားခဲ့ရတာ။

"ဆိုးတော့မဆိုးပါဘူး ခက်ဒီ" လို့ သူပြောတော့ ခက်ဒီက ရယ်မောပြီး ပြန်ပြောသည်။

"ဆိုးလို့ နောက်ဆုတ်ခိုင်းရင်လဲ မင်းညီမက နောက်ဆုတ်မှာ မဟုတ်ဘူး၊ သားကြီး၊ ကောင်လေးဘက်က တောင်းရမ်

လက်ထပ်ချင်နေပြီတဲ့ဗျာ ခေတ်လူငယ်တွေရဲ့ မြန်ဆန်မှုကို ဒက်ဒီတော့ လိုက်လို့မမီတော့ဘူး၊ ဒါကြောင့် ဒီကိစ္စကို ကိုင်တွယ်ဖို့အတွက် မင်းတို့မာမီကိုပဲ ခေါ်လိုက်ပြီ" လို့ ဒက်ဒီက ပြောတော့ သူက ခေါင်းပဲ ညိတ်လိုက်မိသည်။ ဒက်ဒီချက်ချင်းကြီး မာမီ့ကို ခေါ်လိမ့်မယ်လို့ ထင်မထားမိပါ။

ခုတော့ကြည့်ပါဦး မာမီက ချက်ချင်းပဲ လိုက်လာပြီ။ အခုပဲ မာမီ့ကို သွားကြိုရတော့မည်။

မာမီရောက်လာရင် ဘာသံတွေ ကြားရဦးမည် မသိပါ။

မင်းထက်ကတော့ ညီမလေး ဘက်ကပဲ ရပ်တည်ပေးဖို့ ဆုံးဖြတ်ထားသည်။

အဲ့ဒါကြောင့်ပဲ ဇေယျာနဲ့တောင် သူစကားပြောပြီးသွားပြီ။

ယောကျ်ားချင်း ပွင့်ပွင့်လင်းလင်း မေးမြန်းပြောဆိုပြီး သွားပြီမို့ မင်းထက်ကတော့ စိတ်အေးနေပြီ ဖြစ်သည်။

အဲဒီအချိန်မှာ စိတ်မအေးနိုင်သေးတာက ဇေယျာပဲဖြစ်သည်။

• • •





## အခန်း (၂၄)

ချစ်သူလေးတို့ မိသားစု ထွက်သွားတာနဲ့ ဇေယျာက အိမ်မြှောင်အမြီးပြတ်လို မငြိမ်မသက်နဲ့ ကျန်ရစ်ခဲ့ရတော့သည်။

အခုခေါ်သွားတာဟာ သူမလေးကို ရန်ကုန်ပြန်ပို့ဖို့ဆိုရင် ဘယ်လိုလုပ်မလဲ။ ဒါဆိုရင် ချစ်သူကို သူလက်လွှတ်ဆုံးရှုံးရတော့မှာပေါ့။

တွေးရင်း ဇေယျာက ရင်တွေပူလာရတော့သည်။

ချစ်သူလေးကိုတော့ ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါ။

ခွဲလမ်းမှုတွေ ခိုင်မာနေပြီမို့ ဇေယျာက ချစ်သူလေးကို မျက်စိအောက်ကတောင် အပျောက်ခံချင်တာ မဟုတ်ပါ။



Scanned by CamScanner

ချစ်သူလေးက သူ့ကို မချစ်ဘူးဆိုတာ သိနေတော့ အရာရာက စိုးရိမ်စရာတွေချည်းပဲ ဖြစ်နေရတော့တာ။ နှစ်ဦးနှစ်ဖက် အပြန်အလှန်ချစ်ထားတဲ့ ချစ်သူတွေဆိုရင်တော့ ရင်မှုစရာ စိုးရိမ်စရာ သိပ်မရှိပါ။

မိဘတွေက သဘောမတူဘူးဆိုရင်တောင် အချစ်ချင်းတူနေရင် ချစ်သူက သူ့နောက်ကို လိုက်လာမှာ ဖြစ်သည်။

ခုတော့ သူ့အဖြစ်က မပိုင်ဝက်မွေးဖြစ်နေရတော့တာ။

သူမလေးရဲ့ မိသားစုကတော့ သူနဲ့ သူမလေးကို ချစ်သူတွေလို ယုံကြည်ထားကြသည်။

ချစ်သူလေးရဲ့ အစ်ကိုကြီးကဆိုရင် သူ့ကို ပွင့်ပွင့်လင်းလင်း မေးခဲ့သည်။

"မောင်ရင် ကိုယ့်ညီမလေးကို တကယ်ချစ်တာလား"တဲ့။

"ယောကျ်ားချင်း ပွင့်ပွင့်လင်းလင်း ဖြေပါ၊ မောင်ရင့် ကိုယ့်ညီမကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားသလား"တဲ့။

"ဟုတ်ကဲ့ ကျွန်တော် ဖူးကို တကယ်မြတ်မြတ်နိုးနိုး





နှစ်နှစ်ကာကာ ချစ်ပါတယ် အစ်ကို၊ လက်ထပ်ဖို့ ဆုံးဖြတ်ထားပါတယ်"လို့ သူက ပြန်ပြောရင်း သူ့ကို လက်သီးနဲ့ပဲ ဆွဲထိုးပစ်တော့မလား၊ အလုပ်က ထွက်ခိုင်းပြီ နှင်ထုတ်ပစ်တော့မလားလို့ ရင်တထိတ်ထိတ်နဲ့ နားစွင့်နေရတော့တာ။

"ကိုယ့်ညီမလေးက မိသားစုထဲမှာ အငယ်ဆုံးဆိုတော့ အားလုံးက အလိုလိုက်ထားကြတာ ပိုလ်ကျတတ်တယ်၊ ဆိုးလဲဆိုးတယ် မောင်ရင် သူ့ကို နားလည်ခွင့်လွှတ်ပေးနိုင်ပါ့မလား"လို့လည်း မေးပြန်သည်။

"ကျွန်တော် ဖူးကို စိတ်ရှည်သည်းခံပြီး ချစ်ထားပါ အစ်ကို၊ ကျွန်တော် ရည်းစားတွေ ထားခဲ့ဖူးပါတယ် မညာပါဘူး၊ ဒါပေမဲ့ ဖူးကိုတော့ ကျွန်တော် တကယ်မြတ်နိုးမိတာပါ"

သူမလေးရဲ့ အစ်ကိုက ဘာမှ မပြောဘဲ သူ့အနားကနေ ထွက်ခွာသွားတော့ သူမှာ စိုးရိမ်တကြီး ကျန်ရစ်ခဲ့ရတော့သည်၊

သူ့ကို သိက်သမားလို့များ ထင်ကြမလား။

တွေ့တာမှ မကြာသေးဘဲ အချစ်ပန်းကို အရရှုယူတယ်ဆို



Scanned by CamScanner

ပြီ သူမလေးကပါ သူ့ကိုသိုက်တူး ချင်တဲ့ သူလို့ ထင်ချင်ထင်နေမှာ။

ဇေယျတို့က မေဆပ်သဖုးတို့လောက် မချမ်းသာပေမဲ့ သူတို့ မြို့မှာတော့ မြို့မျက်နှာဖုံးအဖြစ် လှလှပပရပ်တည်နေနိုင်သူတွေဖြစ်သည်။

မတီးဘဲနဲ့ မပြည်ချင်လို့သာ ဇေယျက သူ့အကြောင်းကို မပြောပြဘဲ ထားထားတာဖြစ်သည်။

သူမလေ့ကို သူချစ်တဲ့ အချစ်က သူမလေးရဲ့ ကြွယ်ဝချမ်းသာခြင်းတွေနဲ့ ဘာမှ မဆိုင်ပါ။

အတွေးတွေနဲ့ ရင်မှုနေရင်း ဇေယျက ဘယ်လိုမှ နေလို့မရအောင် ဖြစ်လာရတော့သည်။

အိမ်အမြန်ပြန်ပြီး အမေနဲ့ အမေ့ကို ပြောင်ပြောရမလား။ ဒါမှမဟုတ် ချစ်သူလေးကိုပဲ အတင်းခိုးပြေးရတော့မလား။

နောက်ဆုံးတော့ သူက ပစ္စည်းတင်တဲ့ပုံချိတ်နဲ့ ကောသောင်းကို လိုက်လာ ခဲ့ရလေတော့သည်။





ထိုအချိန်တွင် ဖုးကလည်း စိုးရိမ်စိတ်တွေနဲ့ ကိုကို့ကို သတိရ နေမိတော့တာ။

ကိုကိုရေ။

ဖုး ကိုကို့ကို ချစ်ဘယ်ကွယ်။

ဖုး ချစ်မိပြီဆိုတာကို ကိုကို မသိအောင် ဟန်ဆောင်ပုံးကွယ်ထားလိုက်တာ ဖုးမှားသွားပြီ ထင်ပါရဲ့နော်။

လှေဦးမှာ ထိုင်ရင်း ဖုးက အတွေးတွေ ရှက်တိုက်နေမိတော့သည်။

ညက ဖုးအခန်းကနေ ပြန်ခါနီးမှာ ကိုကိုက ကြေကြေကွဲကွဲလေး မေးခဲ့တာ။

"ဖုးရယ် ကိုကို့ကို မုန်းတုန်းပဲလားဗျာ၊ အမုန်းတွေကို နည်းနည်းလေးတောင် မလျော့နိုင်ဘူးလား"တဲ့။

ဖုးက "ဘယ်တော့မှ မလျော့ဘူး" လို့ အေးစက်စက်ပြန်ပြောခဲ့မိတာ၊ အဲဒီတုန်းက ကိုကို အကြာကြီး ငြိမ်သွားခဲ့သည်။ နောက် ဖုးကိုတောင် နှုတ်မဆက်ဘဲ အခန်းထဲကနေ လှစ်ခနဲ



Book Sharing

Scanned by CamScanner

ထွက်ခွာ ပျောက်ကွယ်သွားတာ။

အဲဒီတုန်းကတော့ ဖူး ဘာကိုမှ မစိုးရိမ်ခဲ့မိပါ။ ခုမှပဲ ဖူးကို၊ ကိုကို စိတ်ပျက်လက်လျော့ပြီး အချစ်တွေ မပေးတော့မှာကို တွေးပူနေမိတော့သည်။

အချစ်က ပူလောင်လွန်းပေစွ။

ဖူးက ဘယ်သူနဲ့မှလည်း စကားမပြောနိုင် ဘယ်သူ့ကိုမှလည်း အရေးမစိုက်နိုင်တော့ပဲ အတွေးတွေထဲမှာ ပေပန်းနစ်မြုပ်လို့ ငိုင်ငိုင်လေး လိုက်ပါလာမိတော့တာ။

ချစ်သူကို ချစ်တဲ့အကြောင်း ဝန်ခံဖို့ ဘာဖြစ်လို့များ ဒီလောက်အောင် ဝန်လေးတွန့်ဆုတ်နေရတာလဲ။

တွေးရင်းနဲ့ ဖူးက နှောင်တတွေရနေမိတော့တာ။

ဒက်ဒီတို့ အားလုံးက ဖူးရဲ့ အရိပ်အကဲကို စောင့်ကြည့်နေကြတာကိုလည်း ဖူးမသိ။ ဖူးမျက်နှာလေး ညှိုးနွမ်းပျော့တော့လွန်းနေပြီဆိုပဲကိုလည်း ဖူး ဘာသာ ဖူးမသိ။ ဖူးရဲ့ စိတ်အစဉ်က ကိုကိုဆီကိုပဲ ရောက်နေလေတော့တာ။





မာမီ ရောက်လာလို့ ကိုကိုနဲ့ ဖူးကို သဘောမတူးဆိုရင်တော့ အခြေအနေမှန်ကို မရုက်မကြောက် ဖွင့်ဟ ပြောလိုက်တော့မယ်လို့ ဖူးက ဆုံးဖြတ်မိသည်။

ကိုကိုရေ အခုမှပဲ ကိုကိုနဲ့ ဝေးရမှာကို ဖူး ကြောက်တတ်နေပြီကွယ်။

"ဆပ်သဖူး ဘာဖြစ်နေတာလဲ"

"ဟင်"

ခတ္တာ အသံကြောင့် ဖူးက အတွေးတွေထဲကနေ လန့်နိုးသွားရတော့သည်။

"မျက်ရည်တွေလဲ ကျလို့"

"မျက်ဆီထဲ ဖုန်ဝင်တာပါ" လို့ ဖူးက ရှက်ရှက်နဲ့အကြောင်းပြချက်ပေးလိုက်တော့ ခတ္တာက မျက်စောင်းထိုးသည်။

"နင်ဟာလေ ကိုယ့်ခံစားချက်ကို အင်မတန်ဖုံးကွယ်ချင်တဲ့ မိန်းမပဲ။ လုံအောင်ဖုံးနိုင်တာလဲ မဟုတ်ဘဲနဲ့၊ ပြောစမ်းပါဦး ရေထဲမှာ ဘယ်ကမှန်က နင့်မျက်လုံးထဲလာဝင်သလဲ"



Scanned by CamScanner

"ခတ္တာ"

"ပြော"

"ငါ အရမ်းကြောက်ထာယ်ဟာ"

"ဘာကို ကြောက်တာလဲ ဟဲ့"

ဒါ တမင်တကာ မသိချင်ယောင်ဆောင်ပြီး ခတ္တာက မေးနေတာ။

"နင်ကလဲဟာ သိသိကြီးနဲ့ မာမီရောက်လာပြီး ငါ့ကို အတင်းပြန်ခေါ်သွားရင် ဘယ်လိုလုပ်ရမလဲဟင်"

"အို နိုးရာလိုက်ပြေးပေါ့ဟာ"

တကယ်တော့ ခတ္တာက တမင်တကာ စလိုက်တာ ဖြစ်သည်။

ဒက်ဒီဆီမှာ တာ တီးခေါက်ကြည့်ပြီးပြီ။

ဒက်ဒီက ဆပ်သဖူးရဲ့ အချစ်ကိစ္စကို ကျေကျေနပ်နပ် မီးစိမ်းပြထားတာ။

အခု မာမီရောက်လာတာလည်း စေ့စပ်တာတို့ တောင်း





ရမ်း နားဖောက်တာတို့ကို လက်ခံပေးဖို့ ဖြစ်သည်။

ကိုကိုကြီးကလည်း ထောက်ခံမဲပေးထားပြီးပြီ။

ဒါကို ဘာမှမသိတဲ့ ဆပ်သဖူးက မျက်နှာငယ်လေးနဲ့ ခံစားနေသောတာ။

ဆပ်သဖူးကို သနားပေမဲ့ အမြင်ကတ်တာလေး နည်းနည်းကလည်း ရှိနေတာမို့ တာက တာ သိထားတာတွေကို ပြောမပြတဲ့ အသာလွှတ်ပေး ထားတာဖြစ်သည်။

ဒီလောက်တောင် ဟန်ဆောင်ချင်တဲ့ မိန်းမခံစားပစေလို့ တာက စိတ်ထဲကနေ ပြောနေမိသည်။

ဆပ်သဖူးကတော့ ခတ္တာ တမင်ပြောတဲ့။

"နိုးရာလိုက်ပြေးပေါ့ဟာ" ဆိုတဲ့ စကားကို စွဲမြဲနေမိတော့သည်။

ဟုတ်တာပဲ ဖူးရဲ့အခြေအနေက ကိုကိုနဲ့လွဲလို့မှ မရနိုင်တော့တာ။ မာမီတို့က တားမြစ်ရင် ကိုကို နောက်လိုက်သွားရဖို့ပဲ ရှိတော့တာပေါ့။

ဖူး ဆုံးဖြတ်လိုက်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ အခြေအနေက ပေးပါ့မလား။

အို မသိတော့ပါဘူးကွယ်။

အခု ကိုကိုက ကျွန်းသာယာမှာ ကျန်ရစ်ခဲ့တာ။

တကယ်လို့ ကျွန်းရဲ့ တစ်ဖက်ခြမ်းမှာ အလုပ်လုပ်နေတယ်ဆိုရင် ဖူးတို့ ကျောသောင်ကို လာတာသိတောင် သိလိုက်မည်မထင်ပါ။

မာမိတို့ ဒက်ဒီတို့က ခုပဲ ဖူးကို အတင်းပြန်ခေါ်သွားကြရင် ဘယ်လိုလုပ်မလဲ။ ဖူးက စိတ်ထက်တဲ့ မာမီ့ကိုတော့ နည်းနည်းလန့်တာ အမှန်ပင်။

ခတ္တာ ကိုကိုလှမော်ကို မချစ်ဘူး ဘာညာနဲ့ ဖြစ်နေတုန်းကတောင် မာမီက ဖူးရှေ့မှာ ပြောခဲ့ဖူးသည်။

"ဒီလောက်ကောင်းတဲ့ ပြည့်စုံတဲ့ သူကိုများ မချစ်ဘူးရင့်မခုန်ဘူးနဲ့ ဒီလောက်ဖြစ်လှတာ အတင်းပေးစားပစ်လိုက်မယ်" တဲ့။ ဟော အခုလည်း မာမီက။





"ဘာမှန်းမသိ ညာမှန်းမသိ အခုမှတွေ့ရတဲ့လူကို လက်ထပ်ရအောင် ဟင်းရွက်ကန်စွန်းလား မရဘူး ပြန်ခေါ်သွားမယ်" လို့ ဆုံးဖြတ်ရင် ဘယ်သူဘာတတ်နိုင်မှာလဲ။

ဖူးက တွေးတွေနဲ့ နပန်းသတ်နေချိန်မှာပဲ ဖူးတို့ စီးလာတဲ့ လှေရဲ့ စက်သံက တိခနဲရပ်တန့်သွားတော့တာ။

"ဘာဖြစ်လို့လဲ"

""စက်ပျက်သွားတာပါ ဆရာကြီး"

"ဟာ ညကတည်းက မင်းအသေအချာ စစ်ဆေးမထားဘူးလား"

"ဟို ကျောသောင်းကူးမယ့်အကြောင်း ညကတည်းက ကျွန်တော် ကြိုမသိထားပါဘူး ဆရာကြီး မိုးလင်းမှ သိရတာပါ"

"ဟေ ဒါဆို ငါ့အပြစ်ပေါ့"

"ဟုတ်ပါတယ် ဆရာကြီး"

ကိုကိုကြီးနဲ့ လှေဆရာရဲ့စကားတွေကို နားထောင်ပြီး ခတ္တာက ရယ်သည်။

"သားကြီးရေ အမြန်ပြင်ဆိုင်းကွာ တော်ကြာ မင်းတို့မာမီ ကို ကြိုဖို့ မမီပဲ ဖြစ်နေမယ်"

ဒက်ဒီကလည်း မာမီအတွက် စိတ်ပူနေသည်။

စက်ပျက်သွားတာနဲ့ လှေက ကားလိုရပ်နေတာ မဟုတ်။ ရေစီးနဲ့ မျောတော့တာ။

"ကုန်းလမ်းမှာ ကားပျက်ရင် တခြားကားကို တားစီးလို့ ရသေးတယ် ရေထဲမှာ လှေပျက်တော့ ကြည့်ပါဦး ဖြတ်သွားဖြတ် လာလှေတောင် မရှိဘူး"

ဓတ္တာကလည်း ဖုးအနားမှာ ထိုင်ပြီး ပွစိပွစိ ပြောနေသည်။

"ဒက်ဒီ လှေမျောနေပြီ"

"စက်ပြင်တော့မှာပါ မီးမီးကြီးရဲ့"

"ဟွန်း... လမ်းလျှောက်လို့ရရင် သိပ်ကောင်းမှာပဲနော်"

ဖုးကတော့ ကိုယ့်အပူနဲ့ကိုယ်မို့ လှေစက်ပျက်တဲ့ ကိစ္စကို ဝင်ပူမပေးနိုင်ပါ။

အဲဒီအချိန်မှာပဲ အလုပ်သမားတစ်ယောက်က ဝမ်းသာ





အားရ ထအော်သည်။

"ဟာ ဟိုမှာ လှေတစ်စင်း"

ဖုးတို့ ဝိုင်းကြည့်တော့ လှေက ငယ်ငယ်လေးပဲ တွေ့ရသေးတော့တာ။

• • •

## အခန်း (၂၅)

"ဟာ…"

တိုက်တိုက်ဆိုင်ဆိုင် ချစ်သူလေးကို တွေ့လိုက်ရတော့ ဇေယျက ဝမ်းသာရင်ခုန်သွားရပြီ ပျက်သွားတဲ့ လှေစက်ကိုတောင် ထိုင်ကန်တော့ချင်မိတော့သည်။

ချစ်သူလေးကလည်း သူ့ကိုတွေ့တော့ ဝမ်းသာအားရနဲ့ မျက်လုံးလေးတွေ တောက်နေတော့တာ။

"ဟာ မောင်ရင် ရောက်လာတာနဲ့အတော်ပဲ"လို့ ယောက်ဖလောင်းကြီးကလည်း သူ့ကို ဝမ်းသာအားရကြိုဆိုသည်။

စက်ပျက်ပြီး မျောနေတဲ့လှေကို လှေသမားတွေက သူစီး





လာတဲ့ လှေမှာချည်ကြပြီး စက်ပျက်တာကိုလည်း ဝိုင်းပြင်နေကြသည်။

ဇေယျကတော့ မျက်နှာပူပူနဲ့ပင် ချစ်သူလေးတို့ လှေဘက်ကို ကူးရတော့သည်။

မေခတ္တာက သူ့ကို ရယ်မောနှုတ်ဆက်သည်။

ယောက်ခမလောင်းကြီးတော့ကလည်း စကားမပြောပေမယ့် တင်းတင်းမာမာကြီးတော့ မဟုတ်ပါ။

"ဟော စက်ပြင်လို့ရမှာလား"

"ရပါတယ်ခင်ဗျာ"

"ကြာဦးမှာလားကွာ"

"မကြာတော့ပါဘူး နောက်ဆယ့်ငါးမိနစ်လောက်ဆို မောင်းလို့ရပါပြီ"

အားလုံးက စက်ပျက်နေတဲ့ ကိစ္စဆီ အာရုံရောက်နေချိန်မှာ ဇေယျကတော့ အခုနေ ချစ်သူလေးကို ခိုးပြေးလိုက်ရရင် ဆိုတဲ့ အတွေးကို တွေးနေမိတော့သည်။



Book Sharing

Scanned by CamScanner

အခုအချိန်မှာ ချစ်သူလေးကို သူစီးလာတဲ့ လှေပေါ်ကို ခေါ်ပြီး လှေမောင်းထွက်သွားလိုက်ရင် ဘယ်သူ ဘာတတ်နိုင်မှာလဲ။ ဇေယျစီးလာတာက ကုန်တင်တဲ့ အလတ်စား ပဲ့ချိတ်လှေမို့ ဇေယျကိုယ်တိုင် မောင်းလို့ရသည်။

သူ့လှေကို မောင်းလာတဲ့ လူကတော့ ပျက်နေတဲ့ စက်ကို ပြင်ပေးနိုင်မှာ သေချာသည်။

အရေးကြီးတာက သူ့နောက်ကို ချစ်သူလေး လိုက်မလိုက်ဘဲ ဖြစ်သည်။

လှေစက်ပြင်နေတဲ့ နေရာမှာ ရောတိရောရာ လုပ်နေရင်းကနေ ချစ်သူလေးကို လှမ်းကြည့်လိုက်တော့ သူ့ကို မျက်လုံးဝိုင်းလေးနဲ့ ကြည့်နေတာ တွေ့ရသည်။

သူ့ကိုတစ်ခုခု ပြောချင်နေတာများလားလို့ တွေးကြည့်မိပေမယ့် ချစ်သူလေးရဲ့ တင်းမာမှုတွေကို သိထားတာမို့ ဇေယျက မဖြစ်နိုင်ပါဘူးလို့ပဲ တွေးမိပြန်သည်။

တော်ကြာ သူမလေးအနားကို သွားလိုက်လို့ သူ့ကို စိတ်





အရှမ်းဆိုးသွားပြန်ရင်လည်းအခက်။

အရင်က ကောင်မလေးတွေနဲ့ ပတ်သက်ရင် သွက်လက်ရဲတင်းပြီး ထိမထင်ခဲ့တဲ့ ဇေယျက ဖူးနဲ့ကျမှပဲ ကြောက်တတ်လန့်တတ်နေတော့တာ။

"ပင်လယ်ထဲမှာ ဒီလိုပဲ စက်လှေတွေ စက်ပျက်တတ်သလားဗျ"

"ပျက်တတ်တာပေါ့ ဆရာရယ် တစ်ခါတလေဆို ဘာမှမလုပ်တတ်လို့ ပင်လည်ထဲမှာ မျောနေတာကို ဒီအတိုင်းပဲ ကြည့်နေရတာ"

"ဟုတ်လား"

"ဟုတ်တယ်ဆရာ ဒါကြောင့် ပင်လယ်မှာ လူတွေက တစ်ယောက်နဲ့ တစ်ယောက် အရမ်းကူညီကြတယ်"

"အော်"

စကားပြောရင်း စက်ပြင်နေတဲ့ အဖွဲ့နားမှာ ရပ်နေမိပေမဲ့ သူ့စိတ်တွေကတော့ ဆင်ကြံကြံနေမိသည်။

သူမလေးကို ခိုးပြေးချင်နေမိပေမဲ့ ဘယ်လိုကြံရမှန်းမသိ။ ကျော်ဦး ပြောထားတဲ့ စကားကိုလည်း သူက အမှတ်ရနေသေးသည်။

ကျော်ဦးက သူ့ကို အသိပေးထားသည်။

မေဆပ်သဖူးရဲ့ အဖေက လက်တံလည်းရှည်တယ်။ ခြေလှမ်းလည်း ကျဲတယ်တဲ့။ ဒီတော့ သူမလေး ဆန္ဒမပါဘဲ သူဘာမှ လုပ်လို့ရမည် မထင်ပါ။

တွေးရင်း သူမလေးကို ကြည့်မိသွားတော့ ဖေယျက ကိုယ့်မျက်လုံးတွေ ကိုယ်မယုံနိုင်အောင် ဖြစ်သွားရတော့သည်။

ချစ်သူလေးက သူ့ကို လှမ်းခေါ်နေတာ ဖြစ်သည်။

ထိတ်ခနဲဖြစ်သွားပြီး သူက သူမလေးအနားကို သွားတော့ သူမလေးက သူ့ကို ထိတ်ထိတ်လန့်လန့် အသံလေးနဲ့ ခပ်တိုးတိုး ပြောတော့တာ။

"အခြေအနေက ဘာမှန်း မသိဘူး၊ ကျွန်မ... ကျွန်မတို့ ထွက်ပြေးလို့ ရမလားဟင်"





"ဟာ"

ဝမ်းသာလွန်းလို့ သူ့ခန္ဓာကိုယ်က လေထဲမြောက်တက်သွားသလိုကို ခံစားလိုက်ရတော့တာ။

"ဝမ်းသာလိုက်တာ အချစ်ရယ်"

"အို အဲဒါတွေ နောက်မှပြောပါ အခု ဘယ်လို ပြေးမလဲ အဲဒါပဲစဉ်းစား"

"ကိုယ်တို့ ဟိုလှေနဲ့ ပြေးမယ်"

အဲဒီအချိန်မှာ ပျက်နေတဲ့လှေ စက်ကိုစနိုးနေပြီမို့ ဖေယျက အချိန်မရှိတော့ဘူးဆိုတာကို သဘောပေါက်လိုက်မိသည်။

အချိန်ဆွဲနေလို့ မဖြစ်တော့ပါ။ ပျက်နေတဲ့ လှေစက်ပြန်ကောင်းသွားတာနဲ့ အခွင့်အရေး အားလုံးကို ဆုံးရှုံးသွားတော့မှာ သေချာသည်။

ဖေယျက လူတွေအားလုံး လှေစက်စမ်းနေတဲ့ဆီ အာရုံရောက်နေတာကို အခွင့်ကောင်းယူပြီး ချစ်သူလေးကို ခါးကနေ ပွေ့ချီကာ ဟိုဘက်လှေထဲကို ခုန်ချလိုက်တော့တာ။



Scanned by CamScanner

ပြီးတာနဲ့ တွယ်ထားတဲ့ ကြိုးတွေကို ဖြတ်ပစ်လိုက်ပြီး ပုံချိတ်ကို စက်နှိုးကာ မောင်းထွက်လာခဲ့လိုက်တော့သည်။

အော်ဟစ်သံတွေကြားနေရပေမဲ့ သူက လုံးဝ လှည့်မကြည့်မိပါ။

အဝေးဆုံးကို အမြန်ရောက်ဖို့ပဲ လိုတယ်လေ။

ချစ်သူလေးက လှေဝမ်းထဲမှာ ဇက်ကလေးပုပြီး ထိုင်လို့နေသည်။

အခုနေ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူလက်ညှိုးထောင်ပါလို့ ပြောလာရင် ဇေယျက လက်ညှိုးနှစ်ချောင်းစလုံး ထောင်ပစ်လိုက်မိမှာ သေချာပါသည်။

* * *





## အခန်း (၂၆)

တဖြည်းဖြည်းဝေးသွားတဲ့ ပဲ့ချိတ်လှေကို ကြည့်ပြီး ဦးသီဟကိုကိုကြီး မင်းထက်နဲ့ မေခတ္တာတို့က ဘာမှ မတတ်နိုင်တော့ပါ။

"ဟာကွာ အငယ်မကတော့ လုပ်ချလိုက်ရင် အရမ်းပဲ"

"ဒက်ဒီက မာမ့်ကို ချက်ချင်းကြီး လှမ်းခေါ်လိုက်တော့ သူလန့်သွားတာ ဖြစ်မှာပေါ့"

"မာမိ ကြမ်းမှာစိုးလို့ ဖြစ်မှာပေါ့ ဒက်ဒီ"

"သမီးငယ် စိတ်ချမ်းသာရစေမယ်လို့ ဒက်ဒီ ကတိပေးထားရက်နဲ့ကွာ"

အဲဒီအချိန်မှာပဲ ပျက်နေတဲ့စက်က နိုးလို့ရသွားရတော့သည်။

မင်းထက်က တမင်တကာ ခက်ဒီကို မေးလိုက်သည်။ မာမိုကို ကြိုဖို့ကလည်း ရှိနေတာမို့ ဝက်မလေးနောက်ကို ခက်ဒီ လိုက်နိုင်မည်မထင် လိုက်လို့လည်း မိမှာတဲ့လား။

ဦးသိဟကလည်း စဉ်းစားလိုက်သည် အခုမှ လိုက်လို့ရော ဘာထူးမှာတဲ့လဲ။ မိဘက လက်ထပ်ပေးဖို့ စိတ်ကူးနေတာကို အကဲမခတ်တတ်တဲ့ သမီးငယ်ကိုလည်း စိတ်ပဲဆိုးရမလား သနားပဲသနားရမလား မသိတော့။

ကိုယ့်မိသားစုတွေချည်းပဲ မဟုတ်ဘဲ တခြားအလုပ်သမားတွေပါ ရှိနေတာမို့ စိတ်ဆိုးတဲ့ ပုံစံနဲ့ ပြောရတော့သည်။

"တော်ပြီ ဒီလောက်မိုက်တဲ့ သမီး သူ့လမ်းသူ့ရွေးသွားတာ သွားပစေ မလိုက်တော့ဘူး၊ မင်းတို့ မာမိကိုပဲသွားကြိုမယ်"

"မာမိကတော့ စိတ်ဆိုးတော့မှာပဲနော်"

"စိတ်ဆိုးတော့ရော ဘာတတ်နိုင်မှာလဲ၊ ကဲကော့သော်င်းကို





ပဲ အမြန်ရောက်အောင် မောင်းတော့"

မေခတ္တာကတော့ အသာလေးပဲ ငြိမ်နေလိုက်မိတော့သည်။

ဆပ်သဖူး အခုလိုမျိုးကြီး လုပ်ချသွားတာ သူ့မပယောဂ မကင်းသလိုမျိုးကြီး ခံစားနေရတာကိုး။

ဆပ်သဖူးရဲ့ သတ္တိနဲ့ ပြတ်သားမှုကလည်း အံ့သြစရာ။

မေခတ္တာတို့ လှေက ကော့သောင်းသို့ အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်နေချိန်မှာ မေဆပ်သဖူးတို့ လှေကလေးကတော့ အနီးဆုံး ကျွန်းကလေး တစ်ကျွန်းဆီ ဦးတည်မောင်းနေတော့တာ။

ဖူးက ချစ်မိတဲ့ ကိုကို့ကို အားကိုးတကြီး ကြည့်နေမိတော့တာ။

အခုက စလို့ ဖူးဘဝကို ကိုကို့လက်ထဲ ဝကွက်အပ်လိုက်ရတော့မှာ။

ကိုကို မြတ်နိုးမှ ဖူးဘဝလေး ပျော်ရွှင်ရလိမ့်မည်။

ကိုကို ညာတာထောက်ထားမှ ဖူး ဘဝပြည့်စုံရလိမ့်မည်။

အခုအချိန်မှာ ကိုကိုသည်သာ ဖူး ဘဝရဲ့ အရေးအကြီးဆုံး

တန်ခိုးရှင်ဖြစ်သွားပြီ။

ဒါပေမဲ့ အမုန်းတွေကနေ ချက်ချင်းကြီး အချစ်တွေဆီ ပြောင်းလဲသွားပြီ "ကိုကို့ကို ချစ်ပါတယ်" လို့ ပြောလိုက်ရမှာကို တော့ ဖူးက ရှက်နေသေးတော့တာ။

ပြီးတော့ စောစောက တူပွမိုးရိပ်ပြီး ဖူးကို ခိုးပြေးဖို့တွက် ဖူးကိုယ်တိုင်ကပဲပြောခဲ့ တောင်းဆိုခဲ့မိတာကိုလည်း ဖူးက တွေးပြီး ရှက်ချင်မိသည်။

ဒါကြောင့်ပဲ နေပူပူ လေတိုက်တိုက်နဲ့ လေ့ထဲမှာ ဒူးကလေး ကို ပိုက်ပြီး ဖူးက တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေမိတော့သည်။

ဘယ်လောက်ကြာအောင် ငြိမ်သက်နေမိတယ် မသိ။ လှေရပ်သွားတော့မှပဲ ဖူးက ခေါင်းထောင်ကြည့်မိတော့တာ။

ဖူးမျက်စိရှေ့မှာ တွေ့ရတာက အံ့ဩစရာ ကောင်းလောက် အောင် သာယာလှပဲ့ ကျွန်းကလေးတစ်ကျွန်း ဖြစ်နေသည်။

သဲသောင်ဖွေးဖွေးတွေက အတန်းလိုက်၊ အုန်းပင်လေးတွေ က အစီအရီ။





ပင်လယ်ပျော်ငှက်ကလေးတွေကလည်း သဲသောင်စုံနဲ့ အုန်းပင်တွေဆီမှာ တက်လိုက်ဆင်းလိုက်နဲ့ သာယာတဲ့ တေးကို သီဆိုနေကြတော့တာ။

"အချစ်လေး"

ကိုကို့အသံက တုန်ခါ လှိုက်မောနေသည်။

ဖူးက ပြန်မထူးမိ။

"အချစ်ရယ် ကိုယ့်နောက်ကို ယုံယုံကြည်ကြည်နဲ့ လိုက် လာခဲ့တဲ့အတွက် ကျေးဇူးပါပဲဗျာ အဟွန်း... ဟွန်း"

ဖူးက ရင်တွေခုန်နေတာပဲ သိသည်။

ဖူးရင်ထဲကို အချစ်တွေ အလုံးလိုက်၊ အရင်းလိုက် တိုးဝင် နေကြတာကိုပဲ ခံစားလို့ရနေသည်။

"လာပါ အချစ်ရယ်"

ကိုကိုက လက်ကမ်းပေးသည်။

"လာပါဗျာ ဟိုမှာကြည့် ငှက်ကလေးတွေတောင် ချစ်တတ် လို့ ချစ်တေးတွေ သီနေကြတာ ကိုယ်တို့နှစ်ယောက်က ဘာကြောင့်



Book Sharing

Scanned by CamScanner

အမှန်ကို လက်ခံနေမလဲ၊ လာကွယ် ကိုယ်တို့လဲ ချစ်ဘေးသီရ အောင်နော်"

ကိုကို့အသံက ရှိုက်ရှိုက်သာသာ နူးနူးညံ့ညံ့။

ဖူးက ဘာမှမတွေးတော့ပဲ ကမ်းပေးနေတဲ့ ကိုကို့လက် ခိုင်ခိုင်မြဲမြဲတွဲခိုပြီး ကိုကို့ ရင်ခွင်ကျယ်ထဲကို တိုးဝင်ပစ်လိုက်တော့တာ။

အချစ်ကြောင့် လောကကြီးက နေချင်စဖွယ် သာယာလို့ပေါ့။

ပြီးပါပြီ။

ချစ်သူတိုင်းပျော်ရွှင် ချမ်းမြေ့ပါစေ

ပုလဲသီ



Book Sharing

Scanned by CamScanner